
တက္ကသိုလ်

# သိဟအောင်

## ဟာကွက်တစ်ကွက်



ပ + ၃
နှစ်အုပ်တွဲ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၅၀ / ၈၉ (၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၂၈ / ၈၉ (၅) |
| ထုတ်ဝေကာလ | ၁၉၈၉ ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်အုန်း (မြ - ၀၉၄၃)<br>မိုးမင်းစာပေ<br>အမှတ်(၉၃)၊ ရိပ်သာလမ်း၊ လေးထောင့်<br>သက်န်းကျွန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးသန်းဝင်း<br>ကျော်ပုံနှိပ်တိုက်<br>အမှတ်(၂၃၉)၊ ခေမာသီလမ်း၊<br>မြောက်ဥက္ကလာပ။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြ ၀၂၄၃၁)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ၊ ၁၁-လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


## တက္ကသိုလ်သီဟအောင်

# ဟာကွက်တစ်ကွက်

( ပ + ဒု - နှစ်အုပ်တွဲ )

# တက္ကသိုလ် သီဟအောင်

## ဟာကွက်တစ်ကွက်

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်လမ်း
တောင်ငူမြို့
ဖုန်း ၂၁၀၄၄

မိမိငှါးရမ်းသွားသောစာအုပ်
ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုးနှင့်တကွငှါးခရက်
အတွက်ပါပေးလျော်ရမည်။

## နောက်ဆုံးစကား

---

လေပွေ့ထမ်း တိုက်ခတ်လာလျှင် မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံလာ၏။

အရောင်အသွေးစုံလင်လှသော ပန်းပွင့်တို့သည် နံနက်ခင်းကြီးဆိုရင်း ငွားငွားစွင့်စွင့် ပွင့်ဖူးနေ၏။

ပျားပိတုန်း၊ လိပ်ပြာများသည်လည်း ပန်းဝတ်ရည်စုပ်ယူရန် ပျံဝဲနေကြ၏။

သာယာလှပနေသော ပန်းဥယျာဉ်ကြီးကိုကြည့်ရင်း ကွမ်းကျုံးခက်၏မျက်နှာ ပြုံးရွှင်နေ၏။

နံနက်ခင်း အချိန်တွင် ရွှင်လန်းသော စိတ်အစဉ်နှင့်အတူ ကဗျာတစ်ပုဒ်ရေးစပ်ရန် အသင့်ဖြစ်နေပါသည်။

ကွမ်းကျုံးခက်သည် ငယ်စဉ်ကပင် ကြီးပြင်းလာသော တစ်နေ့တွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော စာပေပညာရှင်တစ်ယောက်ဖြစ်လာရမည်ဟု သန္နိဋ္ဌာန်ချခဲ့၏။

စာပေပညာကို အပတ်တကုတ် ကြိုးစားလေ့လာခဲ့၏။

သို့သော်—

အကယ်တမ်း ဖြစ်လာသည်မှာ သိုင်းလောကသားဟူသော ဘဝဖြစ်နေ၏။ အကြောင်းအမျိုးမျိုးကြောင့် စာပေပညာရှင် ဖြစ်မလာဘဲ သိုင်းသမားတစ်ယောက် ဖြစ်လာခဲ့ရသည်ဟု ဆိုနိုင်၏။

ကွမ်းကျုံးခက်သည် ရှောက်ရှာဘဝတွင် အကျိုးရှိအောင် နေနိုင်ခဲ့သူလည်း ဖြစ်၏။

သိုင်းလောကတွင် အများအကျိုး၊ သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်သည့် အဖြူရောင်သိုင်းသမားအဖြစ် လူသိများ ထင်ရှားခဲ့လေ၏။

သိမ်မဏိလူသား ကွမ်းကျုံးခက်ဆိုလျှင် သိုင်းလောကသားတိုင်း ကြည်ညိုလေးစားကြ၏။ ချစ်ခင်ကြလေသည်။

ကွမ်းကျုံးခက်တစ်ယောက် သိုင်းလောကအဖို့ ထိုသို့လူရှိသော ရှင်ရှိသောဘဝ ရောက်လာရသည်မှာ ကျန်းဟို၏ကူညီပေးမှု၊ လက်တွဲခေါ်ဆောင်မှုကြောင့်ဆိုလျှင် မှားမည်မဟုတ်ပေ။



ကျန်းဟိုသည် လူထူးလူဆန်းတစ်ယောက်ဖြစ်သလို သိုင်းလောကကြီး၏ နံပါတ်တစ်သိုင်းသမားဟု ထင်ရှားသူဖြစ်လေသည်။

ကျန်းဟိုနှင့်ကွမ်းကျုံးခက်တို့သည် မိတ်ဆွေအဖြစ်ထက်ပိုပြီး ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြသူများဖြစ်ပေ၏။

ကွမ်းကျုံးခက်သည် ကျန်းဟို၏ ကျေးဇူးတရားကို ဘယ်သောအခါမှ မေ့နိုင်မည်မဟုတ်ပါ။

ထို့ကြောင့်လည်း စိတ်လိုလက်ရရှိ၍ ကဗျာရေးဖွဲ့လေတိုင်း ကျေးဇူးတရားနှင့် ပတ်သက်သော ကဗျာသာ ရေးစပ်သီကုံးမိသည်ဟု ဆိုနိုင်၏။

ယခု—

အာယာလှပသော ပန်းဥယျာဉ်ကြီးကို ငေးမောကြည့်ရင်း ကွမ်းကျုံးခက် တေးကဗျာ တစ်ပုဒ်စပ်ဆိုဖို့ အဆင်သင့်ရှိနေပြီ ဖြစ်သည်။

ထိုစဉ်—

အနှောင့်အယှက်တစ်ခု မမျှော်လင့်ဘဲ ပေါ်ပေါက်လာသည်။

ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူနှစ်ယောက်က ပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက်လာကြခြင်း ဖြစ်သည်။

သူတို့သည် ကွမ်းကျုံးခက်ကိုတွေ့မြင်သွားပြီး ခပ်သွက်သွက် လှမ်းလာကြ၏။

ထိုလူနှစ်ယောက်အား တွေ့ရသည်နှင့် ယနေ့အဖို့ ကဗျာစပ်ဆိုနိုင်တော့မည် မဟုတ်ကြောင်း ကွမ်းကျုံးခက် နားလည် သဘောပေါက်လိုက်လေတော့၏။

အဖြူရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူတစ်ယောက်နှင့် အပြာရောင်ဝတ်ဆင်ထားသူ တစ်ယောက်တို့သည် ကွမ်းကျုံးခက်ထံသို့ ဦးတည်ကာ ခပ်သွက်သွက်လှမ်းလာကြလေ၏။

ထိုလူနှစ်ယောက်အား ကွမ်းကျုံးခက်က ကောင်းစွာ သိထားပါသည်။

အဖြူရောင်ဝတ်ဆင်ထားသူမှာ ရွှေယပ်တောင်ယန်းဖုံး ဆိုသူ ဖြစ်သည်။

အပြာရောင် ဝတ်ဆင်ထားသူမှာမူ မင်းသားလေးတုရှောင်အင်း ဖြစ်သည်။



ရွှေယပ်တောင်ယန်းဖုံးနှင့် မင်းသားလေး တုရှောင်အင်းတို့သည် အများအကျိုး၊ သိုင်းလောကအကျိုး ဆယ်ပိုး ဆောင်ရွက်နေကြသော အဖြူရောင်သိုင်းသမားများ ဖြစ်ကြလေ၏။

သိုင်းလောက တစ်နံတစ်လျား ကျော်စောသည် ကျက်စားကာ ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းသမားများအား ဆုံးမနှိမ်နင်းနေကြသူများလည်း ဖြစ်သည်။

သူတို့သည် အမြဲလိုလို တိုက်ပွဲကိုဖွေရှာနေကြသူများ ဖြစ်ရကား သူတို့အားတွေ့ရသည်နှင့် ပြဿနာတစ်စုံတစ်ခု ပေါ်လာတတ်သည်ဟု ထင်ထင်ကြီးနေကြသူများလည်း ဖြစ်၏။

ရွှေယပ်တောင်ယန်းဖုံးနှင့် မင်းသားလေး တုရှောင်အင်းတို့သည် ကွမ်းကျုံးခက်၏ သွေးသောက်မိတ်ဆွေများလည်း ဖြစ်ကြလေ၏။

ကွမ်းကျုံးခက်သည် ရွှေယပ်တောင်ယန်းဖုံးတို့အား ပြုံးရွှင်သော မျက်နှာထားဖြင့် ဆီးကြိုနှုတ်ဆက်လိုက်၏။

'စောစောစီးစီး ဘယ်က ဘယ်လို မျက်စိလည်လာကြသလဲကွ'

ရွှေယပ်တောင်ယန်းဖုံးက....

'မျက်စိလည်လာတာမဟုတ်ဘူး၊ မင်းဆီကို တမင်လာခဲ့ကြတာ'

မင်းသားလေးတုရှောင်အင်းကလည်း...

'ဟုတ်တယ်...မင်းဆီကိုလာတာ၊ နေ့ခက်ကျသွားရင် မတွေ့မှာစိုးလို့ မိုးမလင်းခင်က ထလာခဲ့ကြတာကွ'

ဟု ပြောလေ၏။

ကွမ်းကျုံးခက်က—

'စောစောစီးစီး ထလာကြတယ်ဆိုတော့ အကြောင်းကိစ္စတစ်ခုခုရှိနေပြီထင်တယ် ဟုတ်လား'

ရွှေယပ်တောင်ယန်းဖုံးက—

'သိပ်သေချာတာပေါ့ကွာ'

'သိပ်ကိုအရေးကြီးတဲ့ကိစ္စကွ'

မင်းသားလေးတုရှောင်အင်းကလည်း ပြောလေ၏။

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွား၏။

ရွှေယပ်တောင်ယန်းဖုံးနှင့် မင်းသားလေးတုရှောင်အင်းတို့က အရေးကြီးသည်ဟုပြောလျှင် အမှန်တကယ် အရေးကြီးသည့် ကိစ္စတစ်ခုရှိနေပြီဖြစ်ကြောင်း ကွမ်းကျုံးခက် နားလည်လိုက်လေ၏။

ထို့ကြောင့်....

'ဘာကိစ္စမို့လဲ ပြောစမ်းပါဦး'



ဟု မေးလိုက်လေ၏။

ရွှေယပ်တောင်ယန်းဖုံးက...

'ဘာကိစ္စလဲဆိုတော့ အစ်ကိုကြီးကျွန်းဟိုပေါ့'

'အစ်ကိုကြီးကျွန်းဟို...ဟုတ်လား'

'ဟုတ်တယ်၊ သူ့ကြောင့်ပေါ့'

'နေပါဦး၊ အစ်ကိုကြီးကျွန်းဟိုက ဘာဖြစ်လို့လဲ'

ကွမ်းကျုံးခက် စိတ်ဝင်စားသွားသည်။

ရွှေယပ်တောင်ယန်းဖုံးတို့သည် အခြားသောပြဿနာတစ်စုံတစ်ခုကို သယ်ဆောင်လာကြခြင်းမဟုတ်ဘဲ ကျေးဇူးရှင်ကျွန်းဟိုအကြောင်း ပြောလာကြသဖြင့် အံ့သြခြင်းလည်းဖြစ်မိ၏။

ရွှေယပ်တောင်ယန်းဖုံးက—

'ဘာဖြစ်ရမလဲ၊ အစ်ကိုကြီးကျွန်းဟိုဟာ သိုင်းလောကက အနားယူတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီကွ'

'ဟေ...'

မမျှော်လင့်သောစကား ကြားလိုက်ရ၍ ကွမ်းကျုံးခက် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ရွှေယပ်တောင်ယန်းဖုံးအား မယုံကြည်နိုင်စွာကြည့်ရင်း—

'ဘာပြောတယ်ကွ၊ အစ်ကိုကြီးကျွန်းဟိုဟာ သိုင်းလောကက အနားယူဖို့ဆုံးဖြတ်လိုက်ပြီ ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်လိုဖြစ်ရတာလဲကွာ'

'အစ်ကိုကြီးဟာတိုက်ခိုက်အတ်ပုတ်နေရတဲ့သိုင်းလောကကို စိတ်ကုန်ပြီတဲ့၊ သူ့ရဲဇာတိချပ်ရွာဖြစ်တဲ့ မြောက်ပိုင်း တောင်တန်းဒေသကို ပြန်ပြီး အေးအေးဆေးဆေး ဇာတ်မြှုပ်နေလိုက်တော့မယ်တဲ့ကွ'

ကွမ်းကျုံးခက်က...

'မင်းဟာဇ သေချာရဲ့လားကွ'

ဟု မေးလိုက်သည်။

မင်းသားလေးတုရှောင်အင်းက ကြားဝင်ပြောလာသည်။

'သိပ်သေချာတာပေါ့ကွာ၊ အစ်ကိုကြီးကျွင်းဟိုက ဖွင့်ပြောခဲ့တာကွ'

ရွှေယပ်တောင်ယန်းပုံးက....

'မင်းကိုတွေ့ချင်တယ်လို့လဲ ပြောလိုက်တယ်'

ကွမ်းကျုံးခက်က...

'ဘယ်လိုဖြစ်တာလဲကွာ၊ အစ်ကိုကြီးဟာ ခုမှ အသက်လေးဆယ် ပြည့်ရုံရှိသေးတာ၊ တအယ်အရွယ်ကောင်းပဲ၊သိုင်း



လောကမှာဆိုရင်လဲ ပြိုင်ဘက်ကင်းတဲ့ နံပါတ်တစ် သိုင်းသမားအဖြစ်ရပ်တည်ထားတာ၊အစ်ကိုကြီးလိုလူမျိုးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အနားယူသွားမယ်ဆိုရင် သိုင်းလောကအတွက် နစ်နာမှုကြီးပဲ'

ဟု စိတ်မသက်မသာဖြင့် ညည်းညူလိုက်သည်။

သူတို့သည် ထန်တုန်းမြန်တုန်း သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ရန် အရွယ်ကောင်းတုန်း ဖြစ်ကြပေသည်။

သိုင်းလောကမှာ ရှုပ်ထွေးပွေလီလှပေသည်။

အနက်ရောင် သိုင်းသမားများ၊ ဒုစရိုက်သမားများသည် သိုင်းလောကကြီး ပျက်စီးရာပျက်စီးကြောင်းကို အမြဲဘဲ လျှို့ဝှက်စွာ ကြံစည်နေကြလေ့ရှိသည်။

အဖြူရောင်သိုင်းသမားများက ပြတ်ပြတ်သားသားနှိမ်နင်းထားခြင်းကြောင့်သာလျှင် ခေါင်းမထောင်ဝံ့ကြခြင်း ဖြစ်၏။

ရည်သို့ဆိုစေ အခွင့်အရေးရလာသည်နှင့် တစ်စခန်းထလာကြမည်မှာ ထင်ရှားလှ၏။

သိုင်းပညာပြိုင်ဘက်ကင်းပြီး သိုင်းလောကအကျိုး/အများအကျိုး ဆောင်ရွက်နေသည့် ကျွန်းဟိုကဲ့သို့ လူစားမျိုး တစ်ယောက် သိုင်းလောကအားကျောခိုင်းစွန့်ခွာသွားမည်ဆိုလျှင် အနက်ရောင်သိုင်းသမားများ ဝမ်းသာအားရ လက်ခမောင်းခတ်ကြမည်ဖြစ်ပေ၏။

တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးကို လိုလားကြသော အဖြူရောင်သိုင်းအမျိုးအမျိုးအတွက်ကား အစားထိုး မရနိုင်သည့် နစ်နာဆုံးရှုံးမှုကြီး ဖြစ်ပေတော့သည်။

ကျန်းဟို၊ ကွမ်းကျုံးခက်၊ ထန်းဖုံးနှင့် တုရှောင်အင်း တို့သည် အသက်သုံးဆယ်ကျော် လေးဆယ်အတွင်းသာ ရှိကြသေးသဖြင့် သိုင်းလောကအကျိုးကို နှစ်ပေါင်းများစွာ ရှေ့ဆက် ဆောင်ရွက်နိုင်ကြဦးမည် ဖြစ်ပါသည်။

ကျန်းဟိုသည် ဖယ်ဖယ်ရှယ်ရှယ်နှင့် သိုင်းလောကမှ အနားယူရန် အဘယ်ကြောင့် ဆုံးဖြတ်လိုက်ရပါသနည်း။

ရွှေယပ်တောင်ယန်းဖုံးက—

'ကွမ်းကျုံးခက်…မင်းဟာ အစ်ကိုကြီးကျန်းဟိုနဲ့အရင်းနှီးဆုံးပဲ၊ ဒါကြောင့် မင်းဆီကို ငါတို့လာခဲ့ကြတာ'

'ဟုတ်တယ်ကွ၊ အစ်ကိုကြီးကျန်းဟိုကို ဖျောင်းဖျပြောဆိုနိုင်တာ မင်းတစ်ယောက်ပဲရှိတယ်၊ အစ်ကိုကြီးဟာ မင်းအပေါ်မှာ ဇော်ဇော်သံယောဇဉ်ရှိတာ၊ မင်းပြောရင်ရမယ်လို့ ငါတို့တွေးမိတယ်လေကွာ'

ဟု ပြောလေ၏။

ကွမ်းကျုံးခက် ဆက်ပြင်းချလိုက်၏။

ကျန်းဟိုသည် သူ့အား ညီအရင်းတစ်ယောက်သဖွယ် ချစ်ခင် တွယ်တာသည်မှာ အမှန်ဖြစ်ပါသည်။



သို့သော်လည်း ဆုံးဖြတ်ပြီးလျှင် ပြန်ပြင်တတ်သောလူစားမျိုး မဟုတ်ကြောင်း နားလည်ထား၍ ကွမ်းကျုံးခက်ရင်မောနေရ၏။

ရွှေယပ်တောင် ယန်းဖုံးနှင့် မင်းသားလေး တုရှောင်အင်းတို့က…

'အစ်ကိုကြီးလဲ မင်းကို မေးနေတယ်၊ မင်း သွားတွေ့ပြီး ဖျောင်းဖျပြောဆိုရင် ကောင်းမယ်ကွ'

'မင်းပြောရင် အစ်ကိုကြီးလက်ခံမှာပါကွာ'

ဟု တိုက်တွန်းလာကြလေ၏။

ကွမ်းကျုံးခက်က—

'ကောင်းပြီလေ၊ ငါကြိုးစားကြည့်ပါမယ်'

ဟု ကတိပြုလိုက်၏။

စေးကဗျာ ရေးဖွဲ့သီကုံးပို့ မဖြစ်နိုင်တော့ပါ။

ထင်ရှားသော စာပေပညာရှင်ဘင်ကို ဘယ်သောအခါမှ ရောက်လာနိုင်တော့မည် မဟုတ်ပါ။

ကွမ်းကျုံးခက်သည် ကျန်းဟိုနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေ၏။

ကျင်းမြို့စား

လမ်းပေါ်တွင် အရောင်အသွေးစုံလင်စွာ ဝတ်ထားကြသူများ ဥဒဟို သွားလာနေကြပါသည်။

ကွမ်းကျုံးခက်သည် မင်းလမ်းမကြီးအတိုင်း ခပ်သွက်သွက် လှမ်းလာရင်း လမ်းကြားလေးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်လိုက်၏။

ထိုလမ်းကြားကလေးအတိုင်း ဆက်၍ လျှောက်သွားရာ အတန်ကြာလျှင် သစ်တော်သီးပင်များစိုက်ပျိုးထားသည့် ခြံဝင်းကြီးတစ်ခုရှေ့သို့ ရောက်သွား၏။

ခြံဝင်းအတွင်း၌ အိမ်အိုဟောင်းကြီးတစ်လုံးရှိနေပါသည်။

ကွမ်းကျုံးခက်သည် ဟာလာဟင်းလင်းဖွင့်ထားသော ခြံဝင်းတံခါးမှတစ်ဆင့် လှမ်းဝင်ရန်ဟန်ပြင်လိုက်စဉ်...



'ခွပ်...ခွပ်...ခွပ်'

မြင်းခွာသံများထွက်ပေါ်လာပြီး လှပစွာတန်ဆာဆင်ထားသော မြင်းလှည်းတစ်စီးသည် ခြံဝင်းအတွင်းမှ မောင်းနှင်ထွက်ခွာလာသည်ကို တွေ့လိုက်ရလေ၏။

မြင်းလှည်းမောင်းသူမှာ ငွေရောင်တဖိတ်ဖိတ်တောက်ပနေသော အဖိုးတန်အဝတ်အစားများ ဝတ်ဆင်ထားကာ ကွမ်းကျုံးခက်ကို အမှုမထားဘဲ မြင်းလှည်းကိုသာ ဂရုတစိုက် မောင်းနှင်သွားလေ၏။

မြင်းလှည်းပေါ်၌ စိုက်ထူထားသော တြိဂံအလံရှေးမှာ တလူလူလွင့်နေပါ၏။

အလံပေါ်တွင် 'ကျင်း'ဟူသော စာလုံးတစ်လုံး ရေးထားသည်။

ကျင်းမြို့စားကြီး စီးနင်းလိုက်ပါသောသည့် မြင်းလှည်းဖြစ်ကြောင်း ဖော်ပြထားသော အလံလေးဖြစ်ပါ၏။

ကွမ်းကျုံးခက်သည် သူ့အားဖြတ်ကျော်သွားသော မြင်းလှည်းကို အမင်လည်ပြန်လှည့်ကာ မျက်စိတဆုံး ကြည့်နေလိုက်သည်။

မြင်းလှည်း မြင်းကွင်းအတွင်းမှ ပျောက်ကွယ်သွားလေတော့မှ...

'အင်း—ကျောင်းမြို့စားကြီးကတော့ သိုင်းပညာနဲ့ ပတ်သက်လာရင် အတော်ကို လေးစားစရာကောင်းတဲ့ လူတစ်ယောက်ပါပဲ'

ဟု တီးတိုး ရေရွတ်လိုက်လေ၏။

ကျောင်းမြို့စား—

ကျောင်းမြို့စားသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သူ ဖြစ်၏။

ကျန်းဟို သိုင်းလောကသို့ ခြေမချမီက သိုင်းလောက၏ နံပါတ်တစ်ဘွဲ့ထူးကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။

ကျန်းဟို သိုင်းလောကသို့ရောက်လာတော့မှ နံပါတ်တစ်ပထမဘွဲ့ထူးအား လွှဲပေးလိုက်ရခြင်းဖြစ်သည်။

ကျောင်းမြို့စားထက် ပိုပြီး သိုင်းပညာစတော်သူဟူ၍ သိုင်းလောက၌ ကျန်းဟိုတစ်ယောက်သာလျှင် ရှိသေး၏။

နှစ်ပေါင်းသုံးဆယ်လုံးလုံး ပထမဘွဲ့ကိုပိုင်ဆိုင်ထားနိုင်ခဲ့ပြီး ကျန်းဟို ပေါ်ပေါက်လာတော့မှ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ပေသည်။

သို့သော်....

ကျောင်းမြို့စားနှင့် ကျန်းဟိုတို့ အခင်မင်မပျက်ကြချေ။

ကျောင်းမြို့စားသည် ကြုံလျှင်ကြုံသလို ကျန်းဟိုထံသို့ လာရောက် လည်ပတ်ကာ သိုင်းပညာနှင့်ပတ်သက်ပြီး ဆွေးနွေးဖလှယ်လေ့ရှိပေသည်။



ကျောင်းမြို့စားသည် လည်းကောင်း၊ ကျန်းဟိုသည် လည်းကောင်း သိုင်းပညာသည် သူတို့၏ ဘဝ၊ သူတို့၏ အသက်ဟု ခံယူထားကြသူများ ဖြစ်ပါသည်။

သိုင်းပညာနှင့် ပတ်သက်လာလျှင် အရှုံးအနိုင်ဖြစ်လေ့ရှိရကား ခင်ပင်ရင်းနှီးသောမိတ်ဆွေများဖြစ်ကာ ကြုံလျှင် ကြုံသလို သိုင်းပညာဆွေးနွေးဖလှယ်ကြသည်မှာ မထူးဆန်းတော့ချေ။

ယခုလည်း ကျောင်းမြို့စားသည် ကျန်းဟိုထံသို့ လာရောက်လည်ပတ်ကာ သိုင်းပညာ ဆွေးနွေးဖလှယ်ခဲ့ခြင်းဖြစ်ကြောင်း ကွမ်းကျုံးခက် ဆင်ခြင်မိလေ၏။

ဤသစ်တောင်ပင်များ စိုက်ပျိုးထားသည့် ခြံဝင်းကြီးနှင့် အိမ်အိုဟောင်းကြီးသည် ကျန်းဟို၏ ဘုံဗိမာန် ပင် မဟုတ်ပါလား။

ကွမ်းကျုံးခက်သည် အိမ်အိုဟောင်းကြီးဆီသို့ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

အိမ်ရှေ့သို့ရောက်သွားလျှင် ကျန်းဟိုက အဆင်သင့်စောင့်ကြိုနေသည်ကို တွေ့လိုက်ရ၏။

'အစ်ကိုကြီး'

ကွမ်းကျုံးခက်က အလေးတကြီးခေါ်လိုက်သည်နှင့် ကျန်းဟိုသည် တစ်ချက်ပြုံးလိုက်ပြီး—

'ငါ့ဆီကို မင်း ဒုန်းစိုင်းပေါက်ချလာတော့မယ်လို့ ငါထင်ထားပဲ၊ ကဲ…လာ လာ…အိမ်ထဲဝင်'

ဟု ဖိတ်ခေါ်ကာ အိမ်ထဲသို့ဦးဆောင်ဝင်သွားလေ၏။

ကွမ်းကျုံးခက်လည်း လိုက်သွား၏။

ဧည့်ခန်းအတွင်းသို့ ရောက်သွားကြလျှင်—
'ညီလေးခဏနေဦးနော်'

ဟု ပြောကာ ကျွန်းဟိုက အတွင်းဘက်အခန်းတစ်ခုသို့ ဝင်သွား၏။

ကွမ်းကျုံးခက် ကြာကြာမစောင့်လိုက်ရပါ။

ကျွန်းဟိုသည် ကျွန်းသေတ္တာငယ်လေးတစ်ခုကို ကိုင်ကာ ပြန်ရောက်လာ၏။

ကျွန်းသေတ္တာလေးကိုစားပွဲပေါ်တင်ထားလိုက်ပြီး ကွမ်းကျုံးခက်နှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်၏။

ကွမ်းကျုံးခက်သည် ဘာမှမပြောသေးဘဲ ကျွန်းဟိုလုပ်သမျှကို အကဲခတ်ကြည့်နေပါ၏။

ကျွန်းဟိုသည် ခန္ဓာကိုယ်ပိန်ပိန်ပါးပါး နှစ်လိုဖွယ်ကောင်းသော ရုပ်သွင်ရှိ၏။

အညိုရောင်ဖျော့ကြမ်းဖြင့် ချုပ်ထားသည့် အင်္ကျီရှည်ဝတ်ဆင်ထား၏။



သူ၏အသွင်သည် သာမန်လူကြားထဲက လူတစ်ယောက်နှင့် ဘာမှမခြားပေ။

သိုင်းလောက ပထမတွဲရှိ သိုင်းသမားဟူသော ဂုဏ်ဒြပ်စည် ကျွန်းဟိုနှင့် လားလားမျှ မသက်ဆိုင်သကဲ့သို့ရှိနေ၏။

ကျွန်းဟိုသည် မောက်မာဝင့်ကြွားခြင်းမရှိ၊ ပကတိရိုးရိုးသားသား အေးအေးချမ်းချမ်းနေတတ်သူတစ်ယောက် ဖြစ်သည်တကား။

ကွမ်းကျုံးခက် အကဲခတ်ကြည့်နေစဉ် ကျွန်းဟိုက ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေးရင်း—

'ရော့— သောက်လိုက်ဦး၊ မင်း အလောတကြီးလာခဲ့ရလို့ မောနေလိမ့်မယ်'

ဟု ပြောလေသည်။

ကွမ်းကျုံးခက်က—
'ကျေးဇူးပဲ အစ်ကိုကြီး'

ရေနွေးကြမ်းခွက်ကိုယူကာ သောက်လိုက်လေသည်။

ကျွန်းဟိုက—

'ညီလေး… ယန်းဖုံးတို့နဲ့တွေ့ပြီးပြီမဟုတ်လား'
ဟု မေးလာလေသည်။

ကွမ်းကျုံးခက်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ အစ်ကိုကြီး၊ သူတို့က အစ်ကိုကြီးဟာ သိုင်းလောကက အနားယူဖို့ဆုံးဖြတ်လိုက်ပြီလို့ လာပြောကြတာပဲ

ကျန်းဟို ပြုံးလိုက်သည်။

'ဒါ အမှန်ပဲညီလေး'

ကွမ်းကျုံးခက်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ကျန်းဟိုကို နားမလည်နိုင်စွာကြည့်ရင်း—
'အစ်ကိုကြီး ဘာကြောင့်များ ဒီလိုဆုံးဖြတ်ရတာလဲဗျာ

မအောင့်အည်းနိုင်တော့ဘဲ မေးလိုက်သည်။
ကျန်းဟို အပြုံးမပျက်ပါ။

'အချိန်တန်လို့ဆိုရမှာပေါ့ ညီလေးရာ'
'အချိန်တန်လို့ ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်အတွက် သိုင်းလောကက အနားယူဖို့ အချိန်တန်ပြီလို့ နားလည်သဘောပေါက်ထားတယ်လေ'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'အစ်ကိုကြီး ပြောတာ အဓိပ္ပာယ်မရှိပါဘူး၊ သိုင်းလော အကျိုး၊ အများအကျိုးဆောင်ရွက်ဖို့ အစ်ကိုကြီးမှာ စွမ်းရည် တွေ အများကြီးရှိပါသေးတယ်၊ နောက် နှစ်ပေါင်း လေ ဆယ်မက သိုင်းလောကအကျိုး ဆောင်ရွက်နိုင်ပါသေးတ ဗျာ'



ကျန်းဟိုက—
'ဒါက ညီလေးအထင်ကိုး'

'ဗျာ'

'ကျုပ်ကတော့ သိုင်းလောကကို စိတ်ကုန်သွားပြီလေ'

'အစ်ကိုကြီး—အစ်ကိုကြီး ဘယ်လိုပြောလိုက်တာလဲဗျာ'

ကွမ်းကျုံးခက် အားမလိုအားမရ ဖြစ်နေသည်။
ကျန်းဟိုက တည်ကြည်သောမျက်နှာထားဖြင့်—

'ကျုပ်ဟာ သိုင်းပညာယှဉ်ပြိုင်မှုတွေ၊ တိုက်ပွဲတွေကို စိတ်ကုန်နေပါပြီဗျာ'

ဟု ပြောလေသည်။

ကွမ်းကျုံးခက်က....

'အစ်ကိုကြီး သေသေချာချာ ပြန်စဉ်းစားပါဦး၊ အစ်ကိုကြီးလို လူစားမျိုးတစ်ယောက်က သိုင်းလောကကို ကျောခိုင်းသွားမယ်ဆိုရင်—'

သူ၏စကားမဆုံးမီ ကျန်းဟိုက ကြားဖြတ်ပြောလိုက်သည်။

'ကျုပ် မြောက်ပိုင်းဒေသက ထွက်မလာခင်ကတည်းက သိုင်းလောကဆိုတာ ရှိပြီးသားပါ၊ ကျုပ် မြောက်ပိုင်းကို ပြန်သွားရင်လဲပဲ သိုင်းလောကဆိုတာ ရှိနေဦးမှာပါပဲ၊ ကျုပ် အတွက်နဲ့ သိုင်းလောကကြီး ပျက်စီး ပျောက်ကွယ်သွားရမယ် ဆိုတာ အဓိပ္ပာယ်မရှိပါဘူး၊ ကျုပ်မရှိလို့ မဖြစ်ဘူးဆိုတာကို

လက်မခံနိုင်ပါဘူးကွာ၊ သိုင်းလောကဟာ ကျုပ်တစ်ယော
တည်းအတွက်မှ မဟုတ်ဘဲ'

ကွမ်းကျုံးခက်က....

'အစ်ကိုကြီးရှိတော့ရင် အနက်ရောင် သိုင်းသမား
လက်ခမေအင်းတော်ကြီးလိမ့်မယ်အိုတာကော ထည့်မတွက်
ဘူးလားဟင်'

ကျန်းဟိုက....

'သိုင်းလောကဟာ ကျုပ်တစ်ယောက်တည်းအတွက်မဟု
ဘူးလို့ ပြောပြီးပြီလေ၊ ကျုပ်မရှိပေမယ့် ညီလေးတို့ရှိနေ
ဦးမှာပဲ မဟုတ်လား'

ကွမ်းကျုံးခက် မည်သို့ ပြောရမှန်းမသိ ဖြစ်သွား
တော့သည်။

ကျန်းဟိုက....

'ညီလေးတို့၊ ယန်ဖုံးတို့၊ တုရှောင်အင်းတို့ ရှိနေကြ
တာပဲ၊ မတရားတာလုပ်ရင် ဆုံးမခံရမယ်ဆိုတာ သိကြမှာပေ
တော်တန်ရုံ ခေါင်းဆောင်ရှိတော့မှာ မဟုတ်ဘူး၊ သိပ်
စိတ်ပူမနေပါနဲ့ကွာ၊ ညီလေးတို့ကိုတွေ့ချင်တာယ်ဆိုတာက အခ
ကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ကွ'

ကွမ်းကျုံးခက်က....

'ဘယ်လိုကိစ္စများလဲ အစ်ကိုကြီး'



ကျန်းဟိုက....

'အခြားအောင့်မဟုတ်ဘူး၊ ကျုပ် သိုင်းလောကကို ကျော
ခိုင်းလိုက်တဲ့အချိန်မှာ ညီလေးအတွက် အမှတ်တရပစ္စည်းတစ်ခု
ပေးသွားချင်လို့၊ ဒါလဲ အရေးကြီးတဲ့ကိစ္စပဲ မဟုတ်လားကွာ'

ကွမ်းကျုံးခက်သည် ထက်ပြင်းချလိုက်သည်။

ကျန်းဟိုသည် ဆုံးဖြတ်ပြီး၍ဖြစ်ရာ မည်သို့မျှ ပြောင်းဖျ၍
ရနိုင်တော့မည် မဟုတ်ပါချေ။

သူ၏ရင်ထဲ ဟာနေသည်။

ခြေတစ်ဖက် လက်အစ်ဖက် ဆုံးရှုံးသွားသလို ခံစားချက်
မျိုးသာ က မိဘဆရာသမား သေဆုံးသွားသည့် ခံစားချက်
မျိုးပါ ဖြစ်ပေါ်နေသည်။

ကွမ်းကျုံးခက်ကငေငိုင်နေပါသော်လည်း ကျန်းဟိုကား
ပကတိ တည်ငြိမ်လျက်ပင် ရှိနေပါသည်။

စားပွဲပေါ်မှယွန်းသေတ္တာလေးကို ကွမ်းကျုံးခက်ဘက်သို့
တွန်းပေးလိုက်ပြီး....

'ဒီယွန်းသေတ္တာလေးကို ငါ့ညီအတွက် လက်ဆောင်ပေးခဲ့
တာပဲ၊ ကျုပ် တီထွင်ထားတဲ့ မိုးမြေလက်ဝါး သိုင်းကျမ်း
ပါတယ်'

ဟု ပြောလေသည်။

ကွမ်းကျုံးခက် ပိုပြီးအံ့သြသွားရသည်။

'မိုး—မိုးမြေအက်စ ါးသိုင်းကျမ်း ဟုတ်လား အစ်ကိုကြီး' ထစ်ထစ်ငေါ့ငေါ့ မေးလိုက်မိသည်။

မိုးမြေလက်ဝ ါးသိုင်းကျမ်း။

မိုးမြေအက်ဝ ါးသိုင်းကျမ်းသည် ကျန်းဟိုအား သိုင်းခေလာကတွင် ပထမဆုံရစေခဲ့သည့် သိုင်းကျမ်းဖြစ်ကြောင်း ကွမ်းကျုံးခက် နားလည်ပါသည်။

ထို ထူးဆန်းထက်မြက်သော မိုးမြေအက်ဝ ါး သိုင်းကွက်များဖြင့် ကျန်းဟိုသည် ကျင်းမြို့စားအား အလွယ်တကူအနိုင်ယူကာ သိုင်းလောကပထမဘွဲ့ကို ရရှိခဲ့သည်မဟုတ်ပါလား။

ကျော်ကြားမှုကို မက်မောကြသည့် သိုင်းလောကသားများသည် ကျန်းဟို၏ မိုးမြေအက်ဝ ါး သိုင်းကျမ်းကို လေ့လာလိုသည့် အာသာငမ်းငမ်း ရှိနေကြပေသည်။

အဖိုးမဖြတ်နိုင်သည့် ပစ္စည်းအစ်ခုကို လက်ဆောင်ပေးလာသောအခါ ကွမ်းကျုံးခက် မယုံကြည်နိုင်အောင်ပင် ဖြစ်နေရပါသည်။

ကျန်းဟိုက—

'ကျုပ်အတွက် မလိုအပ်တော့ဘူးလေ၊ ဒါကြောင့် ညီလေးကို လက်ဆောင်ပေးမယ်လို့ ဆုံးဖြတ်လိုက်တာပေါ့'

ဟု ပြောလာသည်။



ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'ဟာ—ဒီလောက်အဖိုးတန်တဲ့ပစ္စည်းကို ကျွန်တော်မယူပါရစေနဲ့ဗျာ'

ဟုလည်း ငြင်းဆန်လိုက်သည်။

ကျန်းဟိုက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျုပ်က တကယ့် စေတနာမေတ္တာအရင်းခံနဲ့ ပေးတာမို့ ညီလေး လက်ခံစေချင်တယ်'

'အစ်ကိုကြီး....ကျွန်....ကျွန်တော့်'

ကွမ်းကျုံးခက် စကား၊ ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ ဆက်မပြောနိုင်တော့ချေ။

ကျန်းဟို ပြုံးလိုက်သည်။

'ညီလေးအနေနဲ့ မိုးမြေလက်ဝ ါး သိုင်းကျမ်းကိုလက်ခံပြီး လေ့ကျင့်ထားမယ်ဆိုရင် သိုင်းလောကအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်တဲ့အခါမှာ အောင်မြင်မှုတွေ ရနိုင်တာပေါ့ကွယ်၊ ပြီးတော့ ကျုပ်လဲ ညီလေးနဲ့ အတူတူရှိနေတဲ့ သဘောသက်ရောက်လိမ့်မယ်မဟုတ်လား'

ကွမ်းကျုံးခက် မအတီတာတော့ပါ။

သူက ဆက်ပြီးငြင်းဆန်လိုက်လျှင် ကျန်းဟိုစိတ်မကောင်းဖြစ်သွားနိုင်ပေသည်။

ထို့ကြောင့်....
'ကောင်းပါပြီဗျာ၊ ကျွန်တော်လိုက်ခဲ့ပါ့မယ်'
ဟု ပြောလိုက်ရတော့သည်။

ကျန်းဟို ကျေနပ်သွားသည်။

'ညီလေးဆက်ခံပြီဆိုရင် မိုးမြေလက်ဝါး သိုင်းကျမ်းနဲ့ပတ်သက်ပြီး နားလည်သွားအောင်အစေ့လာတဲ့အခါ ရှင်းလင်းလွယ်ကူသွားအောင်ကျုပ်ပြောပြမယ်၊ ခုသေချာချာ နားထောင်နော်'

ကွမ်းကျုံးခက် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ အစ်ကိုကြီး'

ကျန်းဟိုက—

'ကျုပ်ဟာမြောက်ပိုင်းဒေသမှာ နေခဲ့စဉ်က သိုင်းပညာဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာတောင် မသိခဲ့ဘူးတဲ့ လူတစ်ယောက်ပေါ့၊ ကျုပ်အရွယ်ရောက်လာတော့ ကျုပ်ရဲ့အဖေနဲ့အတူ တောတောင်ထဲမှာအမဲလိုက်တယ်၊ ဆေးဖက်ဝင် သစ်သီး သစ်ဥတူးတယ်၊ ဒီလိုနဲ့ အသက်မွေးဝမ်းကျောင်း ပြုခဲ့တာပေါ့'

မြောက်ပိုင်းတောင်တန်းဒေသသည် အစဉ်အမြဲ နှင်းဖုံးနေသောဒေသဖြစ်၏။



မြင့်မားသောတောင်ကြီးများ၊ နက်ရှိုင်းသော တောအုပ်ကြီးများပေါများလှသလို သားရဲတိရစ္ဆာန်များလည်း ပေါများလှသည်။

မြင်ဖူးသူများသည် မြောက်ပိုင်းတောင်တန်းဒေသ၌ နေထိုင်ကြသူများ၏ဘဝကား ခက်ထန်ကြမ်းတမ်းလှသည်ဟု ပြောစမှတ်ပြုကြလေ၏။

ကျန်းဟိုက ဆက်ပြောလေသည်။

'တစ်နေ့ ကျုပ်နဲ့အဖေနဲ့အတူ အမဲလိုက်သွားရင်း မမျှော်လင့်ဘဲ လိုဏ်ဂူကြီးတစ်ခုကိုတွေ့ခဲ့ရတယ်၊ လိုဏ်ဂူထဲကို ဝင်ကြည့်တော့ အရိုးစုတစ်ခုနဲ့အတူ မိုးမြေလက်ဝါး သိုင်းကျမ်းကို တွေ့ခဲ့ရတာ နှစ်ပရိစ္ဆေဒကြာလို့ဖြစ်မယ်၊ မိုးမြေသိုင်းကျမ်းဟာ ဝါကျင့်ကျင့်အရောင် ပြောင်းနေပြီလေ၊ စာတွေဟာလဲ ဆွေးမြည့်နေပြီ၊ ကျုပ်ရဲ့အဖေက ဗဟုသုတရှိတဲ့လူတစ်ယောက်ဆိုတော့ မိုးမြေလက်ဝါးသိုင်းကျမ်းဟာ အဖိုးတန်လိမ့်မယ်လို့ တွေးပြီး ဂရုတစိုက်နဲ့အိမ်ကိုသယ်ယူသွားခဲ့တယ်၊ ဂူထဲကအရိုးစုကိုလဲ မြေမြှုပ်ပေးလိုက်တယ်'

သို့ဖြင့် မိုးမြေလက်ဝါးသိုင်းကျမ်းကို သယ်ဆောင်သွားကြပြီး အိမ်ရောက်လျှင် စာရေးစက္ကူများ၊ မင်တံများအသုံးပြု ပြန်လည်ကူးယူခဲ့ကြကြောင်း၊ ထိုအခါ၌ နားလည်လာအောင် အကြိမ်ကြိမ်ဖတ်ရှုလေ့လာပြီး လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း၊ မိုးမြေလက်ဝါးသိုင်းကျမ်းကို လေ့လာတတ်မြောက်

ပြီးသွားချိန်ဝယ် ဖခင်ဖြစ်သူမှာ ရောဂါဝေဒနာတစ်ခု စွဲကပ်ကာ သေဆုံးသွားခဲ့ကြောင်း၊ သူသည်လည်း စိတ်လေကာ ခြေဦးတည့်ရာ သွားလာခဲ့ရာမှ သိုင်းလောကသို့ ရောက်လာခဲ့ကြောင်း ရှင်းပြလေ၏။

'မိုးမြေလက်ဝါး သိုင်းကျမ်းမူရင်းဟာ ဟောင်းနွမ်းဆွေးမြည့်နေပြီမို့ ကျုပ်က ကူးယူပြီးတဲ့အခါမှာ လုံးဝပျက်စီးသွားခဲ့တာပေါ့၊ ညီလေးကိုလက်ဆောင်ပေးမှာက ကျုပ်ကိုယ်တိုင် ကူးယူခဲ့ပြီးလေ့ကျင့်တဲ့ သိုင်းကျမ်းပဲကွ'

ကျန်းဟိုက ကွမ်းကျုံးခက်ကိုကြည့်လိုက်ပြီး...

'ငါ့ညီ လေ့လာလို့လွယ်ကူအောင်'

ဟုဆိုကာ ယွန်းသေတ္တာလေးကို ဖွင့်လိုက်ပြီး အဝါရောင် အဖုံးဖြင့်ချုပ်ထားသည့် မိုးမြေလက်ဝါးသိုင်းကျမ်းကို ထုတ်ယူလိုက်၏။

တစ်ဖန်...

မိုးမြေလက်ဝါးသိုင်းကျမ်းအား မည်သို့မည်ပုံ လေ့လာဖတ်ရှုရမည်ဆိုသည်ကိုလည်းကောင်း၊ လေ့ကျင့်ပုံကိုလည်း ရှင်းလင်း ပြောပြ၏။

သူ၏ အကောင်းဆုံးသိုင်းပညာကို မချွင်းမချန် လွှဲပေးနေသည်ဖြစ်ရကား ကွမ်းကျုံးခက်၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။



'ကဲ....ငါ့ညီ သေသေချာချာသိမ်းထား၊ ပြီးတော့ လေ့လာပေတော့'

မိုးမြေလက်ဝါးသိုင်းကျမ်းကို အပြီးအပိုင် လွှဲပြောင်းပေးလိုက်တော့၏။

ကွမ်းကျုံးခက်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

'အစ်ကိုကြီးရဲ့ကျေးဇူးကို ကျုပ်ဘယ်တော့မှ မမေ့ပါဘူးဗျာ'

ဟု ပြောလိုက်၏။

ကျန်းဟိုက—

'ကိစ္စမရှိပါဘူးကွာ၊ ကျုပ် မြောက်ဘက်ဒေသကို ယူသွားလို့လဲ ထူးမှာမှမဟုတ်တာ၊ ညီလေးကို လက်ဆောင်ကမ်းပေးလိုက်ရင် သိုင်းလောကအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်ရာမှာ တစ်စိတ်တစ်ဒေသတော့ အထောက်အကူပြုနိုင်မယ်မဟုတ်လား'

ကွမ်းကျုံးခက်က....

'တစ်စိတ်တစ်ဒေသမဟုတ်ပါဘူး အစ်ကိုကြီးရာ၊ အများကြီး အထောက်အကူပြုမှာပါ၊ ကျုပ်ဟာ မကောင်းသူပယ်မယ်၊ ကောင်းသူကယ်တဲ့နေရာမှာပဲ မိုးမြေလက်ဝါးသိုင်းကျမ်းကို အသုံးပြုမယ်လို့ ကတိပေးပါတယ်ဗျာ'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

ကျွန်းဟိုက—

'အင်း—ငါ့ညီကို နောက်ဆုံးအခနနဲ့ သတိပေးစရာတစ်ခုရှိသေးတယ်'

ကွမ်းကျုံးခက်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ ပြောပါအစ်ကိုကြီး'

ကျွန်းဟိုက—

'ငါ့ညီ မိုးမြေလက်ဝါးသိုင်းကျမ်းကို လေ့ကျင့်မယ်ဆိုရင် ကျုပ်မရှိတော့တဲ့နောက်ပိုင်းမှာ ငါ့ညီအထူးသတိထားရမှာက ကျင်းမြို့စားပဲဖြစ်လိမ့်မယ်'

ကွမ်းကျုံးခက် ပြုံးလိုက်မိ၏။

ကျင်းမြို့စားသည် သိုင်းပညာနှင့်ပတ်သက်လာပါက အိပ်မပျော်၊ စားမဝင်နိုင်သူမို့ ကျွန်းဟိုမရှိတော့လျှင် မိမိအား ကျွန်းဟို၏သိုင်းပညာကို လက်ဆင့်ကမ်း ခံယူသွားမှန်းသိလျှင် မိမိထံသို့လာပြီး သိုင်းပညာဆွေးနွေးဖလှယ်လိမ့်မည်ကို ကျွန်းဟိုက ကြိုတင်ရိပ်မိကာ ပြောဆိုခြင်းဖြစ်ရမည်ဟု နားလည်လိုက်ပေသည်။

ကျွန်းဟို၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

'ကျုပ်စကားကို လေးလေးနက်နက် နားထောင်ပါ၊ မလိုအပ်ဘဲ မိုးမြေလက်ဝါးသိုင်းပညာကို ဘယ်တော့မှထုတ်မသုံး



စေနဲ့၊ ဖြစ်နိုင်ရင် ကျုပ်ဆီက မိုးမြေလက်ဝါးသိုင်းကျမ်း လက်ဆင့်ကမ်းရသွားခဲ့တာ ဘယ်သူမှ မသိပါစေနဲ့၊ လူသိနည်းလေ ကောင်းလေပဲ'

ကွမ်းကျုံးခက်က—

'ကောင်းပါပြီ အစ်ကိုကြီး၊ ရွှေယပ်တောင် ယန်းဖုံးတို့တောင် အသိမပေးဘဲ ထားပါ့မယ်ခင်ဗျာ'

ဟု ကတိပြုလိုက်သည်။

ကျွန်းဟိုက—

'ကဲ—ကျုပ်က ငါ့ညီကို ပေးစရာရှိတာလဲ ပေးပြီးပြီ၊ မှာစရာရှိတာတွေလဲ မှာပြီးပြီ၊ ငါ့ညီကရော ဘာပြောစရာရှိသေးလဲ'

ဟု မေးလိုက်၏။

ကွမ်းကျုံးခက်က—

'ကျွန်တော်ပြောချင်တာက ဖြစ်နိုင်ရင် အစ်ကိုကြီး သိုဝီးလာက ကျော့ခိုင်းလိုက်မယ့်ဆိုတဲ့ကိစ္စ ပြန်ပြီး စဉ်းစားစေချင်ပါတယ်ဗျာ'

စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။

ကျွန်းဟိုက—

'ညီလေး....ကျုပ်က ဆုံးဖြတ်ပြီးပြီကွယ့်'

ဟု ပြော၏။

နောက်ဆုံးစကားဆိုလိုက်ခြင်းဖြစ်ကြောင်း ကွမ်းကျုံးခက် ဘာမှမပြောတော့ပေ။

ကျန်းဟိုကိုဆာ ငေးမောကြည့်နေမိတော့၏။

ဤသို့ဖြင့်—

## ဆယ့်နှစ်

ကွမ်းကျုံးခက်သည် အရက်ခွက်ကိုငေးကြည့်နေသည်။ သူ၏ ရင်ထဲ တင်းကျပ်နေသည်။

အရက်မသောက်ရခင် ခေါင်းထဲ မူးနောက်ကျိဝေနေပေသည်။

ကွမ်းကျုံးခက် မည်မျှကြာအောင် ငေးမောနေမိမှန်းမသိ။

'လက်စသတ်တော့ မြင်းက ဒီမှာရောက်နေတာကိုး'

စကားသံနှင့်အတူ ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

ရွှေယပ်တောင်ယန်းဖုံးနှင့် ခင်၊ သားဆေးတုရှောင်အင်းတို့ ရောက်လာကြခြင်းဖြစ်ပေသည်။

သူတို့သည် ကွမ်းကျုံးခက်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်။

ကွမ်းကျုံးခက်သည် ကျွန်းဟိုနှင့်လမ်းခွဲပြီး တစ်ချိန်လုံးစားသောက်ဆိုင်တစ်ဆိုင်၌ အချိန်ဖြုန်းနေခဲ့ခြင်း ဖြစ်ပါတော့သည်။

ရွှေယပ်တောင်ယန်းဖုံးနှင့် မင်းသားလေးတုရှောင်အင်းတို့သည် ကွမ်းကျုံးခက်ကို အကဲခတ်ကြည့်လိုက်ပြီးလျှင်....

'ကွမ်းကျုံးခက် အခြေအနေဘယ်လိုလဲဟေ့'

ဟု မေးလိုက်၏။

'ငါ ဘာမှမတတ်နိုင်တော့ဘူး'

'ဟော....'

ရွှေယပ်တောင်ယန်းဖုံးနှင့်မင်းသားလေးတုရှောင်အင်းတို့ အံ့သြသွားကြသည်။

ကွမ်းကျုံးခက်က....

'ငါပြောသားပဲ၊ အစ်ကိုကြီးဟာ ဆုံးဖြတ်ချက် ချပြီးပြီဆိုရင် ဘယ်တော့မှ ပြန်ပြင်တော့မှာမဟုတ်ဘူး'

ယန်းဖုံးက....

'အင်း....ပြောလို့မရဘူးလား'

'ဟင့်အင်း'



'ဒါဖြင့်'

'အစ်ကိုကြီးဟာ မြောက်ပိုင်းဒေသကို ပြန်သွားတော့မယ်'

ယန်းဖုံးနှင့် တုရှောင်အင်းတို့ ငိုင်သွားကြ၏။

ကွမ်းကျုံးခက်က....

'အစ်ကိုကြီး မရှိတော့ပေမယ့် ငါတို့က သိုင်းလောကအကျိုးကို ဆက်ပြီး သယ်ပိုး ဆောင်ရွက်သွားကြပါလို့ မှာသွားတယ်'

ဟု ပြောလိုက်သည်။

ယန်းဖုံးက....

'ငါတို့က သိုင်းလောကကို ဘယ်တော့မှ စွန့်ခွာသွားမှာမဟုတ်ပါဘူး'

'ငါလဲ သေမှပဲ သိုင်းလောကကို ကျောခိုင်းလိုက်တော့မယ်'

တုရှောင်အင်းက ထောက်ခံပြောဆိုလိုက်၏။

ကွမ်းကျုံးခက်က....

'ငါလဲ သိုင်းလောကမှာပဲ တစ်သက်လုံး နေသွားမှာပါကွာ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ခု လောလောဆယ်တော့ ငါ့ခေါင်းတွေ ထူပူနေတယ် စိတ်လဲရှုပ်နေတယ်၊ ဒါကြောင့် စိတ်ပြေလက်ပျောက် ခရီး ထွက်လိုက်ဦးမယ်'

'ဪ...'

တုရှောင်အင်းနှင့် ယန်းဖုံးတို့ သက်ပြင်းချလိုက်၏။ ကွမ်း ကျူးခက် မည်သို့ခံစားရမည်ဆိုသည်ကို သူတို့သဘောပေါက် ထားကြ၏။

ကျန်းဟိုအား ဖျောင်းဖျ၍ မရနိုင်မှန်း သိကြရပြီဖြစ်၍ စိတ်ခါတ်ကျနေ၏။

ကွမ်းကျူးခက်သည် စိတ်ပြေလက်ပျောက် ခရီးထွက်မည် ဆိုသောအခါ...

တုရှောင်အင်းက....

'ငါတို့လဲလိုက်မယ်ကွာ'

ဟု ပြောလိုက်၏၊

ယန်းဖုံးက ထောက်ခံလိုက်၏။

'ဟုတ်တယ်၊ ငါတို့လဲ ဒီအတိုင်းနေရင် ပျင်းစရာကောင်း မှာပဲ၊ စိတ်ပြေလက်ပျောက် ခရီးထွက်ကြတာပေါ့'

ကွမ်းကျူးလုံ ခေါင်းခါယမ်းလိုက်၏။

'ငါက အပျော်ခရီးထွက်မှာ မဟုတ်ဘူးကွ'



'မင်း ဘယ်သွားမလို့လဲ'

ယန်းဖုံးက မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

ကွမ်းကျူးခက်က...

'ချန်အန်းမြို့ပြင်က ကျူးရင်ဘုံကျောင်းကို သိတယ်မဟုတ် လား'

ယန်းဖုံးက...

'သိတယ်၊ ဘာဖြစ်လို့လဲ'

'ငါက အဲဒီမှာသွားပြီး တရားထိုင်မှာ'

'ဟေ...'

'ဟာကွာ'

တုရှောင်အင်းနှင့် ယန်းဖုံးတို့ ပါးစပ်အဟောင်းသားဖြစ် သွားကြ၏။

ကွမ်းကျူးခက်ကို မယုံကြည်နိုင်စွာကြည့်ရင်း....

'မင်း....မင်း...ဘယ်လိုပြောလိုက်တာလဲ'

'တရားထိုင်မယ် ဟုတ်လား'

ဟုလည်း မေးလိုက်ကြ၏။

ကွမ်းကျူးခက်က....

'အစ်ကိုကြီးအတွက် ငါ ဝမ်းနည်းကြေကွဲရတဲ့စိတ်ကို ဖြေ ဖျောက်ဖို့ ဒီနည်းလမ်းပဲရှိတော့တယ်'

'မင်းဟာကလဲကွာ'

'ငါဆုံးဖြတ်ပြီးပြီ'

တုန်ရှောင်အင်းမျက်နှာ ရှုံ့မဲ့သွား၏၊

'ဆုံးဖြတ်ပြီးပြီဆိုတဲ့ စကားကို ငါ မကြားချင်တော့ပါဘူးကွာ'

ဟု ညည်းတွားလိုက်၏။

ကွမ်းကျူးခက်က....

'ကဲ.... စားသောက်လိုက်ကြပါဦး၊ တို့အတွေ့ မခွဲခွာခ စပျော်ပျော်ပါးပါးပေါ့၊ ငါပဲ ဒကာခံကျွေးမွေးပါ့မယ်'

တုရှောင်အင်းနှင့် ယန်းဖုံးတို့ ဘာမှမပြောကြတော့ပါ

အေးအေးဆေးဆေးပင် စားသောက်လိုက်ကြသည်၊

ကျန်းဟိုနှင့် ပတ်သက်လာလျှင် ကွမ်းကျူးခက်က ပိုပြီ ခံစားရလိမ့်မည်ဟု နားလည်ထားကြသည် မဟုတ်ပါလား။

အကယ်၍သာ—

ကွမ်းကျူးခက်က သူတို့အား လိမ်ပြောခဲ့ခြင်းဖြစ်ကြောင် သိခဲ့ကြမည်ဆိုပါလျှင်—

ကွမ်းကျူးခက်သည် ကျန်းဟိုပေးခဲ့သော မိုးမြေအက်ဝါ သိုင်းကျမ်းအား အေးအေးဆေးဆေး လေ့လာ ကျက်မှ



နိုင်ရန် လူသူကင်းဝေးသည့် နေရာသို့ ခရီးထွက်ဖို့စီစဉ်ထား မှန်းသာ သိနိုင်ခဲ့မည်ဆိုပါလျှင်—

အားလုံး 'စားသောက်ပြီးစီးသွားကြလျှင် ပြန်လည်တွေ့ဆုံ မည်'ဟု ချိန်းဆိုတာ သုံးယောက်သား ထမ်းခွဲလိုက်ကြ၏။

## ရွှင်ပျော်ပျော်စားသောက်ဆိုင်

ရွှင်ပျော်ပျော်စားသောက်ဆိုင်သည် ထမင်းစားသောက်ဆိုင်ကလေးတစ်ဆိုင်အဖြစ်မှ တည်းခိုခန်းနှင့်တွဲဖက်၍ ဖွင့်ထားသည့် ထိပ်တန်း စားသောက်ဆိုင်ကြီးတစ်ဆိုင် အဖြစ်သို့ တရွေ့ရွေ့ တိုးတက်ပြောင်းလဲလာသည်။

အချိန်ကာလ ရွေ့လျားသွားသည်နှင့်အမျှ အရာရာသည် ပြောင်းလဲသွားခဲ့လေသည်။

အဟောင်း အဟောင်းတို့ ပျောက်ကွယ်သွားပြီး အသစ် အသစ်တို့ ဖြစ်ထွန်းပေါ်ပေါက်လာသည်။

ဆယ်နှစ်—

ဆယ်နှစ်ဟူသော အချိန်ကာလသည် ရွေ့လျားကုန်ဆုံးသွားခဲ့လေသည်။

## နောက်ကြောင်း

ရွှင်ပျော်ပျော်စားသောက်ဆိုင်သည် နံနက်ဦးစင်စင်ဆောင်းသည်နှင့် ထုံးစံအတိုင်းလူစည်ကားနေလေ၏။

ယနေ့—

ရွှင်ပျော်ပျော်စားသောက်ဆိုင်၏ အပေါ်ထပ် လသာဆောင်ခေါင်၌ သီးသန့်ခင်းကျင်းထားသောစားပွဲတစ်လုံးတွင် လူတစ်ယောက်ရောက်ရှိနေပြီ ဖြစ်ပါ၏။

ထိုလူမှာ သိုင်းလောကနှင့် ဆယ်နှစ်လုံးလုံးကင်းကွာနေခဲ့သော ကွမ်းကျုံးခက် ဖြစ်ပါ၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်နှင့်အမျှ ကွမ်းကျုံးခက်သည်လည်း ပို၍ရင့်ကျက်တည်ငြိမ်လာ၏။

အသက်လေးထယ်ကျော်အရွယ် လူကြီးပိုင်းသို့ စတင် ဝင်ရောက်လာ၏။

ကျွန်းဟိုပေးအပ်ခဲ့သော မိုးမြေလက်ဝါး သိုင်းကျမ်းကို လေ့လာခဲ့ပြီးပြီဖြစ်သည်။

ထို့ကြောင့်—

ကွမ်းကျုံးခက်သည် ယခင်ကထက်ပို၍ သိုင်းပညာပြည့်စုံကုံလုံလာပြီး သိုင်းလောကသို့ပြန်လည်ခြေချလာခဲ့ခြင်း ဖြစ်ပါသည်။

သိုင်းလောကသို့ရောက်သည်နှင့် ရှင်ပျော်ပျော်စားသောက်ဆိုင်သို့ လာခဲ့ခြင်းဖြစ်၏။

ရှင်ပျော်ပျော်စားသောက်ဆိုင်၌ ယန်းဖုံး၊ တုရှောင်အင်းတို့နှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ရှင်ပျော်ပျော်စားသောက်ဆိုင်၌ပင် ပြန်လည် တွေ့ဆုံရန် လာခဲ့ခြင်းဖြစ်၏။

ကွမ်းကျုံးခက်သည် လေသာဆောင်ရှိစားပွဲ၌ အေးအေးလူလူ ထိုင်နေ၏။

စားသောက်ဖွယ်ရာများ အဆင်သင့်ရောက်ရှိနေပြီဖြစ်သော်လည်း သူက စားသောက်ရန်စိတ်မကူးသေးပေ။



လေသာဆောင်ပေါ်မှနေပြီး စည်ကားသိုက်မြိုက်စွာ သွားလာနေကြသည့် လမ်းပေါ်မှလူများကို ငေးမောကြည့်နေမိသည်။

သူ၏ရင်ထဲ ပျော်ရွှင်ကြည်နူးသည့် ခံစားချက်များဖြစ်ပေါ်နေ၏။

အိမ်မှ ထွက်သွားသူတစ်ယောက် မိမိ၏အိမ်သို့ ပြန်လည်ရောက်ရှိသောအခါ ဖြစ်ပေါ်လေ့ရှိသော ခံစားချက်မျိုး ဖြစ်သည်။

ကွမ်းကျုံးခက်သည် သိုင်းလောကမြေကို နင်းမိသည်နှင့် ကျေးဇူးရှင်ကျွန်းဟိုကို သတိရလာ၏။

ကျွန်းဟိုသည် သိုင်းလောကကို ကျောခိုင်းစွန့်ခွာသွားသည်မှာ ဆယ်နှစ်တိုင်ခဲ့ပြီဟုတ်ပါလား။

မြောက်ပိုင်းဒေသသို့ပြန်သွားသည့် ကျွန်းဟိုသည် အခြေ အခန မည်သို့ရှိမည်နည်း။

ကွမ်းကျုံးခက်သည် တေးကဗျာတစ်ပုဒ်ရေးစပ်ဖို့ စိတ်များဖြစ်ပေါ်လာသည်။

သို့သော်—

တေးကဗျာ ရေးစပ်သီကုံးဖို့ ကြံရွယ်လေတိုင်း ပြဿနာတစ်စုံတစ်ရာ ပေါ်လာတတ်သည် မဟုတ်ပါလား။

ယာခု....

ကွမ်းကျုံးခက်က တေးကဗျာရေးဖွဲ့သီကုံးလိုစိတ် ဖြစ်နေပါလာချိန်မှာပင်—

'နောင်ကြီး'

ခေါ်သံနှင့်အတူ ဆိုင်လုလင်တစ်ယောက်က အနီးသို့ ချဉ်းကပ်လာခြင်းကြောင့် အတွေးများပျက်သွားပေတော့သည်။

ကွမ်းကျုံးခက်က လှည့်ကြည့်ရင်း—

'ဘာကိစ္စလဲဗျ'

ဟု မေးလိုက်သည်။

ဆိုင်လုလင်က ဦးညွှတ်ဂါရဝပြုရင်း—

'နောင်ကြီးရဲ့နာမည်ဟာ ကွမ်းကျုံးခက် ဟုတ်လားဗျာ'

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ'

'ဪ... နောင်ကြီးက အောက်ထပ်မှာ ဆိုင်ရှင်ကို မိတ်ဆွေနှစ်ယောက်လာရင် အပေါ်ထပ်ကိုလွှတ်လိုက်ပါလို့ မှာကြားသွားခဲ့တာကြောင့်'

'ဟုတ်တယ်လေ၊ ကျုပ်ရဲ့မိတ်ဆွေ တုရှောင်အင်းနဲ့ ယန်းဖုံတို့ ရောက်လာရင် ဒီအပေါ်ထပ်ကိုလွှတ်လိုက်ဖို့ ကျုပ်မှာခဲ့တာပဲ'



ဆိုင်လုလင်က—

'ကျွန်တော်တို့ဆိုင်ရှင် အလုပ်များနေတာကြောင့် နောင်ကြီး မှာကြားသွားတာကို အမှတ်တမဲ့ ဖြစ်သွားတာပါ၊ နောင်ကြီးနဲ့ ပက်သက်ပြီး ဒီမှာလာမှာတဲ့လူ ရှိပါတယ်'

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားသည်။

'ဘယ်သူလဲ၊ ဘာမှာထားတာလဲ'

ဟု မေးလိုက်ပြန်သည်။

ဆိုင်လုလင်က—

'ကျေးဇူးပြုပြီး ဆိုင်ရှင်နဲ့တွေ့ပါလားခင်ဗျာ၊ ဆိုင်ရှင်က ပြောပြပါလိမ့်မယ်'

'ဪ—'

ကွမ်းကျုံးခက်သည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ—

'ကောင်းပြီလေ၊ ဆိုင်ရှင်နဲ့ ကျုပ်သွားတွေ့လိုက်ပါ့မယ်'

ပြောပြောဆိုဆို ထိုင်ရာမှထရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်—

'မိတ်ဆွေ ကျုပ်ကို ဘယ်လိုမှသွားဘာမထားပါနဲ့ဗျာ'

စကားသံနှင့်အတူ ဆိုင်ရှင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

ဆိုင်ရှင်က လက်ဝေ့ယမ်းပြလိုက်လျှင် ဆိုင်လုလင် ထွက်သွားပေ၏။

ဆိုင်ရှင်သည် ကွမ်းကျုံးခက်ကို ဦးညွှတ်လိုက်ပြီး —

'ကျုပ်က အလုပ်များနေတာကြောင့် ဧည့်ဝတ်မကျေသလို တာဝန်မကျေ ပျက်ကွက်သလိုဖြစ်ခဲ့ရင် တောင်းပန်ပါတယ်၊ မိတ်ဆွေဟာ ကွမ်းကျုံးခက်မဟုတ်လားဗျား'

ဟု မေးလိုက်၏။

ကွမ်းကျုံးခက်က —

'ဟုတ်ပါတယ်၊ ဘယ်လိုအကြောင်းကိစ္စများ ရှိလို့လဲဗျ'

ဆိုင်ရှင်က —

'မိတ်ဆွေရဲ့သူငယ်ချင်းတွေက ကျုပ်ရဲ့ဆိုင်ကို မကြာခဏ ရောက်လာပြီး မိတ်ဆွေရဲ့သတင်းကို စုံစမ်းခဲ့ကြပါတယ်'

ကွမ်းကျုံးခက်က —

'ယန်းဖုံနဲ့ တုရှောင်အင်းတို့ မဟုတ်လားဗျာ'

ဆိုင်ရှင်က —

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ် သူတို့ပါပဲ'

ကွမ်းကျုံးခက်က —

'ကဲ — ဆိုစမ်းပါဦး၊ သူတို့က ဘာတွေများ မှာကြားသွားကြလို့လဲဗျာ'



ဆိုင်ရှင်က —

'ယန်းဖုံဆိုတဲ့လူက တကယ်လို့များ မိတ်ဆွေဟာ ကျုပ်ရဲ့ဆိုင်ကို ရောက်လာခဲ့တယ်ဆိုရင် ဗျိုင်းဝါရေကန်ကို လိုက်လာခဲ့ဖို့ ပြောပေးဖို့ မှာကြားထားပါတယ်ဗျာ'

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားပြန်၏။

'ဗျိုင်းဝါရေကန်ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

ဗျိုင်းဝါရေကန်သည် မြို့တောင်ဘက် ဆယ်မိုင်ခန့်အကွာတွင်ရှိသော ရေကန်ကြီးတစ်ခုဖြစ်ပေ၏။

ရွှေယပ်တောင်ယန်းဖုံး၏ ညီဝမ်းကွဲတစ်ယောက် နေထိုင်လျက်ရှိသော နေရာတစ်ခုလည်း ဖြစ်၏။

ယန်းဖုံသည် သူ၏ညီဝမ်းကွဲအိမ်သို့ လာဖို့မှာကြားထားခြင်းဖြစ်ကြောင်း ထင်မြင်မိလိုက်၏။

ထို့ကြောင့်....

'ခုလိုပြောပြတာ ကျေးဇူးပါပဲဗျာ၊ ကျုပ်လိုက်သွားပါ့မယ်'

ပြောရင်း စားသောက်ခကျသင့်ငွေကိုပေးချေလိုက်သည်။

မစားမသောက်ဘဲ ငွေပေးသဖြင့် ဆိုင်လုလင် အားတုံ့အားနာ ဖြစ်သွား၏။

ထိုစဉ်—

'ကယ်တော်မူကြပါ'

စူးရှသော အော်ဟစ်သံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စူးရှသော အော်ဟစ်သံထွက်ပေါ်လာသည်။

သူလှည့်ကြည့်လိုက်သောအခါ လမ်းပေါ်၌ ရှုတ်ရှတ်သဲသဲ ဖြစ်သွားသည်ကို တွေ့ရ၏။

တစ်ခဏအတွင်းမှာပင် မဆိုင်သူများသည် ဘေးသို့ခွဲသွားကြသဖြင့် လမ်းပေါ်၌ဖြစ်ပေါ်နေသောပြဿနာကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်လိုက်ရ၏။

လူသန်ကြီးနှစ်ယောက်က မိန်းကလေးတစ်ယောက်အား အဓမ္မဆွဲသား ယမ်းလား ပြုလုပ်နေကြခြင်း၊ ဖြစ်ပေတော့၏။

သူ မျက်မှောင်ကြုတ်သွားပြီး....



'ဘော်တော်ရမ်းကားတဲ့ လူတွေပါလား'

ဟု ရေရွတ်လိုက်သည်။

ဆိုင်ရှင်က—

'မပြောပါနဲ့တော့ မိတ်ဆွေရယ်၊ ရမ်းကားလိုက်ကြတာများ သိုင်းလောကတစ်ခုလုံးတောင် ပျက်ဆီးသွားပြီလို့ ထင်ရတယ်'

ထိုစကားကြောင့် ကွမ်းကျူးခက် အံ့ဩသွား၏။

'မြို့သယ်ကောင်မှာ ဒီလိုရမ်းကားနေကြတာလို လက်ပိုက်ကြည့်နေကြတာလား'

ဆိုင်ရှင်က—

'မကောင်းတဲ့လူတွေက ရမ်းကားနေကြဟာ၊ အတင့်ရဲနေကြတာ မဆန်းပါဘူးလေ၊ သိုင်းသမားတွေက ကိုယ်နဲ့မဆိုင်သလို သဘောထားနေကြတာပဲမဟုတ်လား၊ သူတို့ကိုယ်သူတို့ သိုင်းလောက ပထမဘွဲ့ရဖို့လောက်သာ ကြိုးစားနေကြတာ၊ တခြားဘာကိုမှ လှည့်မကြည့်တော့ဘူး'

ဟု မကျေမနပ်ပြောသွားသည်၊

သူ ကြောင်အမ်းအမ်းဖြစ်သွားသည်။

'သိုင်းလောက ပထမဘွဲ့ရအောင် ကြိုးစားနေကြတယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ရဲ့ဆိုင်ကို သိုင်းလောကသားခေ
ဝင်ထွက်သွားလာနေကြတော့ သူတို့ပြောတဲ့ စကားတွေ
အမြဲတမ်းကြားနေကြတာပေါ့ဗျာ၊ သိုင်းလောက ပထမတွဲ
ထားတဲ့ သိုင်းသမားဟာ သိုင်းလောကကို ကျောခိုင်းသွား
တာ ဆယ်နှစ်ရှိပြီတဲ့၊ ဒါကြောင့် သိုင်းလောက ပထမတွဲ
နေရာအတွက် ယှဉ်ပြိုင်ပွဲကျင်းပပြီး ရွေးချယ်ကြမယ်လို့ ပြော
နေကြတယ်'

သူက သက်ပြင်းချလိုက်သည်။

သိုင်းလောက ပထမတွဲသည် သိုင်းလောကသားများ
အတွက် အရှူးအမူးဖြစ်စေသည်ကား အမှန်ပင်။

သိုင်းလောကနှင့် ဝေးကွာနေခဲ့ရာ ယခု ပြန်လည်ခြေ
မိလျှင် အခြေအနေပင် ရှုပ်ထွေးနေလိမ့်မည်ဟု ဆင်ခြင်လ
မိသည်။

သူ တွေးတောနေစဉ်...

'ကယ်တော်မူကြပါ'

မိန်းကလေး၏ စူးရှသော အော်ဟစ်သံ ထပ်မံထွက်
ပေါ်လာသည်။

သူ ကြည့်လိုက်သောအခါ လူသန်ကြီး နှစ်ယောက်သည်
ဆွဲခေါ်၍မရသဖြင့် မိန်းကလေးအား ရိုက်နှက်နေကြသည်ကို
တွေ့ရလေသည်။ သူ စိတ်မကောင်းဖြစ်သွား၏။



ဆယ်နှစ်ဟူသော အချိန်ကာလအတွင်း အခြေအနေအရပ်
ပ်ထည် အပြောင်းလဲကြီး ပြောင်းလဲသွားပြီမဟုတ်ပါလား။

'သူ မနေနိုင်တော့ပါ'

'ကျုပ်ကို ခွင့်ပြုပါဦးဗျာ'

ဟု ဆိုင်ရှင်ကိုနှုတ်ဆက်ကာ စားသောက်ဆိုင်ပေါ်မှ ခုန်
ဆင်းလိုက်၏။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ထိုးထွက်သွားပြီး
ဂဠုန်ငှက် မြေပေါ်ပျံဝဲဆင်းလိုက်သည့်ပမာ လမ်းပေါ်
ရောက်ရှိသွားတော့၏။

ဆိုင်ရှင်သည် ကွမ်းကျုံးခက်ကို ကြည့်ရင်း ပါးစပ်
ဟောင်းသား ဖြစ်သွားသည်။

✱

ကွမ်းကျုံးခက်သည် ဖြူရောင်သိုင်းသမားတစ်ယောက်
ပါသည်။

ဆယ်နှစ်ဟူသော အချိန်ကာလ ကုန်ဆုံးသွားသည့်တ
သူ၏ခံသူချက်နှင့် သဘောထားကား ပြောင်းလဲမသွားပါ

မတရားမှုကိုမြင်လျှင် လက်ပိုက် ကြည့်မနေတတ်သည်
အတိုင်း လမ်းပေါ်မှဖြုံးရပ်တွင် ပါဝင်ပတ်သက်ရန် ဆုံးဖြ
လိုက်မြဲဖြစ်သည်။

သူက စားသောက်ဆိုင် အပေါ်ထပ်မှ ခုန်ဆင်းလိုက်
မှာပင်—

'ခင်ဗျားတို့ မတရားမလုပ်ကြနဲ့'

လူငယ်တစ်ယောက်က အမြင်မတော်စော့သည့် သဘေ
ဖြင့် ကြားဝင်ဟန့်တားလာသည်ကို တွေ့ရလေ၏။

လူသန်ကြီးနှစ်ယောက်အနက် တစ်ယောက်က မိန်းက
အား ရိုက်မောင်းပုတ်ခေါင်းလုပ်ကာ အတွင်းဆွဲခေါ်နေ
ကျန်တစ်ယောက်က လူငယ်နှင့် မျက်နှာချင်းဆိုင်လိုက်သ

'ဘာပြောတယ်ကွ၊ မင်းနဲ့ဘာဆိုင်လို့ ဝင်ရှုပ်ချင်ရတာ
မိုးကြိုးရဲကိုက်အကြောင်းကို မင်းမသိသေးဘူးထင်တယ်၊
သွားချင်သလား'

ဟု ဟိန်းဟောက်လိုက်၏။

လူငယ်က—

'ခင်ဗျားတို့ မိုးကြိုးရဲတိုက်ဟာ သိုင်းလောကအကျ
အများအကျိုး ဆောင်ရွက်မယ်လို့ ကြွေးကြော်ထားတ



ခဲ့တော ခင်ဗျားတို့ရဲ့လုပ်ရပ်ဟာ တရားလက်လွတ် ထင်တိုင်း
ကြဲသလို ဖြစ် နေပြီဆိုတာ ထည့်ပဥ်းစားပါဦးဗျ'

လူသန်ကြီးတို့၏အများကို ထောက်ပြကာ တစ်ခဏ စေ
ဒကာဇာက်လိုက်သည်။

လူသန်ကြီး ဒေါပွသွားလေ၏။

'မင်း တော်တော်လျှာရှည်ပါလား၊ သေဖို့သာပြင်ထား'

ဟု အော်ငေါက်ရင်း လူငယ်၏မျက်နှာဆီသို့ လက်သီး
တစ်လုံး ပစ်သွင်းလိုက်၏။

လူငယ် ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း လူသန်
ကြီး၏ တိုက်ခိုက်မှုက လျင်မြန်လွန်းလှသဖြင့် မည်သို့မျှမရှောင်
နိုင်တော့ဘဲ—

'ခွပ်'

'အမယ်လေးဗျ'

ဝူးရှုံးသောအသံနှင့်အတူ ပက်လက်လန်လဲကျသွား၏။
လူငယ်၏ မျက်နှာတစ်ခုလုံး သွေးခြင်းခြင်း နီရဲသွားပြီ
ဖြစ်ပါသည်။

ဤတွင်—

မနေရက်သူအချို့က လူငယ်ကို ဖေးမခေါ်ဆောင်သွား
ကြလေတော့သည်။

'ဟား ဟား ဟား'

လူသန်ကြီးက ဟားတိုက်ရယ်မောလိုက်သည်။

'ကဲ… ကိုယ်နဲ့မဆိုင်တဲ့ ဘယ်ကောင် ဝင်ရှုပ်ချင်သေးသလဲ ပြောစမ်း'

ဟုလည်း ဒေါသအသံပါကြီးဖြင့် ကြုံးဝါးလိုက်၏။

မလှမ်းမကမ်းမှ အသိမသာအကဲခတ်ကြည့်နေသူများသည် ကြောက်ရွံ့ထိတ်လန့်ကာ ခပ်ကုပ်ကုပ်ကလေး ထွက်သွားကြလေတော့သည်။

လူသန်ကြီးကား ပို၍အာခံရဲကာပြီး…

'မိုးကြိုးရဲ့တိုက်အကြောင်းကို သိဘယ်မဟုတ်သေး၊ မဆိုင်ဝင်မရှုပ်နဲ့၊ အားလုံး မသေခေါ်သွားမယ်'

ဟု အခြောက်တိုက် ကြုံးဝါးဟိန်းဟောက်နေ၏။

ထိုစဉ်…

'မိုးကြိုးရဲ့တိုက်ဟာ အဖြူရောင် သိုင်းအဖွဲ့အစည်းတခု ဖြစ်တယ်၊ ဘယ်လိုလုပ်ပြီး ကသောကဝေလွှရောက်နေတာလဲ'

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'ဘာကွ'

လူသန်ကြီး ဒေါသတကြီး လှည့်ကြည့်လိုက်၏။



ဤတွင် သူ့ထံသို့လှမ်းလာနေသည့် ကွမ်းကျုံးခက်ကို တွေ့မြင်လိုက်ရလေတော့သည်။

လူသန်ကြီး ဒေါပွသွားသည်။

သူက လူသန်ကြီးအား ကလေးကဝဟု ပြောလိုက်သည် မဟုတ်ပါလား။

'ထို့ကြောင့်လည်း တွေးတောဆင်ခြင်မှု မရှိတော့ဘဲ… သေလိုက်စမ်း'

ဟု ခေါက်ကာ ကျဲရှိင်းတစ်ကောင်ပမာ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာ၏။

သူ၏တိုက်ခိုက်မှုအရှိန်အဟုန်မှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

သို့သော် ကွမ်းကျုံးခက်နှင့် ရင်ဆိုင်မိလိုက်သည်။

'ဖုံး… ခွပ်'

'အား…'

စူးရှကျယ်လောင်သော အသံများနှင့်အတူ လူသန်ကြီး မြေပေါ် တုံးခနဲလဲကျသွားသည်။

မြေပေါ်ရှိ ပါးစပ်ထဲ အမြှုပ်ဘစီစီထွက်နေသလို မြွေ
လက်များ တွန့်လိမ်ကောက်ကွေးကာ တဆက်ဆက်တုန်အောင်
အကြောဆွဲနေတော့သည်။

'ဟာ...'

အဖော်ဖြစ်သူ မရှုမလှမ်းလိုက်ရသည်ကိုမြင်လျှင် ကျွန်လူသန်
ကြီးသည် ထိတ်သွားလေသည်။
မိန်းကလေးကို လက်လွှတ်ပြီး သူနှင့် ရင်ဆိုင်လိုက်၏။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ မိုးကြိုးရဲ့တိုက်ကို စော်
ကားရင် ဒုက္ခရောက်မယ်ဆိုတာ မသိဘူးလား'
မိုးကြိုးရဲ့တိုက်အမည်ကို အသုံးပြုကာ ခြိမ်းခြောက်လိုက်သည်၊

ကွမ်းကျုံးခက်က...

'မတရားတာလုပ်နေလို့ကတော့ မိုးကြိုးရဲ့တိုက်တို့လဲ ကျုပ်
ဂရုမစိုက်ဘူး'

ဟု စပ်ပြုတ်ပြုတ်ပြောလိုက်သည်၊

'ဘာကွ'

လူလန်ကြီး ဒေါပွသွား၏။

ချက်ချင်းပင် ကွမ်းကျုံးခက်အား ပြေး၍ထိုးလေသည်၊
သူက လက်တစ်ဖက်ကို အဆာအယာဝှေ့ယမ်းလိုက်၏။

သူ၏ လက်ဝါးစောင်းသည် လူသန်ကြီး၏ လက်ကောက်
ဝတ်ကို ပုတ်ချပြီးသား ဖြစ်သွားသည်။



'ဖြောက်'

'အား'

လူသန်ကြီး၏လက်တစ်ဖက် သွင်သွင်ကျိုးသွားပြီ ဖြစ်ပါ
သည်။

လူသန်ကြီး ကယျာကယာ နောက်ဆုတ်သွား၏။
ကွမ်းကျုံးခက်အား မျက်လုံးကြီးပြူး၍ကြည့်ရင်း...

'ခင်...ခင်ဗျား'

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်သည်။

သူက...

'ကဲ...မင်းရဲ့အဖော်ကျွဲခေါ်ပြီး သွားပေတော့၊ ဒီတစ်ခါ
တော့ မင်းတို့ကို ညှာလိုက်မယ်၊ နောက်တစ်ခါ ဒီလိုမတရား
လုပ်တာတွေ့ရင် သေဖို့သာပြင်ထားပေတော့'

ဟု ငေါက်လိုက်သည်။

တစ်ဆက်တည်းပင် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ငိုကြွေးနေ
သော မိန်းကလေးအား...

'ကဲ...မိန်းကလေး ဘာမှမကြောက်ပါနဲ့တော့ကွယ်' •

ဟု အားပေးနှစ်သိမ့်လိုက်သည်။

မိန်းကလေးက ငိုရှိုက်ရင်း...

'သူ—သူတို့ဟာ ကျွန်မကို နိုင်ထက်စီးနင်းဆွဲခေါ်သွားဖို့ ကြိုးစားကြတာပါဦးရယ်၊ ကျွန်မ မိကောင်းဖခင်သားသမီးပါရှင်'

ဟု ပြောလေ၏။

ကွမ်းကျုံးခက်က....

'မပူပါနဲ့ကွယ်၊ ကဲ လာ လာ..ကျုပ်ကို မင်းကိုအိမ်တိုင်ရာရောက် လိုက်ပို့ပေးပါ့မယ်'

'ကျေး—ကျေးဇူးတင်လိုက်တာရှင်'

မိန်းကလေးသည် ကွမ်းကျုံးခက်အား လမ်းပြခေါ်ဆောင်သွားသည်။

သူမတစ်ယောက်တည်း ပြန်သွားမည်ဆိုပါက လူသန်ကြီးတို့ လိုက်လံနှောင့်ယှက်မည်ကို စိုးရိမ်နေ၏။

လူသန်ကြီးသည် ကွမ်းကျုံးခက်နှင့် မိန်းကလေးတို့ ထွက်သွားကြသည်ကိုကြည့်ရင်း မကျေမနပ်နှင့် အောက်မေ့လိုက်သည်။

'တောက်...မိုးကြိုးရဲတိုက်အကြောင်း ခင်ဗျားသိရမှာပေါ့' ဟု ကြုံးဝါးလိုက်သည်။

တစ်ဖန်....

မြေပေါ်လဲကျသတိမေ့နေသော အဖော်ဖြစ်သူကို ပခုံးပေါ် ထမ်းကာ ပြေးလွှားထွက်ခွာသွားတော့သည်။

✽

## ပွဲဦးထွက်

---

မိန်းကလေးသည် ဆင်းရဲနွမ်းပါးသူ့သား ဖြစ်သသည်၊

မြို့အနောက်ဘက်ရှိ ဆင်းရဲသားရပ်ကွက်လေး၌ နေထိုင်၏။

ကွမ်းကျုံးခက်သည် မိန်းကလေးအား အိမ်ဘိုင်ထိရောက် လိုက်လံပို့ဆောင်ပေးပြီး နောက်ကြောင်းလှည့်ကာ ပြန်ထွက်လာခဲ့သည်။

လမ်းကြောင်းကလေး တစ်ခုအား ဖြတ်ကျော်လိုက်မိချိန်တွင် ခြေသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး လူတစ်စု ပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရသည်။

ကွမ်းကျုံးခက် ခြေလှမ်းရပ်သွား၏။

ထိုလူစုသည် သူ့အား ချက်ချင်းဝိုင်းရံထားလိုက်ကြ၏။

ထိုလူစုတွင် သူဆုံးမခဲ့သည့် လူသန်ကြီးတစ်ယောက် ပါဝင်သည်ကို တွေ့ရလျှင် အခြေအနေကို ကွမ်းကျုံးခက် သဘောပေါက်လိုက်သည်။

လူသန်ကြီးသည် ခံလိုက်ရသည်ကိုမကျေနပ်သဖြင့် အပေါင်းအဖော်များကိုခေါ်ကာ ပြန်လာခဲ့ခြင်းမဟုတ်ပါလော။

လူသန်ကြီးသည် ကွမ်းကျုံးခက်ကို လက်ညှိုးညွှန်ပြရင်း…

'ကျုပ်တို့ကို စော်ကားသွားတာသူပါပဲ ဆရာလုံ'

ဟု ပြောလိုက်သည်။

လူသန်ကြီး အားကိုးတကြီးပြောလိုက်သည်။ ဆရာလုံဆိုသူမှာ ကွမ်းကျုံးခက်နှင့် အသက်ချင်း မတိမ်းမယိမ်းရှိပေသည်။

အသားမည်းမည်း၊ မျက်နှာသေးထောင့်စပ်စပ် အကြည်းတန်သူဖြစ်သော်လည်း အဖိုးတန်အကောင်းစား အဝတ်အစားများ ဝတ်ဆင်ထားသည်။

ကွမ်းကျုံးခက်စိတ်ထဲ ရယ်ချင်လာသည်။

သို့သော် မရယ်ဘဲ ခပ်တည်တည်ဖြင့် အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

ဆရာလုံဆိုသူသည်လည်း မျက်လုံးထောင့်ကပ်ကာ သူ့ကို အကဲခတ်နေပါ၏။

ပြီးလျှင်…



'အင်း… မိုးကြိုးရဲတိုက်ကို စော်ကားဝံ့တာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ဟေ့… သူ့ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်စမ်း'

သာကိုမှ မဆင်ခြင်ဘဲ လူသန်ကြီး၏စကားကိုယုံကာ တစ်ချက်လွှတ် အမိန့်ထုတ်လိုက်သည်။

ဤတွင်…

'သေဖို့သာပြင်ထား'

'ဆုံးမလိုက်ကြဟေ့'

'ယား'

ဆရာလုံ၏လူများသည် ညာသံပေးကာ ကွမ်းကျုံးခက်ထံသို့ ပြေး၍ ပြေးဝင်တိုက်ခိုက်ကြတော့သည်။

သူ မကျေနပ်ဖြစ်သွား၏။

စည်းကမ်းမဲ့ပြီး တရားလက်လွှတ်ပြုလုပ်ခနသည့် မိုးကြိုးရဲတိုက်မှလူများကို ဆုံးမမှဖြစ်မည်ဟု ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ…

'သွားစမ်း'

ဟု ခေါက်ကာ လက်ဝှေ့ယမ်းလိုက်သည်။

ပြေးဝင်တိုက်ခိုက်လာကြသည့် ဆရာလုံ၏လူများသည်…

'အား'

'အံမယ်လေး'

'သေပါပြီဗျ'

'ဝူး'

စူးရှကျယ်လောင်သော အော်ဟစ်သံများနှင့် အတူ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြသည်။

'ဟင်…'

ဆရာလုံ ကြောင်အမ်းအမ်းဖြစ်သွား၏။
သူ၏လူများ မရှုမလှခံလိုက်ရသည်ကို မြင်လျှင်…

'အော… နောက်ဆုတ်လိုက်ကြစမ်း'
သူ၏ လူများကို နောက်ဆုတ်ခိုင်းလိုက်သည်။

တစ်ဆက်တည်းပင် ရှေ့သို့လှမ်းထွက်လိုက်ပြီး….
'မင်းဘယ်သူလဲ ပြောစမ်း'
ဟု မေးလိုက်၏။

ကွမ်းကျုံးခက်က…

'ကျုပ်ဘယ်သူလဲဆိုတာ သိချင်ရင် ခင်ဗျားတို့ရဲ့ မိုးကြိုးရဲ့ ကိုက်ပိုင်ရှင်ကို မေးကြည့်ပေါ့'

ဟု ပြောလိုက်သည်။ ပြီးလျှင် မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ကို ညွှန်ပြ၏။

'ကျုပ်က အဲဒီမှာထိုင်စောင့်နေမယ်'



ဟုပြောကာ လှမ်းသွားရန် ဟန်ပြင်လိုက်၏။

ကွမ်းကျုံးခက်ကျောခိုင်းလိုက်လျှင် ဆရာလုံ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်၏။
'သိကြသေးတာပေါ့'

စိတ်ထဲကြုံးဝါးရင်း လျှပ်တစ်ပြက်ချဉ်းကပ်သွားပြီး လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ကျောပေးထားသော ကွမ်းကျုံးခက်ကို အလစ်တိုက်ခိုက်လိုက်ခြင်းဖြစ်ပေတော့သည်။

သို့သော်…

သူသည် လက်ဝါးသည် လေထဲသို့သာ ရိုက်ချလိုက်မိပါ၊
ဆရာလုံ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကွမ်းကျုံးခက်အား မရိုက်မိဘဲ လေထဲသို့သာ ရိုက်ချမိလိုက်ခြင်းကြောင့် ရှေ့သို့ဟပ်တိုးလဲကျမလိုဖြစ်သွားရာ မနည်းအရှိန်ထိန်းလိုက်ရ၏။

ကွမ်းကျုံးခက်ကို လှမ်းကြည့်လိုက်ရာ အလစ်တိုက်ခိုက်သည်ကိုမသိဘဲ ရှေ့ဆက်လျှောက်သွားနေသည်ကို တွေ့ရ၏။

ဆရာလုံ မကျေမနပ်ဖြစ်သွား၏။

အံတင်းတင်းကြိတ်ပြီး ရှေ့သို့ခပ်သွက်သွက် လှမ်းသွားကာ ကွမ်းကျုံးခက်က ကျောပြင်ကို လက်ဝါးဖြင့် ရိုက်ချလိုက်ခြန်သည်။

သူ၏လုပ်ရပ်ကို ကွမ်းကျုံးခက်မသိသဖြင့် အပိုင်တွက်ထား
အလစ်တိုက်ခိုက်ခြင်းဖြစ်ပါ၏။

သို့သော်—

'ဝှီး'

ယခုတစ်ကြိမ်၌လည်း သူ၏လက်ဝါးသည် နေ့ခက်သို့သာ
ရိုက်ချမိလိုက်သည်။

ကွမ်းကျုံးခက်ကား ဘာမှမသိသလို ရှေ့ဆက်လျှောက်
လှမ်းနေ၏။

ဆရာလုံ ဒေါပွလာသည်။

'ခင်ဗျား ဘယ်ခလာက်မြန်မြန် လျှောက်နိုင်မှာလဲ'

စိတ်ထဲ ကြုံးဝါးရင်း ခပ်သွက်သွက် ပြေးလိုက်သွားပြီး
လက်ဝါးကို ဆင့်ကာဆင့်ကာ ရိုက်ချလိုက်သည်။

သူ၏ လက်ဝါးရိုက်ချက်များသည် အရှိန်အဟုန်ပြင်းထန်
လှပါသည်။

တိုင် ....

သူ့အား တစ်ချက်ကလေးမှ ထိအောင်မရိုက်နိုင်ဘဲ လေထဲ
၌သာ ရိုက်မိကာ အလွဲလွဲအချော်ချော် ဖြစ်နေတော့သည်၊

'တောက်'



ဆရာလုံ ဒေါသထွက်သွားတော့သည်။

သူသည် ယက်ဖက်ရည်ဆိုင်လေးသို့ ရောက်သွားပြီဖြစ်၏။

ထိုလမ်းဘေးလက်ဖက်ရည်ဆိုင်လေးမှ ခုံအစ်လုံးဘွင် နေရာ
ကာ ထိုင်ချလိုက်ပြီး ယက်ဖက်ရည်နှင့်မုန့်များ မှာကြား
သောက်နေလေ၏၊

ဆရာလုံသည် ခအားတိအေားစက်နိုင်လှသော ကွမ်းကျုံးခက်
ကြည့်ရင်း ရှေ့တိုးရမ ပို နောက်ဆုတ်ရမလို ဖြစ်နေပါ၏။

သူသည် ဆရာလုံ ယခုမှ သတိပြုမိသွားဟန်ဖြင့်—

'ဟင်...မင်းက မိုးကြိုးရဲ့ဘိုက်ကို ပြန်သွားသေးဘူးလား၊
ာလဲ လက်ဖက်ရည်သောက်ချင်လို့ လိုက်လာတာလား'
ဟု မေးလိုက်၏။

ဆရာလုံ ခံပြင်းသွားပြီး—

'ကျုပ်က မင်းကိုသတ်ပစ်မလို့လိုက်လာတာ'

ဟု အော်ပြောလိုက်၏။

သူသည် စိတ်မဆိုးသည့်အပြင် ရယ်မောလိုက်သည်။

'ခင်ဗျားဟာ တော်တော် ရယ်စရာကောင်းတဲ့ လူ တစ်
ယောက်ပါလားဗျာ'

'ဘာဗျ'

'ကျုပ်ကိုတိုက်ခိုက်မလို့ လိုက်လာတယ်ဆိုပြီး ဘာဖြစ်ရပ်နေတာလဲ'

'တောက်... သိကြသေးတာပေါ့'

ဆရာလုံက ကြုံးဝါးရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏၊

သို့သော်...

သူ၏ပုံပန်းသဏ္ဌာန်ကိုကြည့်ရင်၊ ထိတ်လန့်သည့် စိတ်မျှရှိခြင်းဖြစ်ပေါ်လာ၏။

တိုက်ခိုက်ခြင်းမပြုခဲ့သည့်အပြင် နောက်ဆုတ် က်မိ၏၊

'ခင်ဗျား သတိထားနေပါ'

ဟု ခြိမ်းခြောက်ဖြစ်အောင် ခြိမ်းခြောက်လိုက်သေး၏၊

ထို့နောက်...

ချာခနဲလှည့်ကာ ပြေးထွက်သွား၏။



ဆရာလုံတို့လူစု ထွက်သွားကြပြီဖြစ်၏။

သူ၏လက်ချက်ကြောင့် အခုတော့လေး အထိနာသွားကြည်ဟု ဆိုနိုင်ပါသည်။

သူက လက်ဖက်ရည်ဆိုင်လေး၌ အေးအေးဆေးဆေးပင် ်နေ ိုက်၏။

လူသန်ကြီး ဆရာလုံတို့နှင့် တွေ့ခဲ့ရသည်မှအစပြုကာ မိုးကြိုးကိုက်အကြောင်းကို တွေးလိုက်မိ၏။

မိုးကြိုးရဲတိုက်သည် သိုင်းလောက၌ ထင်ရှားကျော်ကြားသာ ရဲတိုက်တစ်ခုဖြစ်ပါသည်။

ရဲတိုက်ပိုင်ရှင် ချင်းလှေသည် မိုးကြိုးဓားဖြင့် သိုင်းပါသာတွင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

သူ၏ ဓားသိုင်းသည် လွန်စွာမှပင်ထက်မြက်ပြီး မကောင်းများကို သုတ်သင်ပစ်မည့် တရားသောဓားဟု ထင်ရှားခဲ့ပသည်။

ရဲတိုက်ရှင်ချင်းလှေသည် သိုင်းလောကသားများ၏ကြည်ညိုလေးစားခြင်း ခံရသူလည်းဖြစ်၏။

သို့သော်...

ချင်းလှေသည် ဒေါသကြီးပြီး တစ်ခါတစ်ရံသွင်မဆင်မခြင် လုပ်တတ်သည်ဟု သူ ကြားဖူးထားသည်။

ယခုလက်ရှိ အခြေအနေအရ မိုးကြိုးရဲတိုက်သည် ယ[...] နှင့်မတူတော့ဘဲ ထင်ရာစိုင်းနေသည့် သဘော ရှိသည်ဟုထင်[...] မိသည်။

မိုးကြိုးရဲတိုက်၏ ရပ်တည်ချက် အဘယ်ကြောင့်ပြောင်း[...] သွားရပါသနည်း။

ကွမ်းကျုံးခက် တွေးတောစဉ်းစားနေချိန်မှာပင်...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်[...] ကြားလိုက်ရသဖြင့် အတွေးစများ ပြတ်သွားသည်။

မြင်းခွာသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်မိ၏။

ထိုအခါ....

မြင်းစီးသမား တစ်ယောက်သည် လက်ဖက်ရည်ဆိုင်လ[...] ရှေ့သို့ ရောက်လာသည်ကို တွေ့ရသည်။

မြင်းစီးသမားသည် ဆိုင်ရှေ့သို့ရောက်လာလျှင် မြင်းမရပ်[...] လွှားခနဲခုန်ဆင်းလာ၏။

သူ၏ဟန်ပန်မှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြ[...] ကြောင်း ထင်ရှားနေပါ၏။

ထိုလူကိုမြင်သည်နှင့် မိုးကြိုးရဲတိုက်ပိုင်ရှင် ချင်းလျှ[...] ကြောင်း ကွမ်းကျုံးခက် ချက်ချင်းမှတ်မိလိုက်သည်။



ထို့ကြောင့် ဆိုင်ရာမှ ထရပ်လိုက်သည်။

မိုးကြိုးရဲတိုက်ပိုင်ရှင် ချင်းလျှသည် ဆိုင်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်လာသည်။

စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် တစ်ချက်ဝေ့ကာ အကဲခတ်ကြည့်လိုက်၏။

သူ၏အသွင်သည် ခံပြင်းဒေါသထွက်နေပုံရကြောင်း ထင်ရှားလေသည်။

ကွမ်းကျုံးခက် ပြုံးလိုက်သည်။

လူသန်ကြီးနှင့် ဆရာလုံတို့၏စကားကြောင့် မကျေမနပ်ဖြစ်ကာ လိုက်လာခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။

ကွမ်းကျုံးထက်ကပင်...

'မိတ်ဆွေကြီးချင်းလျှ... ဒီကိုလာပါလားဗျာ'

ဟု ဖိတ်ခေါ်လိုက်သည်။

လက်ဖက်ရည်ဆိုင်ထဲ၌ စားသောက်သူလေးယောက်မျှသာ ရှိရာ လူရှင်း၍နေသည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့်လည်း ကွမ်းကျုံးခက်ကို ချက်ချင်း သတိပြု မိသွား၏။

ကွမ်းကျုံးခက်ကိုမြင်လျှင် မျက်မှောင်ကြုတ်သွားပြီးမှ—

'ခင်ဗျားဟာ သံမဏိလူသား ကွမ်းကျုံးခက်မဟုတ်လား'

ဟု မေးလာသည်။

ကွမ်းကျုံးခက်က—

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ချင်း မတွေ့ကြတာ‌ေ
အတော်ကြာသွားပြီနော်၊ ကဲ ဒီမှာလာထိုင်ပါလားဗျာ'

မိုးကြိုးရဲတိုက်ပိုင်ရှင် ချင်းလှေသည် ကွမ်းကျုံးခက်
လှမ်းလာ၏။

ထို့သော် ထိုင်ခုံ၌ မထိုင်ပေ။
ကွမ်းကျုံးခက်ကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး—

'ခင်ဗျားဘယ်ပျောက်နေတာလဲ၊ ကျွန်းဟို သိုင်းလေ
ကို ကျောခိုင်းလိုက်ပြီးတတည်းက ခင်ဗျားလဲ ပျောက်
လိုက်တာ အတော်ကြာပြီနော်'

ဟု မေးလိုက်သည်။

ကွမ်းကျုံးခက်က—

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သိုင်းလောကနဲ့ ဆယ်
လောက် ဝေးသွားတယ်ဗျ'

ချင်းလှေသည် မတ်တတ်ရပ်နေပြီး မထိုင်သည်မှာ မိုး
ရဲတိုက်ပိုင်ရှင်ဟူသော ဂုဏ်အရှိန်အဝါကြောင့် ဖြစ်ကြော
ကွမ်းကျုံးခက် သတိပြုမိလေ၏။



ရဲတိုက်ရှင်ကြီးတစ်ယောက်အတွက် လမ်းဘေး လက်ဖက်
ရည်ဆိုင်၌ထိုင်ရသည်မှာ သိက္ခာကျစရာဖြစ်သည်ဟု ယူဆသား
ပုံရသည် မဟုတ်ပါလား။

အမှန်တကယ်၌လည်း သူ၏လူများ ခံလိုက်ရခြင်းကြောင့်
ဒေါသတကြီးဖြစ်ကာ ဘာကိုမှမစဉ်းစားတော့ဘဲ ချင်းလှေက
လိုက်လာခြင်းဖြစ်၏။

သာမန်အချိန်မျိုးဆိုလျှင် လမ်းဘေးလက်ဖက်ရည်ဆိုင်ထဲသို့
ဝင်ဖို့မဆိုထားနှင့် ဝေးဝေးမှ ရှောင်သွားလိမ့်မည်သာ ဖြစ်ပေ
သည်။

ချင်းလှေက—

'ကျုပ်တို့က ခင်ဗျားဟာ ကျွန်းဟိုနောက်ကိုလိုက်သွားပြီ
လို့ ထင်နေကြတာ'

ကွမ်းကျုံးခက်က ခေါင်းခါယမ်းလိုက်သည်။

'အစ်ကိုကြီးအတွက် အနှောင့်အယှက် မဖြစ်စေချင်ပါဘူး
ဗျာ၊ ကျုပ် လိုက်မသွားပါဘူး'

ချင်းလှေက—

'အင်း— ခုချိန်မှာ ကျွန်းဟိုသာရှိရင် သိပ်ကောင်းမှာပဲ'

ဟူ၍ ထူးခြားသောအမိပ္ပာယ်ဖြင့် ပြောလေသည်။

ကျွမ်းကျင်ခက်က...

'အစ်ကိုကြီးဟာ သိုင်းလောကထဲကို ဘယ်တော့မှပြန်ဆ
လာတော့မှာ မဟုတ်ပါဘူးဗျာ'

ဟု ပြောလျှင်....

'အင်း— သူအနားယူသွားတာပဲ ကောင်းပါတယ်၊ တက
လို့ သိုင်းလောကထဲပြန်ဆင်းလာရင်လဲ မျက်နှာပျက်စရာအဖြ
တွေနဲ့ ကြုံရမှာ အသေအချာပဲ'

ချင်းလှေပြောလိုက်သော စကားကြောင့် ကျွမ်းကျင်ခ
သဘောကျသလို ဖြစ်သွားသည်။

'ဘာကြောင့်များ မျက်နှာပျက်စရာကြုံရမယ်လို့ မိတ်ဆွေ
က ပြောတာလဲဗျ'

ချက်ချင်းပင် မေးလိုက်သည်။

ချင်းလှေက—

'သိုင်းလောကဟာ အပြောင်းလဲကြီး ပြောင်းလဲနေပြီဗျ
ဗျာ၊ သိုင်းပညာဆိုတာ ခေတ်သွားလိုပဲဆိုတဲ့စကားကို ခင်ဗျာ
လဲ ကြားဖူးမှာပေါ့၊ ခေတ်ဟာ အမြဲတမ်းသွားနေရင် ထ
မြဲကိန်းနေမှာပဲ၊ မသွားဘဲပစ်ထားလိုက်ရင် ထုံးသွားတတ်သလိုပဲ
သိုင်းပညာကို စဉ်ဆက်မပြတ် လေ့လာနေသူတွေဟာ တိုးတက်



နေတာပေါ့၊ ဂရုမစိုက်ဘဲ ပစ်ထားလိုက်လို့ကတော့ ဘာပြော
ကောင်းမလဲ'

ကျွမ်းကျင်ခက် မျက်မှောင်ကြုတ်သွား၏။

ချင်းလှေပြောသည့် စကားများမှာ ကျွန်းဟိုကိုပင် အထင်
သေးသည့် သဘောမျိုး သက်ဝင်နေသည် ထင်မိသည်။

ချင်းလှေက ဆက်ပြောလိုက်သောအခါ သူ၏ထင်မြင်ချက်
သေချာသွားတော့သည်။

ချင်းလှေက....

'သိုင်းလောကသားတွေဟာ သိုင်းပညာကိုမြတ်မြတ်နိုးနိုးနဲ့
စိုက်သိုက်မတ်တတ် လေ့ကျင့်ကြိုးစားနေကြတာပဲ၊ ဒါကြောင့်
အချိန်ကြာလာတာနဲ့အမျှ အစွမ်းထက်လာကြတာပေါ့၊ ပြီး
တော့ ဘယ်သူဘယ်ဝါ အကောင်းဆုံးဆိုတာလဲ ပြောဖို့ခက်
နေပြီလေ၊ အားလုံးဟာ ကိုယ့်ပညာနဲ့ကိုယ် အတော်ဆုံး ဖြစ်
လာကြတာပဲ မဟုတ်လား၊ ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး သိုင်း
ပညာကို ဆက်လေ့မကျင့်ဘဲ လျစ်လျူရှုထားတာတော့ မရှုမသာ
နေစက်ကျန်နေခဲ့မှာ သေချာတယ်'

ကျွမ်းကျင်ခက်က...

'ဩော်... ခုအချိန်မှာ အစ်ကိုကြီးကျွန်းဟိုထက် ပိုပြီးတော်
တဲ့ လူတွေ သိုင်းလောကမှာ ပေါ်ထွက်လာပြီမို့ အစ်ကိုကြီး

ရှိနေရင် မျက်နှာပျက်စရာ ကြုံရလိမ့်မယ်လို့ဆိုလိုတာပေါ့၊ ဟုတ်ရဲ့လားဗျ’

ချင်းလေ့က—

‘ဘယ်သူက ဘယ်သူ့ထက်တယ်သာဆိုတာ လက်တွေ့ယှဉ်ပြိုင်မကြည့်ဘဲ ပြောရခက်ပါတယ်၊ ဒါပေမယ့် အမြဲတမ်း လေ့ကျင့်နေတဲ့ လူနဲ့ အဆက်ပြတ်နေတဲ့ လူအတွက်ကတော့ ခန့်မှန်းကြည့်တာနဲ့ သိနိုင်ပါတယ်လေ’

ကွမ်းကျုံးခက် ခံပြင်းသွား၏။

သူ ကြည်ညိုလေးစားသော ကျွန်းဟိုအပေါ် အထင်သေးစွာ ပြောဆိုနေသည်ကို လက်မခံနိုင်ချေ။

ထို့ကြောင့်—

‘သိုင်းလောကပထမတွဲကို တော်တန်ရုံအရည်အချင်းနဲ့ ရနိုင်တာ မဟုတ်ဘူးဗျ’

ဟု ပြောလိုက်၏။

ချင်းလေ့က—

‘အလျင်ကတော့ ဟုတ်မယ်၊ ခုချိန်မှာတော့ မလွယ်ဘူးဗျ လူတော်တွေ ပေါ်နေပြီလေ၊ ဆယ်နှစ်ဆိုတဲ့ အချိန်ဟာ နည်းတဲ့ ကာလမှ မဟုတ်ဘဲ၊ ကျုပ်တောင်ပဲ မိုးကြိုးခေါ်သိုင်းဆယ့်ရှစ်ကွက်ကို အပြီးတိုင် လေ့ကျင့်အောင်မြင်ခဲ့ပြီပဲဗျာ’



ကိုယ်ရည်သွေးကာ ပြောလေသောကြောင့် ကွမ်းကျုံးခက်ကြည့်မရအောင် ဖြစ်သွားပါတော့သည်။

သူတို့ချင်း သိကျွမ်းကြသည် ဖြစ်သော်လည်း ထဲထဲဝင်ဝင်ခင်မင်ရင်းနှီးကြသူတော့ မဟုတ်ချေ။

ချင်းလေ့သည် ဒေါသရှေ့ထားကာ မဆင်မခြင် လုပ်တတ်သူဖြစ်၍ ကွမ်းကျုံးခက်တို့က ခပ်တန်းတန်း ဆက်ဆံခဲ့ကြခြင်းဖြစ်လေသည်။

ကွမ်းကျုံးခက်၏ အတွေးကိုမသိဘဲ ချင်းလေ့က ဆက်ပြောပြန်သည်။

‘ကျွန်းဟိုဟာ သိုင်းလောကကို ကျောခိုင်းသွားပြီဆိုတော့ သိုင်းလောကပထမတွဲထူးဟာ လစ်ဟာနေတာပေါ့ဗျာ၊ ဒါကြောင့်လဲ သိုင်းလောကပထမတွဲကို ရယူနိုင်အောင် အပြင်းအထန် ကြိုးစားနေကြတာပေါ့၊ မကြာခင် ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျောင်းမှူးကြီးက ကြေညာချက်တစ်စောင် ထုတ်ပြန်လိမ့်မယ်၊ ကျွန်းဟို စွန့်လွှတ်ခဲ့တဲ့ သိုင်းလောက ပထမတွဲထူးနေရာအတွက် စိန်ခေါ်ယှဉ်ပြိုင်ပွဲတွေ ပြုလုပ်ဖို့ပဲ ဖြစ်ပါလိမ့်မယ်ဗျာ’

‘သြော်—ဒီလိုလား’

ကွမ်းကျုံးခက် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'သိုး လေးကကြီးဟာ ပြောင်းလဲနေပြီဆိုတာ ကျုပ်သ ပြုမိပါတယ်၊ ဒါပေမယ့် ဒီလောက်တောင် အပြောင်းအလဲကြီး ပြောင်းလဲနေမယ်လို့ မထင်ခဲ့ဘူး၊ ကြည့်ရတာ ခင်ဗျားလ ပထမဆွဲထူးကို ချိန်နေပြီ ထင်တယ်'

ချင်းလှေသည် သဘောကျသွားသလို ရယ်မောလိုက်လေ သည်။

'ဟား…ဟား…ဟား…ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏၊

'ကျုပ်က မိုးကြိုးခေါးသိုင်း ဆယ့်ရှစ်ကွက်ကို ပြိုင်ဖြိုင် ထန်ထန် လေ့ကျင့်ခဲ့တာဟာ အကြောင်းမဲ့ မဟုတ်တာတော့ အမှန်ပါပဲဗျာ၊ ကျုပ်ရဲ့ မိုးကြိုးရဲတိုက်ဟာ တစ်နေ့ သိုင်းလေ ကကို ဦးဆောင်မယ်လို့ ရည်ရွယ်ထားခဲ့တာ ကြာပါပြီ၊ ခုတော့ ကျုပ်ဆန္ဒ ပြည့်ဝဖို့ မဝေးတော့ပါဘူး'

ကွမ်းကျုံးခက်လည်း ရယ်မောလိုက်လေ၏။

'ဟား…ဟား…ဟား'

ချင်းလှေ မျက်မှောင်ကြုတ်သွား၏။

ကွမ်းကျုံးခက်၏ ရယ်သံသည် သူ့အား လှောင်ပြော လိုက်သော ရယ်သံဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်၏။



ထို့ကြောင့်—

'ကျုပ်က ကျွန်းဟို ရှိနေသေးရင် သိပ်ကောင်းမှာပဲလို့တွေး လိုက်မိသေးတယ်'

ကွမ်းကျုံးခက်သည် ကျွန်းဟိုအားခကျူးဇူးရှင်တစ်ယောက် အဖြစ် အောက်မေ့ထားကြောင်း သိသား၍ တမင်ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကွမ်းကျုံးခက်က—

'အစ်ကိုကြီး မရှိပေမယ့် ကျုပ်ရှိပါသေးတယ်ဗျာ'

ချက်ချင်း ပြန်ချေပလိုက်၏။

ထက်မြက်လှသော သိုင်းပညာကြောင့် မောက်မာသူ တစ်ယောက် ဖြစ်လာသည့် ချင်းလှေကို ကွမ်းကျုံးခက် ထက် မခံနိုင်တော့ပါ။

သူတို့နှစ်ယောက်၏ ဆက်ဆံမှုသည်လည်း မိဘ်ဆွေအသွင် မဆောင်တော့ပါ။

'ဒါထက် ခင်ဗျားဒီကိုလာခဲ့တာဟာ လမ်းပေါ်မှာ သိုင်း ပညာ အားကိုးနဲ့ ထင်ရာစိုင်းနေတဲ့ ခင်ဗျားတပည့်တွေကိုဆုံးမ လိုက်တဲ့လူတစ်ယောက်ကို လာရှာတာ မဟုတ်လား'

ဟုလည်း မေးလိုက်သောအခါ၊

ချင်းလေ့ မျက်မှောင်ကြုတ်သွားပြီး—

'ဟုတ်အယ်၊ ကျုပ်လူတွေက ထင်တိုင်းကြဲတာ မဟုတ်ပါဘူး၊ ဒီလူဟာ သိုင်းပညာအနေးကိုးနဲ့ ကျုပ်လူတွေကိုတမင်စော်ကားသွားတာ၊ ဒါထက်အဲဒီလူကိုတွေ့မိသလားဗျ'

ကွမ်းကျုံးခက်က—

'တွေ့ပါတယ်ဗျာ၊ ကျုပ်တွေ့တာကတော့ ခင်ဗျားလူတွေဟာ—'

လူသန်ကြီးနှစ်ယောက်က မိန်းကလေး တစ်ယောက်အား နှိုင်ထက်စီးနင်း ပြုလုပ်ခဲ့သည်မှ အစပြုကာ ဖြစ်ပေါ်ခဲ့သည့် ပြဿနာများကို ပြောပြလိုက်လေသည်။

ချင်းလေ့ ရှူးရှူးရှားရှားဖြစ်သွားသည်။

'ကျုပ်လူတွေကို ကျုပ်ကိုယ်တိုင် လွတ်ထပ်ခွင့်ပြုထားတာပဲ၊ ခုလိုလုပ်တာကတော့ မိုးကြိုးရဲတိုက်ကိုလုံးဝဂရုမစိုက်တဲ့ သဘောမဟုတ်ဘူးလား'

ကွမ်းကျုံးခက်က—

'အင်း—ဒီအတိုင်းဆို ခင်ဗျားတို့ မိုးကြိုးရဲတိုက်ဟာ သိုင်းလောကကို ဦးဆောင်မယ်ဆိုရင်တော့ သိုင်းလောက တစ်ခုလုံးပျက်စီးသွားမှာ သေချာနေပြီပေါ့ဗျာ'



ချင်းလေ့က စိုက်ကြည့်လိုက်ပြီး—

'ဩော်—မိုးကြိုးရဲတိုက်ကို အထင်အသေးစော်ကားတဲ့စကားမျိုးကိုပြောတာပေါ့လေ၊ ကျုပ်လူတွေကို စော်ကားလိုက်တာ ခင်ဗျားပဲဖြစ်လိမ့်မယ်'

ဟု စွပ်စွဲလိုက်သည်။

ကွမ်းကျုံးခက် ငြင်းပါချေ။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်က အမြင်မတော်လို့ဆုံးမလိုက်ရတာပါဗျာ'

ချင်းလေ့ နဖူးခေါင်းရှုံ့လိုက်သည်။

'ဩော်... ခင်ဗျားက ကျန်းဟိုနဲ့ ခင်မင်ရင်းနှီးတယ်ဆိုပြီး ဂရုမစိုက်တဲ့ သဘောပေါ့လေ၊ ဒါတွေဟာ ဟိုးအတိတ်မှာ ကျန်ရစ်ခဲ့ပြီ၊ မိုးကြိုးရဲတိုက်ကိုစော်ကားရင်တော့ မိတ်ဆွေသော ဘာသော ကျုပ်ကဂရုစိုက်နေမှာမဟုတ်ဘူးဗျ'

ကွမ်းကျုံးခက်က—

'ခင်ဗျားက ကျုပ်အပေါ် မကျေနပ်ဘူးဆိုရင်လဲသဘောပဲလေ၊ ကျုပ်ကလဲ ခင်ဗျားရဲ့ မိုးကြိုးသိုင်းဆယ့်ရှစ်ကွက်ဟာ ဘယ်လောက်အစွမ်းထက်သလဲဆိုတာလေ့လာကြည့်ချင်ပါသေးတယ်၊ အစ်ကိုကြီးကျန်းဟိုရဲ့ ကိုယ်စားပေါ့ဗျာ'

ချင်းလှေက—

'ကောင်းပြီလေ၊ လူရှင်းတဲ့နေရာကို သွားကြတာပေါ့'

ကွမ်းကျုံးခက်က—

'ခင်ဗျားသဘောပဲ'

ချင်းလှေသည် ခြေသံပြင်းပြင်းနင်းကာ ထွက်သွား၏။

ကွမ်းကျုံးခက်သည် တုံ့ဆိုင်းမနေဘဲ ချက်ချင်းလိုက်သွားလေ၏။

မောက်မာပြီး ကျွန်းဟိုအား အထင်သေးစွာ ပြောဆိုခဲ့သည့် ချင်းလှေကို ဆုံးမရန် ကွမ်းကျုံးခက် ဆုံးဖြတ်ထား၏။

မြို့ပြင်တွင် စိမ်းလန်းသော တောအုပ်တစ်ခုရှိသည်။

တောအုပ်ထဲ၌ ညီညာပြန့်ပြူးသော မြေကွက်လပ်တစ်ခု ရှိသည်။



ထိုမြေကွက်လပ်သို့ ရောက်လာသောအခါ ကွမ်းကျုံးခက်၊ ချင်းလှေတို့ ခြေလှမ်းရပ်လိုက်ကြသည်။

ချင်းလှေက—

'တယ်နှယ်လဲ၊ ဒီနေရာကိုသဘောကျရဲ့လား'

ဟု မေးလာသည်။

ကွမ်းကျုံးခက် ခေါင်းညိတ်လိုက်၏။

'ကောင်းပါတယ် မဆိုးပါဘူး'

ချင်းလှေကပြုံးလိုက်သည်။

'ဒီနေရာဟာ အေးအေးချမ်းချမ်း ရှိတယ်၊ တောပန်းလေးတွေနဲ့ ကျေးငှက်တိရစ္ဆာန်လေးတွေလဲရှိကြတယ်၊ ခင်ဗျားလို စာပေသမားဖြစ်ချင်ခဲ့တဲ့ လူတစ်ယောက်အတွက် နေရာမှာ တစ်သက်လုံးနေသွားမယ်ဆိုရင်လဲ ကျေနပ်စရာကောင်းမှာပါ'

ဟု ပြောလေသည်။

သူ၏စကားမှာ အဓိပ္ပာယ်နှစ်ခွ ဖြစ်နေသည်။

တစ်သက်လုံး နေသွားလျှင်ဆိုသော နေရာတွင် အသေသွားဟု ပြောလိုကြောင်း ထင်ရှားနေ၏။

ကွမ်းကျုံးခက် ပင့်သက်ရှိုက်လိုက်မိသည်။

'အကဲစသတ်တော့ သူဟာ ငါ့ကို သစ်ပစ်ဖို့အထိတေ
စဉ်းစားနေပါလား'

သတိကြီးစွာထားကာ ရင်ဆိုင်ရမည်ဟူလည်း နေ
လိုက်၏။

ချင်းလွှေက....

'ကဲ...ခင်ဗျားကစ မလား၊ ကျုပ်ကစ ရမလား'

အချိန်မဆွဲတော့ဘဲ ရင်ဆိုင် တိုက်ခိုက်ကြရန် ပြေ
လေ၏။

ကွမ်းကျုံးခက်က—

'ခင်ဗျားပဲ အရင်စပါဗျာ'

ချင်းလွှေက—

'ကောင်းပြီလေ၊ ခင်ဗျားနဲ့ခင်မင်ဖူးခဲ့တာကို ထေ
ထားပြီး ကျုပ်က မိုးကြိုးဓားသိုင်းဆယ့်ရှစ်ကွက်စလုံးကို
မသုံးဘူးလို့ ကတိပေးပါတယ်'

စကားဆုံးလျှင် ဓါးဦးချိတ်ထားသော ဓားကို ဆွဲ
လိုက်၏။

သူ့ အောင့်သက်သက်ဖြစ်သွား၏။



ချင်းလွှေသည် အကောင်းပြောသလို့နှင့် သူ့အား အဖင်
နှိမ်ကာ ပြောနေခြင်း မဟုတ်ပါလား။

မည်သို့ဆိုစေ....

အခြားမ ဟုတ်၊ အလုပ်နှင့်သက်ဆေပြရန် ဆုံးဖြတ်လိုက်
လေသည်။

ချင်းလွှေသည် လက်ထဲမှဓားကိုတစ်ချက်ဝှေ့ယမ်းလိုက်ပြီး—

'ကဲ...ခင်ဗျားရဲ့ဓားကို ထုတ်ပေတော့'

ဟု ပြောလိုက်သည်။

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က လက်နက်ကို အသုံးမပြုပါဘူး'

ချင်းလွှေက....

'ဓားဆိုတာ မျက်စိပါတာမဟုတ်ဘူး၊ တော်ကြာ ခင်ဗျား
ဒုက္ခရောက်သွားမှ ကျုပ်ကိုအပြစ်တင်နေဦးမယ်'

ကွမ်းကျုံးခက်က....

'မပူပါနဲ့ဗျာ၊ ကျုပ်ရဲ့အင်္ကျီစကို ထိအောင်တိုက်ခိုက်နိုင်
မှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်'

ချင်းလွှေ ဒေါပွသွားသည်။

'ခင်ဗျားက ကျွန်းဟိုရဲ့အရှိန်အဝါနဲ့ ကြီးကျယ်ခန့်ထည်စကိုး၊ ကောင်းပြီလေ၊ ကျုပ် ညွှာစရာ အကောင်းမရှိတော့ဘူးပေါ့၊ ကျုပ်ရဲ့သိုင်းကွက်လာပြီ၊ သတိသာထားပေတော့'

စကားဆုံးလျှင် ခေါင်းငုံ့ယမ်းအား စတင် တိုက်ခိုက်လိုက်လေသည်။

ကွမ်းကျုံးခက်လည်း လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ ပြန်လည် ရင်ဆိုင်တိုက်လိုက်သည်။

အေးချမ်းသာယာနေသော တောအုပ်အတွင်း၌ တိုက်ခိုက်သတ်ပုတ်သံ၊ ညာသံပေးသံများ ထွက်ပေါ်လာသည်။

ချင်းလေ့သည် မိုးကြိုးခေါ်သိုင်းဆယ့်ရှစ်ကွက်ကို လေ့ကျင့်အောင်မြင်ထားပြီ ဖြစ်ရကား မိမိကိုယ်ကို ယုံကြည် စိတ်ချမှု အပြည့်ရှိသလို ကွမ်းကျုံးခက်ကိုလည်း ကျိန်းသေအနိုင်ရလိမ့်မည်ဟု ယုံကြည်ထားး၏။



ကွမ်းကျုံးခက်နှင့် ရင်ဆိုင်တိုက်ခိုက်ရသည်ကိုသည်း အခွင့်အရေးတစ်ရပ်ဟု ယူဆသား၏။

ကျွန်းဟို၏ ညီငယ်လေးအဖွယ်ဖြစ်သော ကွမ်းကျုံးခက်ကို အနိုင်ယူနိုင်လျှင် ကျွန်းဟိုနှင့်ယှဉ်နိုင်သည့်အတော်နှင့် အတူတူပင် ဖြစ်သည်ဟု ခံယူထားသည်။

ထို့ကြောင့် တိုက်ပွဲစသည်နှင့် မိုးကြိုးခေါ်သိုင်းကိုထုတ်ဖော်ကာ တိုက်ခိုက်လေ၏။

မိုးကြိုးခေါ်ကွက် ဆယ့်ရှစ်ကွက်စလုံး ထုတ်ဖော်အသုံးပြုပါဘူးဟု ကတိပေးထားသော်လည်း မထင်မှတ်သောအဖြစ်နှင့် ရင်ဆိုင်လိုက်ရသောအခါ ချင်းလေ့သည် ပြင်းပြင်း ထန်ထန် တိုက်ခိုက်နေသော်လည်း ကွမ်းကျုံးခက်က အသာအယာပင် လှုပ်ရှားရှောင်တိမ်းနေ၏။

ချင်းလေ့၏ခေါ်ခုတ်ချက်များသည် ကွမ်းကျုံးခက်၏အင်္ကျီစကိုပင် မထိနိုင်ဘဲ လေထဲသို့သာ ခုတ်ချနေ၏။

ချင်းလေ့သည် တိုက်ခိုက်ရင်း အံ့ဩသလို ဒေါသထွက်လာသည်။

ကွမ်းကျုံးခက်အား အဘယ်ကြောင့် အနိုင်မယူနိုင်ရပါသနည်း။

သူ၏မိုးကြိုးခေါ်သိုင်းသည် အသုံးမကျ အရာမဝင်၍လော။

မိုးကြိုးဓားသွိုင်းမှာ အလွန်အစွမ်းထက်သော ဓားသိုင်းဖြစ်ပေ၏။

ဤသို့ဆိုလျှင်....

ကျွမ်းကျင်းခက်၏ပညာသည် လွန်ခဲ့သောဆယ်နှစ်ခန့်ကထက်ပို၍ ထူးချွန်ထက်မြက်လာကြောင်း ထင်ရှားနေ၏။

ချင်းလေ့သည် သူ၏ကတိစကားကိုပင် အလေးမထားတော့ဘဲ မိုးကြိုးဓားကွက် ဆယ့်ရှစ်ကွက်စလုံးထုတ်ဖော်က ပြင်းထန်စွာ တိုက်ခိုက်လေတော့၏။

ဓားရိပ်များသည် ကျွမ်းကျင်းခက်၏ ခန္ဓာကိုယ်တစ်ခုလုံး လွှမ်းခြုံသွား၏။

ဓားငွေ့ယမ်းလိုက်ရာမှ...

'ဝှစ် ဝှစ် ဝှစ်'

စူးရှသောအေတိုးသံများလည်း အဆက်မပြတ် မြည်ဟည်းထွက်ပေါ်နေ၏။

ဓားချက်တစ်ချက်ထိလိုက်သည်နှင့် ကျွမ်းကျင်းခက် အသက်ပေးလိုက်ရမည်ဖြစ်လေ၏။

သို့သော်....



ချင်းလေ့က ပြင်းထန်စွာတိုက်ခိုက်နေသည့်တိုင် ကျွမ်းကျင်း၏ အင်္ကျီစကိုပင် မထိနိုင်ရကား ကျွမ်းကျင်းခက်က ပြန်၍ တိုက်ခိုက်လိုက်လျှင် အခက်ကြုံသွားရတော့သည်။

ရုတ်တရက်—

'ဓားလွှတ်လိုက်စမ်း'

ကျွမ်းကျင်းခက်၏အော်ငေါက်သံ ထွက်ပေါ်လာ၏။

ဓားရိပ်များကြားမှ ကျွမ်းကျင်းခက်၏ လက်ဝါးရိပ်များ ...က်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်....

'ချွမ်း'

ကျယ်လောင်သောအသံတစ်ချက် ပေါ်ထွက်လာသည်။

ထို့နောက်....

ပြင်းထန်သောတိုက်ပွဲမှာ ရုတ်ခြည်း ပြီးဆုံးသွားလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ကွမ်းကျုံးခက်က လက်နှစ်ဖက်နောက်ပစ်ကာ အေး ဆေးဆေး ရပ်နေပါ၏။

လူ၏အသွင်မှာ စန်းဦးယျာဉ်အတွင်း၌ လေညင်းခံထွက် သူ တစ်ယောက်နှင့် တူလှ၏။

ချင်းလေကား ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်၏၊

လူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ကွမ်းကျုံးခက်ကို မျက်လုံးပြူးကြီးဖြင့် မယုံကြည်နိုင် ကြည့်နေ၏။

လူ၏လက်ထဲ၌ ဓားကို ကိုင်ထား၏။

သို့သော်—

သူ၏ဓားသည် ထက်ပိုင်းကျိုးနေပြီဖြစ်လေ၏။

ကွမ်းကျုံးခက် ပြုံးလိုက်၏၊

'ခင်ဗျားရဲ့ မိုးကြိုးဓားသိုင်းဆယ့်ရှစ်ကွက်ဟာ မဆိုးလှ ဘူးဗျာ၊ အလှပြတဲ့ဓားသိုင်းထက် နည်းနည်းပိုပါတယ်' ဟု ပြောလိုက်သည်။

ချင်းလေ ဘာမှမပြောနိုင်ပေ။



သူက မရှုမလှ အရေးနိမ့်သွားပြီဖြစ်ပါသော။

ကွမ်းကျုံးခက်ကသာ သူ့အား ရန်သူတစ်ယောက်ပမာ သဘောထားမည်ဆိုပါလျှင် အသက်ရှင်လျက် မြေပေါ် ရပ်နိုင် တော့မည် မဟုတ်ပေ။

ကွမ်းကျုံးခက်က ဆက်ပြောလေသည်။

'မိုးကြိုးရဲ့တိုက်က သိုင်းလောကတစ်ခုလုံးကို ဦးဆောင်မယ် ဆိုရင် မဆိုးပါဘူး၊ ဒါပေမယ့် သိုင်းလောကတစ်ခုလုံးအတွက် တာဝန်ယူရမယ်ဆိုတော့ ပင်ပန်းလွန်းပါတယ်ဗျာ၊ အေးအေး ဆေးဆေးနေတာ ကောင်းပါလိမ့်မယ်'

ချင်းလေ ခေါင်းငိုက်စိုက်ကျသွားလေ၏။

သူ၏ ရည်ရွယ်ချက်၊ မျှော်လင့်ချက်ကား ပျက်စီးလွင့်ပါး သွားရပြီဖြစ်ပါသည်။

သူ၏အရည်အချင်းဖြင့် သိုင်းလောက၌ ဘယ်သောအခါမှ ခေါင်မထောင်နိုင်တော့ မည်မဟုတ်ကြောင်းလည်း နားလည် လိုက်သည်။

ကွမ်းကျုံးခက်က—

'ကဲ–ကျုပ်မှာ သွားစရာလေးရှိလို့ ခွင့်ပြုပါဦးဗျာ'

စကားဆုံးလျှင် ချင်းလေ့ကို ဂရုမစိုက်တော့ဘဲ ခြေလှမ်း ကျဲကျဲဖြင့် လျှောက်သွားလေသည်။

ချင်းလေကား မလှုပ်မယှက်ရပ်ရင်း ကျန်ရစ်ခဲ့လေတော့ သည်။

သတင်းဆိုး

---

လေဝှေ့ယမ်း တိုက်ခတ်လာ၏။

ကောင်းကင်ပေါ်တွင် တိမ်ဖြူအချို့ လေနှင့်အတူ လွင့်မျောနေ၏။

ငှက်ကလေးများလည်း အသံစာစာပေးကာ ပျံသန်းသွားကြသည်။

စိမ်းလန်းသော တောအုပ်ကြီးရှေ့တွင် သာယာလှပသော ရေကန်ကြီး တစ်ကန် ရှိနေပါ၏။

ထင်ရှားသော ဗျိုင်းဝါရေကန်ပင် ဖြစ်ပါသည်။

ကွမ်းကျုံးခက်သည် ဗျိုင်းဝါရေကန်သို့ ရောက်လာပြီဖြစ်သည်။



ဗျိုင်းဝါရေကန်အနီးတွင် တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသော ရေလုပ်သားများ နေထိုင်သည့် ရွာကလေးများ ရှိနေ၏။

ရွှေယပ်တောင် ယန်းဖုံး၏ ညီဝမ်းကွဲဖြစ်သော ယန်းမင်း နေထိုင်သည့် အိမ်ကို ကွမ်းကျုံးခက် ကောင်းစွာသိထားပါသည်။

ရွှေယပ်တောင် ယန်းဖုံးနှင့်အတူ ယန်းမင်း၏အိမ်သို့အလည် တစ်ခေါက် ရောက်ခဲ့ဖူးသည် မဟုတ်ပါလား။

ကွမ်းကျုံးခက်သည် မိုးကြိုးရဲတိုက်ပိုင်ရှင် ချင်းလော့ကိုဆုံးမပြီးနောက် ဗျိုင်းဝါရေကန်အနီးရှိ ယန်းမင်း၏အိမ်သို့ ဦးတည်လာခဲ့လေသည်။

ကံကောင်းထောက်မသည်ဟု ဆိုရပေမည်။

သူရောက်သွားသောအခါ ယန်းမင်းကို အဆင်သင့် တွေ့ရလေသည်။

ယန်းမင်းမှာ တံငါသည်တစ်ယောက် ဖြစ်ပါသည်။

ယနေ့အဖို့ ကောင်းစွာနေမကောင်းသဖြင့် ငါးဖမ်းမထွက်ဘဲ အိမ်၌ နေနေခြင်း ဖြစ်လေသည်။

ကွမ်းကျုံးခက်က—
'ညီလေး ယန်းမင်း'

ဟု ခေါ်လိုက်လျှင် ယန်းမင်းက ကြောင်အမ်းအမ်း
ကြည့်နေ၏။

ကွမ်းကျုံးခက်က—

'ဘယ်လိုလဲ၊ ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလား၊
ရဲ့ အစ်ကို ယန်းဖုံးရဲ့ မိတ်ဆွေ ကွမ်းကျုံးခက်လေကွာ'
ဟု ပြောလိုက်တော့မှ ယန်းမင်း မှတ်မိသွားလေသည်။

'လက်စသတ်တော့ အစ်ကိုကြီး ကွမ်းကျုံးခက်ကိုး၊ မ
ရတာ အတော်ကြာနေပြီ၊ ဖြုန်းစားကြီး တွေ့လိုက်ရလို့
တရက် မမှတ်မိတာကို ခွင့်လွှတ်ပါဗျာ'

ကွမ်းကျုံးခက်က—

'ကိစ္စမရှိပါဘူးကွာ၊ ဒါထက် ယန်းဖုံးကော'
ဟု မေးလိုက်သည်။

ယန်းမင်းက—

'အစ်ကိုကြီး မရှိဘူး၊ ခရီးထွက်သွားတာ ဆယ်ရက်လော
ရှိပြီ'

ကွမ်းကျုံးခက် ရင်မောသွားလေသည်။



'သူ ဘယ်သွားတာလဲ ပြောပါဦးကွ'

ကျောက်ကျီမြို့ကို သွားမယ်လို့ ပြောသွားတာပဲ၊ သူ့ရဲ့မိတ်
ဆွေ တစ်ယောက်မှာ ပြဿနာပေါ်နေတယ်လို့ ပြောတာပဲ'

ကွမ်းကျုံးခက် ရင်ထိတ်သွားလေသည်။

အရှေ့ဘက်ခရိုင်မှ ကျောက်ကျီမြို့ကို ကောင်းစွာသိအားပါ
သည်။

ကျောက်ကျီမြို့တွင် မင်းသားလေးဟုတုရှောင်အင်း နေထိုင်
ဟုတ်ပါလား။

ယန်းမင်း၏ စကားအတိုင်းဆိုလျှင် တုရှောင်အင်း အခက်
ခဲ တွေ့နေကြောင်းသိရ၍ ယန်းဖုံးက အားချင်းလိုက်သွား
င်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

'ဒါထက် ကျောက်ကျီမြို့က သူ့ရဲ့မိတ်ဆွေဆိုတာ မင်းသား
လား တုရှောင်အင်းကို ပြောတာလား'

ဟု ပို၍ သေချာအောင် မေးလိုက်လေသည်။

ယန်းမင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ အစ်ကိုက မင်းသားလေး
ရှောင်အင်းဆီကို အမြန်ဆုံး လိုက်သွားရမယ်လို့ ပြောခဲ့တာ

ပဲ၊ ကျွန်တော့် နာမည်မေ့နေလို့ပါ၊ အစ်ကိုကြီး အစဖော်ရ
မှပဲ ပြန်ပြီးသတိရတော့တယ်'

ကွမ်းကျုံးခက်ကား မျက်နှာပျက်နေပါ၏။

တုရှောင်အင်း တစ်ယောက် ပြုံးသွား တစ်စုံတစ်ရာ
ကြုံတွေ့နေရပြီဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

'အင်း… ဒီအတိုင်းဆိုရင် ကျုပ်လဲ ကျောက်ကျိမြို့ကို လို
သွားမှ ဖြစ်မယ်၊ ဒါထက် ငါ့ညီတို့ရွာမှာ မြင်းကောင်းတ
ကောင်လောက် ဝယ်လို့မရနိုင်ဘူးလား'

ယန်းမင်းက…

'အစ်ကိုကြီး လိုချင်တယ်ဆိုရင် ဝယ်စရာမလိုပါဘူးဗျ
အစ်ကို့ယန်းဖုံးမွေးထားတဲ့မြင်းတွေ ရှိပါတယ်၊ ကြိုက်ရာသ
ယူသွားပါဗျာ'

'ကျေးဇူးပဲ ငါ့ညီရေ'

ကွမ်းကျုံးခက်သည် ယန်းမင်းထံမှမြင်းတစ်ကောင်ကော
ယူကာ ချက်ချင်း ခရီးပြင်းနှင်လေတော့သည်။

❀



ကျောက်ကျိမြို့…

ကျောက်ကျိမြို့သည် အာရှပိုင်းခရိုင်တွင် ထင်ရှားသော မြို့တစ်မြို့ ဖြစ်ပါသည်။

ကျောက်ကျိမြို့၌ မင်းသားလေးတုရှောင်အင်း၏ အိမ်သို့လည်း ကွမ်းကျုံးခက် ရောက်ဖူးထားပေသည်။

နှစ်ရက်လုံးလုံး နေ့ရောညပါ ခရီးပြင်းနှင်ခဲ့ပြီး ကျောက်ကျိမြို့သို့ ရောက်လေသောအခါ တုရှောင်အင်းအိမ်သို့ တန်းတန်းမတ်မတ် သွားပြန်သည်။

သို့သော် ယခုတစ်ကြိမ်၌ ကံမကောင်းတော့ပါ။

တုရှောင်အင်း၏အိမ်သို့ ရောက်သောအခါ အိမ်တံခါး သော့ခတ်လျက် ပိတ်ထားသည်ကို တွေ့ရ၏။

\ ကွမ်းကျုံးခက် အမောဆို့သွား၏။

တုရှောင်အင်းနှင့် ယန်းဖုံးတို့သည် အိမ်ရှိသော်လည်း၊ အိမ်မှာမနေတဲ့ သိုင်းလောက နယ်တစ်လွှား သွားလာနေကြသူများ ဖြစ်သည်။

သူတို့ အိမ်ပြန်ရောက်လာမည့်အချိန်ကို ထိုင်စောင့်နေပါက မောရှိသာရှိမည်ဖြစ်သည်။

သို့သော်-

ကွမ်းကျုံးခက်သည် တုရွှာင်အင်းနှင့် ယန်းဖုံးတို့ ပြန်ရောက်လာသည်အထိ ကျောက်ကျိမြို့၌ပင် စောင့်နေရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ဆုံးဖြတ်လိုက်ရသည်မှာ အကြောင်းရှိပါသည်။

ယန်းမင်းထံမှ ကြားခဲ့ရသည့် သတင်းအရ တုရွှာင်အင်းတွင် မည်သို့သောပြဿနာ ဖြစ်ပေါ်နေကြောင်း သတင်းစုံစမ်းရန် မြို့လယ်ပိုင်းသို့ ထွက်လာခဲ့သည်။

မြို့လယ်လမ်းမတစ်လျှောက်တွင် ကြက်ပျံမကျ စည်ကားနေပါသည်။

ကွမ်းကျုံးခက်သည်ဟိုဟိုသည်သည် ကြည့်ပြီး စားသောက်ဆိုင် တစ်ဆိုင်သို့ လှမ်းသွားလိုက်သည်။

ဆိုင်ရှေ့၌ သူတောင်းစားတစ်ယောက်တည် အသံစာစာဖြင့် တောင်းရမ်းနေပါ၏။

ထိုသူတောင်းစားမှာ ခြေလက်အင်္ဂါ စုံလင်ပြီး သန်ဆန်စွမ်းစွမ်းရှိ၏။

အသက်လေးဆယ်ခန့်ရှိ၏။



သူ၏အဝတ်အစားများမှာ ဖာထေးရာဗရပွဖြင့် ချေးညှော် အလိမ်းလိမ်း ကပ်ငြိကာ ညစ်ပတ်နံစော်နေ၏။

သူ၏မျက်နှာလည်း ကြောင်ချေးရုပ်ဖြစ်နေ၏။

သို့သော်....

သေသေချာချာ အကဲခတ်ကြည့်မည်ဆိုလျှင် သူတောင်းစားသည် တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိကြောင်း တွေ့ရမည် ဖြစ်၏။

ကွမ်းကျုံးခက် စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိသွားသောအခါ—

'သနားသဖြင့် ပေးကမ်းစွန့်ကြဲတော်မူကြပါ'

သူတောင်းစားသည် အသံစာစာဖြင့် တောင်းဆမ်းရင်း ခွက်ဆိုးခံသည်။

ကွမ်းကျုံးခက်လည်း ငွေဒင်္ဂါးပြားထုတ်ကာ စွန့်ကြဲလိုက်လေ၏။

ထိုစဉ်—

'အံ့မယ်—မင်းက လှလှိုဝလို့ပါလား၊ ငါက မင်းသေသွားပြီလို့တောင် ထင်နေတာ'

သူတောင်းစားက ရင်းရင်းနှီးနှီးပြောလေသည်။

ကွမ်းကျုံးခက်သည် ယခုမှ သူတောင်းစားကို သေသေချာချာ အကဲခတ်ကြည့်လိုက်မိ၏။

သူတောင်းစား၏ ရုပ်သွင်ကိုတွေ့လျှင်....

'ဟင်... လီရှောင်လုံးပါလား'

လွှတ်ခနဲ ရေရွတ်လိုက်မိ၏။

ထိုသူတောင်းစားအား သူ ကောင်းစွာသိထားပါ၏။

သူတောင်းစား၏အမည်မှာ လီရှောင်လုံးဖြစ်ပြီး တိုင်းပြည်တစ်ဝှမ်းလုံး ပျံ့နှံ့နေသော အဖွဲ့ဝင်အင်အား ရာထောင်ချီရှိသည့် လေလွင့်ဗေဒါဂိုဏ်းမှ ဌာနခွဲမှူးအဆင့်ရှိသူ ဖြစ်နေလေသည်။

လေလွင့်ဗေဒါဂိုဏ်းသည် သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်နေသော သိုင်းအဖွဲ့အစည်းတစ်ခု ဖြစ်၏။

ဂိုဏ်းသားများသည် လိုင်းပြည်တစ်ဝှမ်းလုံးသို့ တောင်ရမ်း စားသောက်သူများ အသွင်ဖြင့် သွားလာလှုပ်ရှားရင်း ဒုက္ခရိုက်သမားများ အနက်ရှောင် သိုင်းလောကသားများ အကြောင်း စုံစမ်းကြသည်။



အခက်ကြုံနေသူများ၊ ဒုက္ခရောက်နေသူ များကို ကူညီကြလေသည်။

အလွန်ထူးခြားသော သိုင်းအဖွဲ့တစ်ခုဖြစ်လေ၏။

ကွမ်းကျုံးခက် သိုင်းလောကတွင် လှုပ်ရှားခဲ့စဉ်က ထိုလူနှင့် ရင်းနှီးခဲ့ခြင်းဖြစ်၏။

ယခု...

လီရှောင်လုံးအား မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ သူ ဝမ်းသာသွားသည်။

'လက်စသတ်တော့ ခင်ဗျားကိုး'

'ဟုတ်တယ်၊ ကျွန်းဟို၊ သိုင်းလောကကို ကျောခိုင်းသွားတာနဲ့ မင်းလဲ ပျောက်သွားလိုက်တာ၊ သိုင်းလောကထဲပြန်ပြီး ခြေချမလာတော့ဘူးလို့တောင် ထင်နေကြတာကွ'

ကွမ်းကျုံးခက်က...

'အကြောင်းအမျိုးမျိုးကြောင့်ပေါ့ဗျာ၊ ဒါပေမယ့်ခင်ဗျား ဒီမြို့ကိုရောက်လာတာ အကြောင်းတော့ရှိခဲ့ယ်ထင်တယ်'

လီရှောင်လုံးက ရယ်မောလိုက်၏။

'ဟဲ ဟဲ ဟဲ၊ အကြောင်းအမျိုးမျိုးကြောင့်ပေါ့ကွ'

ကွမ်းကျူးခက်ပြောသလို သံယောင်လိုက်ကာ မပြောနေလေသည်။

ကွမ်းကျူးခက် ရယ်မောလိုက်သည်။

'ကဲ...ထားပါတော့ဗျာ၊ ကျုပ်နဲ့အတူတူ အရက်တစ်ခွက်သောက်လိုက်ပါလားဗျာ'

ဟု ဖိတ်ခေါ်လိုက်၏။

လီရှောင်လုံက—

'မလုပ်ပါနဲ့ကွာ၊ ငါလိုသူတောင်းစားတစ်ယောက်နဲ့အတူ အရက်တွဲသောက်မယ်ဆိုရင် ခင်း သိက္ခာကျသွားမှာပေါ့'

ကွမ်းကျူးခက်က....

'ကိစ္စမရှိပါဘူးဗျာ၊ လာပါ'

လီရှောင်လုံ ခေါင်းခါယမ်းလိုက်၏။

'မင်းကခေါ်ပေမယ့် ဆိုင်ရှင်နဲ့ ဆိုင်လုလင်တွေက ငါ့ကို လက်ခံကြမှာမဟုတ်ဘူးကွ'

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

'ဒါဖြင့် ခဏစောင့်နေ၊ ကျုပ် စားသောက်စရာတွေဝယ်လိုက်ဦးမယ်၊ ပြီးမှ အနှောင့်အယှက်ကင်းတဲ့နေရာမှာသွားပြီး စားသောက်ကြမယ်၊ မကောင်းဘူးလား'



လီရှောင်လုံက—

'ကောင်း မင်းကိုကြည့်ရတာ ငါ့အဲကြ တစ်ခုခုကိုလိုချင်နေပြီထင်တယ်၊ အားပါတော့လေ၊ ခင်း မြန်မြန်ဝယ်လိုက်လေ့တာနဲ့ အရက်ကောင်းကောင်း တစ်အိုးလောက် ဝယ်လာဖို့ မမေ့နဲ့ဦးနော်'

ဟု မှာကြားလိုက်သည်။

ကွမ်းကျူးခက် ခေါင်းညိတ်လိုက်၏။

'စိတ်ချပါဗျာ'

စကားဆုံးလျှင် ဆိုင်ထဲသို့ ခပ်သွက်သွက်ဝင်သွား၏။

သူတောင်းစားတစ်ယောက်နှင့် ရင်းရင်းနှီးနှီး စကားပြောနေသော ကွမ်းကျူးခက်အား ဆိုင်လုလင်များက အအံ့တသြ ကြည့်နေကြပါ၏။

မကြာမီ—

ကွမ်းကျူးခက်က စားသောက်ဖွယ်ရာများထည့်ထားသော အထုပ်နှင့် အရက်တိုးကိုဆွဲကာ ထို သူတောင်းစားနှင့်အတူ ရယ်ရယ်မောမော စကားပြောရင်း ထွက်သွားလေသည်။ အခါ ထိုပြီးအံ့သြကုန်ကြလေတော့သည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ကွမ်းကျုံးခက်နှင့် ရှုတောင်းစားလီရှောင်လုံတို့ နှစ်ယောက်သား အတူတကွထိုင်ကာ စားသောက်နေကြပါသည်။

လီရှောင်လုံသည် အချက်သို့ သေးခွက်ဝင်သွားသောအခါ အာရှင်ထားလေသည်။

'ကျွန်းဟိုက သိုင်းလောကကိုကျောခိုင်းသွားတာ အခေတ်ကိုဝမ်းနည်းစရာကောင်းအောင်ပဲကွ၊ ငါတို့ဂိုဏ်းချုပ်ဆို တဖျစ်တောက်တောက်နဲ့ ပြောလို့မဆုံးဘူး၊ သူကိုယ်တိုင်မကောင်းလာတွေ့ဦးမလို့၊ ဒါပေမယ့် ကျွန်းဟိုက ဆုံးဖြတ်ပြီးရင် ပြန်ဖြစ်တက်တဲ့ လူစားမျိုးမဟုတ်ဘူးဆိုတာသိလို့ လက်ပိုက်ကြည့်နေလိုက်ရအာ'

ကွမ်းကျုံးခက်က....

'အစ်ကိုကြီးဟာ တိုက်ခိုက်သတ်ပုတ်နေရတဲ့ သိုင်းလောကကို စိတ်ကုန်နေပါပြီဗျာ'

လီရှောင်လုံက—

'အေး... သူစိတ်ကုန်မယ်ဆိုရင်လဲ စိတ်ကုန်စရာပဲ၊ အခု ကြည့်ပါဦး၊ သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်အောင်လုပ်ချင်တဲ့လူတွေပေါ်လာပြန်ပြီ'

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားသည်။



'ဘာတွေများဖြစ်နေလို့လဲဗျ'

'ဘာဖြစ်ရမလဲ၊ လျှို့ဝှက်ဂိုဏ်းတစ်ခုပေါ်လာပြီလေကွာ'

'လျှို့ဝှက်ဂိုဏ်း'

'ဟုတ်တယ်၊ သူတို့ဟာ သိုင်းလောကကိုကောင်းကောင်းကြီးဒုက္ခပေးနေကြပြီကွ'

ကွမ်းကျုံးခက်က....
'ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦးဗျာ'
ဟု မေးလိုက်သည်။

လီရှောင်လုံက—
'လျှို့ဝှက်ဂိုဏ်းတစ်ခု သိုင်းလောကမှာ ပေါ်ပေါက်လာတယ်လို့ ပြောပြီးပြီလေကွာ'

'အင်းလေ... ဘယ်လိုဂိုဏ်းမျိုးလဲ၊ ဂိုဏ်းချုပ်ဟာဘယ်သူလဲဆိုတာ ပြောဦးမှပေါ့ဗျ'

'ဒါတော့ ငါမသိဘူး'

'ဗျာ'

လီရှောင်လုံက—

'ငါက မင်းကိုမပြောချင်လို့မဟုတ်ဘူး၊ အကယ်ကို မသိတာ၊ ငါမပြောနဲ့ သိုင်းလောကတစ်ခုလုံး ဘယ်သူမှ မသိကြဘူးကွ'

ကွမ်းကျုံးခက် စိတ်ဝင်စားသွားတော့သည်။

'လျှို့ဝှက်ဂိုဏ်းတစ်ခု ပေါ်ပေါက်လာတယ်၊ ဒါပေမယ့် လျှို့ဝှက်ဂိုဏ်းသားတွေဟာ ဂိုဏ်းချုပ်ပါ ဘယ်သူဘယ်ဝါဆိုတာကို သိုင်းလောကတစ်ခုလုံးက မသိကြဘူးဆိုပါတော့'

လီရှောင်လုံက—

'ဟုတ်လိုက်လေကွာ၊ ဒီအတိုင်းပဲ'

ပြောရင်း အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။ ကြက်ပေါင်ကြော်တစ်ခုကိုယူကာ ကိုက်ဖဲ့စားလိုက်၏။

ပေကျံသွားသောလက်ချောင်းများကို အင်္ကျီဖြင့်ပင်သုတ်လိုက်သည်။

ကွမ်းကျုံးခက်က....

'ဘယ်သူမှ ဘာမှန်းမသိကြတဲ့ လျှို့ဝှက်ဂိုဏ်းတစ်ခုပေါ် ဟုတ်လား'

'ဒါပေါ့ကွာ'

'ဘာမှန်းမသိတဲ့ဂိုဏ်းတစ်ဂိုဏ်းပေါ်လာတယ်ဆိုတာတော့ ဘယ်လိုလုပ်ပြီးသိကြတာလဲဗျာ'

ဟု မေးပြီး ကွမ်းကျုံးခက် ရယ်မောလိုက်သည်။



လီရှောင်လုံက—

'ဒါ ရယ်စရာမဟုတ်ဘူးကွ၊ လျှို့ဝှက်ဂိုဏ်းရဲ့ လက်ချက်ကြောင့် သိုင်းလောကက ထိပ်သီး သိုင်းသမားအချို့ သေဆုံးသွားခဲ့ကြပြီကွ'

ကွမ်းကျုံးခက်က—

'ဘယ်သူတွေများလဲဗျ ပြောပါဦး'

'ကျွားနိုင်လက်သီးကျောင်းဟူ၊ ဝါဆန်းဂိုဏ်းက ဓားသမား ကျန်းရ၊ မြစ်ဝါးမြစ်က သိုင်းသုံးဖော်၊ နောက်ထပ်ကျန်သေးတယ်'

လီရှောင်လုံ၏စကားကြောင့် ကွမ်းကျုံးခက် ဘာမှမပြောနိုင်တော့တဲ့ ငြိမ်ကျသွား၏။

လီရှောင်လုံက—

'ကဲ—မင်းစဉ်းစားကြည့်လေ၊ ကျွားနိုင်လက်သီး ကျောင်းဟူတို့ လုပ်ကြံခံလိုက်ရတယ်ဆိုတော့ ရန်သူဟာ ဘယ်လောက်ကြောက်ဖို့ကောင်းတယ်ဆိုတာ ထင်ရှားနေပြီပေါ့ကွာ'

ကွမ်းကျုံးခက် ခေါင်းညိတ်ဝန်ခံလိုက်ရလေတော့သည်။

'ဟုတ်ပါတယ်ဗျာ'

လီရှောင်လုံက....

'တကယ့် နာမည်ကျော် အဖြူရောင်သိုင်းသမားတွေ တ
တစ်ယောက်ပြီးတစ်ယောက် အသတ်ခံလိုက်ရတော့ သိုင်းလော
ကသားတွေလဲ ထက်ပိုက်ကြည့်မနေနိုင်တော့ဘဲ စုံစမ်းမှုတ
ပြုလုပ်လာကြတော့တာပေါ့၊ အဲဒီမှာ သိုင်းလောကကို ဒုက
ပေးဖို့ လျှို့ဝှက်ဂိုဏ်းတစ်ခု ပေါ်ပေါက်နေတယ်ဆိုတာ သိလာ
ရတော့တာပဲ'

ကွမ်းကျုံးခက် သက်ပြင်းချလိုက်လေသည်။

သိုင်းလောက၌ ထူးခြားသော ပြောင်းလဲမှုများ ပေါ
ပေါက်နေပြီမှာ အမှန်ပင်ဖြစ်နေပါတော့သည်။

လီရှောင်လုံပြောပြသည် လျှို့ဝှက်ဂိုဏ်းသည် အဖြူရော
သိုင်းထိပ်သီးများအား လုပ်ကြံသတ်ဖြတ်နေခြင်းကြောင့် သိုင်
လောကအား ဒုက္ခပေးမည့် လျှို့ဝှက်ဂိုဏ်းတစ်ခုဖြစ်ကြောင်
ထင်ရှားနေ၏။

'အစ်ကိုကြီးကျန်းဟိုသာရှိရင်တော့ လျှို့ဝှက်ဂိုဏ်းကို ချ
ချင်း ဖော်ထုတ် ဖြိုခွဲပစ်လိုက်မှာပဲ'

တွေးရင်း ကျန်းဟိုကို သတိရလာသည်။

လီရှောင်လုံက—



'လျှို့ဝှက်ဂိုဏ်းသားတွေမို့ သိုင်းပညာဟာ အတော့်ကို ကြောက်စရာကောင်းတယ်ကွ၊ သူတို့ဟာ တစ်ကိုယ်လုံးအနက်ရောင် ဝတ်ဆင်ပြီး မျက်နှာဖုံးစွပ်ထားကြတယ်၊ အဖြူရောင် သိုင်းသမားတစ်ယောက်ကို လုပ်ကြံတော့မယ်ဆိုရင် မြူနှင်းစားကြီး ပေါ်လာပြီး လုပ်ကြံပြီးတာနဲ့ ချက်ချင်း ပြန်ပြီးပျောက်ကွယ်သွားတတ်ကြတယ်၊ ဘယ်နေရာက ဘယ်လိုပေါ်ထွက်လာတယ်၊ သူတို့ဂိုဏ်းဌာနချုပ် ဘယ်မှာရှိတယ်ဆိုတာတွေ ဘာမှ မသိရသေးဘူး'

ကွမ်းကျုံးခက်က—

'မျက်နှာဖုံးစွပ်ထားတယ်ဆိုမှတော့ လူသိခံချင်လို့ဆိုတာ ထင်ရှားနေတာပေါ့ကွာ'

လီရှောင်လုံက လက်ခုပ်လက်ဝါးတီးလိုက်သည်။

'ဟုတ်တယ်လေကွာ၊ ငါတို့ လေးသွင့်ဗေဒါဂိုဏ်းချုပ်ကလဲ ဒီလို မှတ်ချက်ချခဲ့တာပဲကွ၊ ပြီးတော့ လျှို့ဝှက်ဂိုဏ်းထဲမှာ သိုင်းလောက က လူရိုသေ ရှင်ရိုသေ သိုင်းသမားကြီးတွေ တောင် ပါဝင်နိုင်သေးတယ်လို့ ထင်မြင်ချက်ပေးသေးတယ်ကွ'

ကွမ်းကျုံးခက်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေ၏။

'လူရိုသေ ရှင်ရိုသေသိုင်းသမားတွေတောင် ပါဝင်နိုင်သေးတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုရင် အကောင့်ကို ခေါင်းကိုက်စရာကောင်းတော့မှာပဲ'

လီရှောင်လုံက....

'ဘာလဲ သိုင်းလောကထဲကိုပြန်ဆော့မိတာမှားပြီလို့ ခင်းထင်နေပြီလား'

ကွမ်းကျုံးခက်က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်ဟာ အကြောင်းတစ်ခုခုကြောင့် သိုင်းလောကနဲ့ ခဏခဏဝေးနေပေမယ့် သိုင်းလော ကမှာပဲ တစ်သက်လုံး နေထိုင်သွားမယ့် လူတစ်ယောက်ပါဗျာ'

လီရှောင်လုံက...

'မင်းက ကျန်းဟိုကိုသွားခဲ့တွေ့ပြီး အကျိုးအကြောင်းပြောပြရင်ကော အယ်လိုနေမလဲ'

ဟု မေးလိုက်၏။

ကွမ်းကျုံးခက်က...

'မဖြစ်နိုင်ပါဘူးဗျာ၊ အစ်ကိုကြီးက သိုင်းလောကကို ဖြေချမှာ မဟုတ်တော့ဘူးဗျ'



လီရှောင်လုံက....

'ဘာပဲဖြစ်ဖြစ် သူဟာ သိုင်းလောကကြီးအပေါ် သံယောဇဉ်တော့ ရှိနေမှာပါကွာ၊ သိုင်းလောကပျက်စီးမယ့် အရေးကြုံလာရင် လက်ပိုက်ကြည့်နေမယ် မထင်ပါဘူး၊ မင်း ကြိုးစားကြည့်ပါလား'

ကွမ်းကျုံးခက်က ဘာမှပြန်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

လီရှောင်လုံက...

'အရေးထဲ အရာပေါ် ဆိုသလို ကျောင်းမြို့စားက ကျုပ်တို့ မရှိတော့တာနဲ့ သိုင်းလောကပထမဘွဲ့နေရာအတွက် သိုင်းပြိုင်ပွဲတွေ ကျင်းပဖို့ အဆိုပြုနေသေးတယ်၊ လျှို့ဝှက်ဂိုဏ်းတော သိုင်းပြိုင်ပွဲတွေကောဆိုရင် အခြေအနေတွေ အားလုံးရှုပ်ထွေးကုန်မယ်ကွ'

ကွမ်းကျုံးခက် သက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ သိုင်းလောကသားတွေဟာ ပထမဘွဲ့ထူးကို လိုချင်ကြတာနဲ့ပဲ တခြားကိစ္စတွေကို လျစ်လျူရှုထားပြီး ကိုယ်ကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်နေကြတယ်၊ အချို့ဆိုရင် သိုင်းပညာအားကိုးနဲ့ ထင်ရာစိုင်းနေကြပြီ'

သူကိုယ်တိုင် မိုးကြိုးရဲတိုက်ရှင် ချင်းလှေနှင့် ရင်ဆိုင်ခဲ့ရကြောင်း ပြောပြလိုက်သည်။

လီရှောင်လုံ အံ့သြသွားသည်။

'မင်းက ချင်းလှေကိုဆုံးမလိုက်တယ် ဟုတ်လား'

'ဟုတ်တယ်လေ'

'ဒါဆို မင်းရဲ့ပညာ အတော်ကို တိုးတက်လာပြီလို့ ဆိုရမှာပဲ'

'ဘာဖြစ်လို့လဲဗျ'

လီရှောင်လုံက—

'ချင်းလှေရဲ့ မိုးကြိုးဓားသိုင်းဟာ ကြောက်စရာကောင်းအောင် အစွမ်းထက်တယ်ဆိုတာ သိုင်းလောကတစ်ခုလုံး လက်ခံထားရတာပဲ၊ သူဟာ သိုင်းလောကပထမတွဲထူးရဖို့ချိန်နေတဲ့ သိုင်းသမားကြီးနှစ်ယောက်နောက်က ကပ်လိုက်နေတဲ့လူပေါ့၊ သူ့ရှေ့က သိုင်းသမားကြီးနှစ်ယောက်ကို ဖြတ်ကျော်နိုင်မယ်ဆိုရင် ပထမတွဲဟာ သူ့လက်ထဲရောက်သွားမှာ၊ ခုတော့—'

သူက စကားတစ်ပိုင်းတစ်စ ရပ်ထားလိုက်သဖြင့် ကွမ်းကျုံးခက်က ဆက်ပြောလိုက်သည်။

'ခုတော့ သူ ဘာမှမတတ်နိုင်တော့ဘူးပေါ့'



လီရှောင်လုံက—

'အေး— သူဟာ မင်းကို ဘယ်တော့မှ အခဲကျေတော့မှာမဟုတ်ဘူး'

'ကိစ္စမရှိပါဘူးဗျာ၊ အခဲမကျေလဲ ဘာမှတတ်နိုင်တော့မှာမဟုတ်ဘူးဆိုတာ သူကောင်းကောင်းကြီးသိထားမှာပါ'

ကွမ်းကျုံးခက်က ခပ်အေးအေးပင် ပြောလိုက်သည်။

လီရှောင်လုံက....

'အင်း— မင်းဟာ သိုင်းလောကမှာဆယ်နှစ်လောက်ပျောက်နေပြီး အခု ပြန်ပေါ်လာတော့ မယုံနိုင်စရာကောင်းလောက်အောင် သိုင်းပညာတိုးတက်လာတာ ထင်ရှားနေပြီ၊ ဘာလဲ မင်းက ကျွန်းဟိုနောက်ကိုလိုက်သွားပြီး သိုင်းပညာလေ့ကျင့်ခဲ့လို့လားကွ'

ကွမ်းကျုံးခက်က....

'အစ်ကိုကြီးနဲ့ကျုပ်ဟာ တစ်လမ်းစီ သွားခဲ့ကြတာပါဗျာ'

လီရှောင်လုံက....

'ထားပါတော့လေ၊ ဒီမြို့ကို ရောက်လာတာကကော ဘာကြောင့်လဲ'

ကွမ်းကျူးခက်က—

'တခြားကိစ္စတော့ မရှိပါဘူးဗျာ၊ ကျုပ်ရဲ့ သူငယ်ချင်း တုရှောင်အင်းကို ရှာနေတာပါ၊'

'ဪ—'

လီရှောင်လုံသည် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး—

'ဟုတ်သားပဲ၊ မင်းသားလေး တုရှောင်အင်းဟာ ဒီမြို့မှာနေတာကိုး၊ ကျုပ်မေ့သွားတယ်၊ သူ့အတွက် စိတ်မကောင်းပါဘူးကွာ'

'ဗျာ'

ကွမ်းကျူးခက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'တုရှောင်အင်းအတွက် စိတ်မကောင်းဘူး၊ ဟုတ်လား၊ သူက ဘာများဖြစ်နေလို့လဲ၊ ပြောစမ်းပါဦးဗျ'

ဟု အမေးတကြီး မေးလိုက်လေသည်။

လီရှောင်လုံက—

'မင်း မသိသေးဘူးလား၊ သူ့ရဲ့သတင်းကြားလို့ လိုက်လာတာ မဟုတ်ဘူးလား'

ကွမ်းကျူးခက်က...



'တုရှောင်အင်းဟာ ပြဿနာတစ်ခုခုနဲ့ ကြုံနေရတယ်လို့ပဲ ကြားမိတယ်၊ ဘာဖြစ်နေတယ်ဆိုတာ ကျုပ်သေသေချာချာ မသိသေးဘူးဗျ၊ သူနဲ့တွေ့တော့မှပဲ မေးကြည့်မယ်လို့ စိတ်ကူးထားတာ'

လီရှောင်လုံက—

'သူက မင်းကို ပြော ပြနိုင်မယ်လို့များ ထင်နေသလား'

'ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမလဲ၊ တုရှောင်အင်း သေသွားပြီလေကွာ'

'ဗျာ'

ကွမ်းကျူးခက် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လီရှောင်လုံက—

'ငါလဲ ဒီမြို့ကို တစ်နေ့ကမှ ရောက်လာတာ၊ တုရှောင်အင်း သေသွားပြီဆိုတဲ့ သတင်းကို မနေ့ကမှ ကြားမိတာကွ၊ အေး လေ— မင်းတို့ဟာ သွေးသောက်မိတ်ဆွေတွေအဖြစ် သိုင်းလောကမှာ အတူတကွ ကျင်လည်ကျက်စားခဲ့ကြဖူးတာပဲလေ'

ကွမ်းကျူးခက် မယုံကြည်နိုင်အောင် ဖြစ်သွား၏။

'တု...တုရှောင်အင်း သေသွားပြီဆိုတာ တကယ်ပဲလား ဗျာ'

ဟု မေးလိုက်လေသည်။

လီရှောင်လုံက....

'သေချာပါတယ်၊ သမားတော်ကြီး ဝမ်ပါဟာ ဘယ်တော့မဆို မှန်သောစကားကိုပဲ ပြောတယ်လို့ လူတိုင်းသိကြတယ်မဟုတ်လား၊ ငါက လျှို့ဝှက်ဂိုဏ်းအကြောင်း လိုက်စုံစမ်းရင်းဒီမြို့ကို ရောက်လာတော့ သူနဲ့သွားတွေ့ပြီး မေးမြန်းကြည့်ကာလျှို့ဝှက်ဂိုဏ်းအကြောင်းတော့ မသိရသေးဘူး၊ တုရှောင်အင်သေသွားပြီဆိုတဲ့သတင်းပဲ ကြားခဲ့ရတယ်၊ ငါ့ပြောဟာ မယုံရင် သမားတော်ကြီး ဝမ်ပါဆီမှာ သွားပြီး စုံစမ်းကြည့်ပါလား'

'ကောင်းပြီ'

ကွမ်းကျုံးခက်က ချက်ချင်းပင် ထိုင်ရာမှ ထလိုက်လေသည်၊

လီရှောင်လုံက အရက်အိုးကို မြှောက်ပြရင်း....

'ဟော...အရက်တွေ အများကြီး ကျန်သေးတယ်၊ သောက်သွားပါဦးကွ'

ဟု ပြောသေးသည်။

ကွမ်းကျုံးခက်က ....

'ခင်ဗျားပဲ သောက်လိုက်ပါတော့ဗျာ'၊

စကားအဆုံးတွင် လီရှောင်လုံအား ကျောခိုင်းကာ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

✻

---

လျှို့ဝှက်ဂိုဏ်း

---

သမားတော်ဝမ်ပါ....

သမားတော်ဝမ်ပါသည် အတွင်းဒဏ်ရာများကို ကုသရာတွင် ထင်ရှားသူဖြစ်၏။

ထို့ကြောင့်...

သိုင်းလောကသားများသည် အတွင်းဒဏ်ရာ ရခဲ့လျှင် သမားတော်ဝမ်ပါဆီ ရောက်သွားသည်က များ၏။

သမားတော်ဝမ်ပါသည်လည်း သိုင်းလောကသားများ၏ အစွဲသမားတော်ကြီး ဖြစ်လာတော့၏။

ထမားတော်ဝမ်ပါသည် မမှန်သောစကားကို ဘယ်တော့ဆိုလေ့ဆိုထမရှိဟုလည်း သတင်းကြီး၏။

သိုင်းလောကနှင့် ပတ်သက်သော်လည်း သိုင်းသမား၊ တယောက်တော့ မဟုတ်ပါ။

ထမားတော်ဝမ်ပါသည် သူကျွမ်းကျင်သောဆေးပညာဖြင့် သတ္တဝါများ၏အသက်ကို ကယ်တင်ဖို့ ကြိုးစားနေသော မှန်မြတ်သည့် သမားတော်ကြီး တစ်ယောက်သာလျှင် ဖြစ်ပါ၏။

ကွမ်းကျူးခက်ရောက်သွားသောအခါ ထမားတော်ဝမ်မှာ သည် လူနာတစ်ယောက်ကြည့်ရန် သွားနေ၍ အိမ်၌မရှိချေ။

ကွမ်းကျူးခက်စိတ်ပျက်ဘဲ ဇွဲကောင်းကောင်းဖြင့်စောင့်နေလိုက်၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

နေဝန်းနီများ နောက်ဘက်၌ ငုပ်လျှိုးပျောက်ကွယ်သွားသော အမှောင်ထု လွှမ်းခြုံလာ၏။

အိမ်တိုင်း အိမ်တိုင်းလိုလို မီးတွန်းညှိလိုက်ကြပြီဖြစ်၏။

ထိုအချိန်အခါကျမှ သမားတော်ကြီးဝမ်ပါပြန်လည်ရောက်ရှိလာတော့၏။

✱



ထမားတော်ဝမ်ပါသည် ပင်ပန်းနွမ်းနယ်လာခဲ့သော်လည်း ကွမ်းကျူးခက်ကို ကောင်းကောင်း ဧည့်ခံတွေ့ဆုံခဲ့၏။

'မောင်ရင်လေးက ဆေးကုဖို့ကိစ္စနဲ့ လာခဲ့တာမဟုတ်ဘူး၊ ဘယ်လိုအကြောင်းကိစ္စများ ရှိနေလို့လဲကွယ်'

ဟု လာရင်းကိစ္စကိုမေး၏။

သူက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ကြားသိလာတဲ့ ကိစ္စတစ်ခုအတွက် လာခဲ့တာပါ'

'ဘယ်လိုကိစ္စမို့လဲကွယ့်'

'ကျွန်တော့်ရဲ့မိတ်ဆွေ တုရှောင်အင်းနဲ့ ပတ်သက်လို့ပါ၊ ဒီမြို့မှာ မင်းသားလေးတုရှောင်အင်းဆိုရင် လူတိုင်း သိကြပါတယ်ခင်ဗျာ'

သမားတော်ကြီးဝမ်ပါ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ကွယ်၊ ကျုပ်လဲ သူ့ကို ကောင်းကောင်းသိပါတယ်၊ သူ့အတွက် ကျုပ် ဘာမှမတတ်နိုင်ခဲ့တာ အတော့်ကို စိတ်မကောင်းဖြစ်မိပါတယ်'

ကွမ်းကျူးခက် ရင်ထိတ်သွား၏။

လီရှောင်လုံထံမှ ကြားရသည့်သတင်း မှန်ကန်နေပြီဟုလည်း ဆင်ခြင်လိုက်မိ၏။

'တုရှောင်အောင်း ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော့် ပြောပြပါလားခင်ဗျာ၊ ကျွန်တော်ဟာ သူနဲ့ သွေးသော မိတ်ဆွေတစ်ယောက် ဖြစ်ပါတယ်ခင်ဗျာ'

သမားတော်ကြီးဝမ်ပါ ပင့်သက်ရှိုက်လိုက်၏။

'သူနဲ့ပတ်သက်ပြီး ကျုပ်မှာ ပြောစရာသိပ်မရှိပါဘူး။ကွ တစ်နေ့မှာ သူဟာ ကျုပ်ဆီကို ရောက်လာတယ်၊ သူ့ အတွင်းဒဏ်ရာရှိထားလို့ ဆေးကုပေးဖို့ ခေတ္တာရပ်ခံ။ ကျုပ်က သူ့ကိုစမ်းသပ်ကြည့်တော့ အတွင်းဒဏ်ရာရထား လက္ခဏာ မတွေ့ရဘူး၊ ဒါနဲ့ပဲ ဘယ်လိုဒဏ်ရာမှ မရှိဘူ ပြောပြလိုက်တော့ ကျုပ်ကိုတောင်စိတ်ဆိုးပြီးထွက်သွားတ မကြာပါဘူး သူ သေဆုံးသွားတယ်လို့ သိရတာပါပဲ'

ကွမ်းကျုံးခက်က—

သူ ဘာကြောင့်သေဆုံးသွားရတာလဲဗျာ'

'အတွင်းဒဏ်ကြောင့်ပေါ့ကွယ်'

'ဗျာ—'

ကွမ်းကျုံးခက် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

'အတွင်းဒဏ်ကြောင့် ဟုတ်လား၊ သမားတော်ကြီး တော့ သူ့မှာ ဘယ်လိုအတွင်းဒဏ်မှ မရှိဘူးဆို'



သမားတော်ကြီးဝမ်ပါက—

'ကျုပ် အမှန်ပြောတာပါကွယ်၊ သူ့ကို စစ်ဆေးကြည့် တုန်းက အတွင်းဒဏ်ရထားတဲ့လက္ခဏာ လုံးဝမတွေ့ရပါဘူး၊ ဒါပေမယ့် သူသေသွားရတာလဲ အတွင်းဒဏ်ကြောင့်ပါပဲ'

ကွမ်းကျုံးခက်က—

'ကျွန်တော် နားမလည်နိုင်တော့ပါဘူးဗျာ၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို ရှင်းပြပါလားဗျာ'

ဟု တောင်းပန်လိုက်၏။

သမားတော်ကြီးဝမ်ပါက—

'အမှန်ပြောရရင် ကျုပ်ဆီကို သူ ရောက်လာတဲ့အခါမှာ အတွင်းဒဏ်ရာရခဲ့ပြီဆိုတာ အမှန်ပဲ၊ ဒါပေမယ့် ကျုပ်စစ်ဆေး ကြည့်တော့ ဘယ်လိုဒဏ်ရာမျိုးမှရှိတာ မတွေ့ရဘူး၊ ဆိုတော့ ကတော့ အတွင်းဒဏ်ရာရခဲ့ပေမယ့် ဒဏ်ဟာချက်ချင်းပေါ် ဘဲ နောက်သုံးရက်လောက်ကြာတော့မှ အတွင်းကလီစာတွေ ပျက်စီးကုန်ပြီး သေပွဲဝင်ရတဲ့ သတော့ပါပဲ'

ကွမ်းကျုံးခက် မျက်နှာပျက်သွား၏။

'သမားတော်ကြီး ပြောတဲ့အတိုင်းဆိုရင် သူ့ကိုတိုက်ခိုက် လိုက်တဲ့လူဟာ အတွင်းအားအလွန်ကောင်းတဲ့ လူတစ်ယောက်

ဖြစ်ပါလိမ့်မယ်၊ အတွင်းအခန်းကို လိုသလိုထိန်းချုပ် အသုံး... နိုင်စွမ်းရှိတာ ထင်ရှားနေပါပြီ၊ ဒါကြောင့်မို့ ဒက်ချာရယ်... ရမှန်းတောင် မသိနိုင်ဘဲ သုံးရက်ကြာမှ ကောက်ကာငင်ကာ... ဒက်ပေါ်ပြီး ဆေးကုလို့မရဘဲ သေဆုံးသွားတာ ဖြစ်ပါ... လိမ့်မယ်'

သမားတော်ကြီးဝမ်ပါက...

'တုရှောင်အင်း သေဆုံးသွားမှ ကျုပ်လဲ ခေါင်းရှင်းသွား... တို့ သိုင်းလောကမှာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ပေါ်ပေါက်နေပြီဆိုတာ ထင်ရှားတယ်၊ ကျုပ် ဒီကနေ့ ဆေး... သွားကုတဲ့လူလဲ တုရှောင်အင်းလို ထူးဆန်းတဲ့ အတွင်းဒဏ်... ခံတဲ့ ဝေဒနာရှင်တစ်ယောက်ပဲကွယ့်'

ကွမ်းကျုံးခက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'အဲဒီလူ ဘယ်သူဘယ်ဝါဆိုတာ ပြောနိုင်ရင် ပြောပြပါ... လား ခင်ဗျာ'

ဟု မေးလိုက်၏။

သမားတော်ကြီးဝမ်ပါက...

'ယန်းဖုံးလို့ခေါ်တယ်၊ သူဟာ'

'ဗျာ...'

ကွမ်းကျုံးခက် ထခုန်လိုက်၏။



'ယန်းဖုံး... ယန်းဖုံး... ဟုတ်လား၊ သူ... သူ... ဘယ်မှာလဲ'

အလောတကြီး မေးလိုက်၏၊

သမားတော်ကြီး ဝမ်ပါက...

'လူဟာ တုရှောင်အင်းရဲ့အိမ်မှာ ရောက်နေပါတယ်'

ကွမ်းကျုံးခက်သည် သမားတော်ကြီးကိုပင် နှုတ်မဆက်နိုင်တော့ဘဲ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့၏။

တုရှောင်အင်းပိုင်ဆိုင်သောအိမ်...

တုရှောင်အင်း၏အိမ်သို့ ကွမ်းကျုံးခက်ရောက်ခဲ့စဉ်ကတော့ သော့ခတ်ထားပါသည်။

ယခုတော့ သော့ခတ်ထားခြင်းမရှိတော့ဘဲ ပြတင်းပေါက် တံခါးများပါ ပွင့်နေပြီဖြစ်သည်ကို တွေ့ရလေ၏။

ကွမ်းကျုံးခက်က တံခါးမကြီးကို တဒုန်းဒုန်းမြည်အောင် ထုရင်း...

'ယန်းဖုံး—ယန်းဖုံး၊ တံခါးဖွင့်စမ်းပါဦး'
ဟု အော်ပြောလိုက်၏။

အိမ်ထဲမှ—

'ဘယ်သူလဲ'

မေးမြန်းသံ ထွက်ပေါ်လာ၏။

ကွမ်းကျုံးခက်က—

'ယန်းဖုံး— ငါ ကွမ်းကျုံးခက်လေ၊ ငါ့ အသံကိုတော
မမှတ်မိတော့ဘူးလား'

'ကွမ်းကျုံးခက် ဟုတ်လား'

အိမ်ထဲမှစကားသံနှင့် မရှေးမနှောင်းမှာပင် ကျွီခနဲ မြည်
ကာ တံခါးပွင့်သွား၏။

တံခါးလာဖွင့်ပေးသူမှာ ရွှေယပ်တောင် ယန်းဖုံးပင် ဖြစ်
ပါတော့သည်။

ယန်းဖုံး'

'ကွမ်းကျုံးခက်'

ထွေးသောက် သူငယ်ချင်းနှစ်ယောက် ပြန်လည်ဆုံတွေ့
လိုက်ကြလျှင် ဝမ်းသာအားရ ပွေ့ဖက်ထားလိုက်ကြလေသည်။
ပြီးမှ လူချင်းပြန်ခွဲလိုက်ကြသည်။



ဝမ်းသာမှုကြောင့် ယန်းဖုံး၏မျက်နှာ ပြုံးရွှင်နေပါတော့
သည်။

'ကွမ်းကျုံးခက်၊ မင်းကိုပြန်တွေ့ရမယ်လို့တောင် ငါမမျှော်
လင့်ခဲ့တော့ဘူးကွ'
ဟု ပြောသာလေသည်။

ကွမ်းကျုံးခက်က—

'ငါ့မှာ ကိစ္စလေးတစ်ခု ရှိနေတာကြောင့် သိုင်းလောကနဲ့
အဆက်ပြတ်သွားခဲ့သာပါကွာ'

ယန်းဖုံးက—
'ကဲ—လာ၊ အထဲဝင်လေ၊ အေးအေးဆေးဆေး စကား
ပြောကြတာပေါ့'

'ကောင်းပြီ'

တံခါးပြန်ပိတ်ထားလိုက်ကြပြီး နှစ်ယောက်သား ဧည့်ခန်း
အတွင်းရှိ ကုလားထိုင်များပေါ်၌ မျက်နှာချင်းဆိုင် ထိုင်လိုက်
ကြလေသည်။

ထိုအိမ်လေးမှာ တုရှောင်အင်း၏အိမ် ဖြစ်ပါသည်။

သို့သော်—
တုရှောင်အင်း တစ်ယောက် လောကပေါ်၌ မရှိတော့ပါ
အလော။

ယန်းဖုံးသည် ကွမ်းကျုံးခက်အား တစ်ကြိမ်တစ်ခါမှမတွေ့ဘူး မမြင်ဘူးသူ တစ်ယောက်ပမာ စိုက်ကြည့်နေ၏။

ကွမ်းကျုံးခက်က ပြုံးလိုက်ပြီး...

'ဘယ်လိုလဲ၊ ငါက အပြောင်းအလဲကြီး ပြောင်းလဲနေလို့များလားကွ'

ဟု မေးလိုက်လေသည်။

ယန်းဖုံး သက်ပြင်းချလိုက်သည်။

'ဆယ်နှစ်လုံးလုံး မင်းဘယ်ပျောက်နေတာလဲ၊ ငါတို့က မင်းပြောတဲ့ ဘုံကျောင်းကိုတောင် သွားရှာခဲ့ကြသေးတယ်'

ကွမ်းကျုံးခက်...

'ငါလဲ တစ်နေရာတည်းမှာ နေရတာကို ပျင်းလို့တစ်နေရာကနေ နောက်တစ်နေရာပြောင်းရင်း အဝေးကို ရောက်သွားတာပေါ့ကွာ'

ယန်းဖုံးက...

'မင်း ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုလာ သတင်းကလေးစာလေး ပေးခဲ့ရင် အကောင်းသား၊ ခုတော့ လုံးဝခြေရာပျောက်သွားလို့ အစ်ကိုကြီး ကျန်းဟိုနောက်ကို လိုက်သွားသွားပြီလို့ပဲ ငါတို့ယူဆထားလိုက်ကြတာ'



ကွမ်းကျုံးခက်က...

'မလိုက်ဖြစ်ပါဘူးကွာ၊ အစ်ကိုကြီးနဲ့ တစ်လမ်းစီသွားခဲ့ကြတာပါ၊ ဒါထက် တုရှောင်အင်းက...'

'သူ သေသွားပြီလေ'

ကွမ်းကျုံးခက်သည် တုရှောင်အင်း သေဆုံးသွားပြီဆိုခြင်းကို လက်မခံချင်ပါဘဲ လက်ခံလိုက်ရလေတော့သည်။

ယင်းဖုံးက....

'မင်းမရှိတဲ့ ဆယ်နှစ်အတွင်း သိုင်းလောကကြီးဟာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီကွ'

သူ၏ . . . သံသည် ခံပြင်းဒေါသထွက်သည့်အသွင် ဆောင်နေသည်။

'လူကောင်းတွေဟာ သေတဲ့လူ သေကုန်ပြီ၊ အချို့ကလဲ သိုင်းလောကက အနားယူသွားကြပြီ၊ ပြောရမယ်ဆိုရင် သိုင်းလောက အကျိုး အများအကျိုးကို အမှန်တကယ် ကိုယ်ကျိုးစွန့် ဆောင်ရွက်ချင်တဲ့လူက ဇာက်တစ်ဆုပ်စာလောက်ပဲ ကျန်ရစ်ကြတော့တာ ကျန်တာတွေကတော့ ငါ့သဘောနဲ့ငါ လုပ်ချင်ရာ လုပ်မယ်ဆိုတဲ့ လူတွေပဲပေါ့'

ကွမ်းကျုံးခက် သက်ပြင်းချလိုက်လေသည်။

'တုရှောင်အင်း ဘယ်လိုဖြစ်ရတယ်ဆိုတာ ငါတို့ပြောပြစမ်းပါဦးကွာ'

ဟု မေးလိုက်သည်။

ယန်းဖုံးက...

'ဘယ်လိုဖြစ်ရမလဲ၊ သိုင်းလောကမှာ လျို့ဝှက်ဂိုဏ်းတစ်ခု ပေါ်ပေါက်လာတယ်လေ'

'အင်း... ငါကြားမိပါတယ်'

အဲဒီလျို့ဝှက်ဂိုဏ်းဟာ သိုင်းလောက ထိပ်သီးအဖွဲ့ရောင် သိုင်းသမားတွေ၊ အမျိုးအကျိုး၊ သိုင်းလောက အကျိုး ထယ်ပိုးဆောင်ရွက်နေတဲ့ သိုင်းသမားတွေကိုလုပ်ကြံသတ်ဖြတ်ပစ်နေတဲ့ ဂိုဏ်းတစ်ခုပဲပေါ့'

ကွမ်းကျုံးခက်က...

'လျို့ဝှက်ဂိုဏ်းနဲ့ တုရှောင်အင်း ဘယ်လိုများပတ်သက်မိခဲ့တာလဲဟင်'

ယန်းဖုံးက...

'တုရှောင်အင်းက လျို့ဝှက်ချက်အကြောင်းကိုလတ်ပြုမိလို့ တိတ်တဆိတ်လိုက်လံစုံစမ်းနေခဲ့တယ်လေ၊ တစ်နေ့မှာ သူက လျို့ဝှက်ဂိုဏ်းအကြောင်းကို တစ်စွန်းတစတင်းရလို့ ငါ့ကို



အမြန်ဆုံး လိုက်ခဲ့ဖို့ အကြောင်းကြားခဲ့တယ်၊ ငါလိုက်တာ တော့'

သူက စကားတစ်ပိုင်းတစ်စဖြင့်ရပ်သွား၏။

ကွမ်းကျုံးခက်က...

'မင်းလိုက်လာတော့ ဘာဖြစ်သလဲပြောစမ်းပါဦး'

'ငါရောက်လာတော့ သူဟာ အတွင်းအားအပြင်းအထန် ရထားပြီး မသလုမျောပါးဖြစ်နေပြီ'

'ဪ'

ယန်းဖုံး၏ မျက်ဝန်းတွင် မျက်ရည်များ ရစ်သိုင်းလာသည်။

'တုရှောင်အင်းဟာ ငါ့လက်ပေါ်မှာပဲ သေဆုံးသွားခဲ့ရှာတယ်'

ကွမ်းကျုံးခက် ပါးစပ်ပိတ်ထားလိုက်လေသည်။

ယန်းဖုံးလည်း ဆက်မပြောပါ။

နှစ်ယောက်သား ငြိမ်သက်သွားကြလျှင် တိတ်ဆိတ်ခြင်းက တစ်အိမ်လုံးလွှမ်းမိုးထားလိုက်သည်။

တုရှောင်အင်းမှာ လျို့ဝှက်ဂိုဏ်း၏ လက်ချက်ကြောင့် သေဆုံးသွားခဲ့ရပြီဖြစ်ပါသည်။

ကွမ်းကျုံးခက် အံ့ဩသွားထား၏။

လျှို့ဝှက်ဂိုဏ်းအားဖော်ထုတ်ချေမှုန်းပစ်ရန်လည်း ဆုံးဖြတ်လိုက်လေသည်။

အတော်လေးကြာတော့မှ ယန်းဖုံးက စကားစလာသည်၊

'တုရှောင်အင်းမသေခင်မှာ လျှို့ဝှက်ဂိုဏ်းနဲ့ ပတ်သက်တဲ့ သဲလွန်စတစ်ခု ငါ့ကိုပြောပြသွားခဲ့တယ်'

ကွမ်းကျုံးခက် ဆတ်ခနဲ ခေါင်းထောင်လာသည်။

'ဘယ်လိုသဲလွန်စလဲ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

ယန်းဖုံးက—

'သိုင်းလောကကိုဒုက္ခပေးနေတဲ့ လျှို့ဝှက်ဂိုဏ်းကို စုံစမ်း[illegible] ရင်း သူဟာ လင်းနို့ဂေဟာကို အကြောင်းမကောင်းဖြစ်ခဲ့မိတယ်တဲ့[illegible] လင်းနို့ဂေဟာကို တိတ်တဆိတ်သွားပြီး အကဲခတ်ကြည့်ရင်[illegible] သုံးရက်မြောက်တဲ့ညမှာ မျက်နှာဖုံးစွပ်ထားတဲ့လူတစ်ယောက်[illegible] တိုက်ခိုက်မှုကို ခံခဲ့ရတယ်ဆိုတာပဲ'

ကွမ်းကျုံးခက်က—

'လင်းနို့ဂေဟာဆိုတာ တစ်ချိန်တုန်းက သိုင်းလောက[illegible] ဒုက္ခပေးခဲ့တဲ့ သိုင်းသမားလင်းနို့ရဲ့ အိမ်ဂေဟာကိုပြောတ[illegible] မဟုတ်လား'



ယန်းဖုံး ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ အဲဒီဂေဟာပဲ'

ကွမ်းကျုံးခက်က—

'သိုင်းသမားလင်းနို့ဟာ အစ်ကိုကြီးကျန်းဟိုကိုအရေးနိမ့်သွားပြီးနောက် နောင်သိုင်းလောကကို ဒုက္ခပေးဖို့ မကြံစည်မကြိုးစားတော့ပါဘူးလို့ ကတိပေးတာကြောင့် အစ်ကိုကြီးက အသက်ချမ်းသာခွင့်ပေးလိုက်တာပဲ၊ ဒါတောင်မှ သိုင်းပညာအသုံးပြုလို့မရအောင် သိုင်းသမားလင်းနို့ရဲ့ သွေးကြောတွေကို အစ်ကိုကြီးကဖျက်ဆီးပစ်ခဲ့တာ မင်းလဲအသိပဲမဟုတ်လား'

ယန်းဖုံးက....

'သိပါတယ်ကွာ၊ အစ်ကိုကြီးကျန်းဟိုဆုံးမသိုက်လို့ သိုင်းသမားလင်းနို့အရေးနိမ့်သွားပြီး သိုင်းလောကကို ဒုက္ခမပေးနိုင်တော့တာ အားလုံးသိကြတာပါပဲ'

ကွမ်းကျုံးခက်က—

'သိုင်းသမားလင်းနို့ဟာ သိုင်းလောကကို ဒုက္ခမပေးနိုင်တော့တာ လျှို့ဝှက်ဂိုဏ်းနဲ့ ပတ်သက်နေတယ်ဆိုတော့'

ယန်းဖုံးက—

'ငါလဲ ယုံနိုင်ပါဘူး၊ ဒါပေမယ့် တုရှောင်အင်းက လိမ်ပြောပါ့မလား၊ သူကိုယ်တိုင်တောင်မှ အသက်ပေးလိုက်ရတာ

ပဲ၊ ဒါကြောင့် ဝါက ဆင်းနို့ဂေဟာကိုသွားပြီး စုံစမ်းကြည့်
ခဲ့တယ်'

ကွမ်းကျုံးခက်သည် သမားတော်ကြီးပြောသည့် စကား
များကို ပြန်လည်အမှတ်ရလာပြီး....

'အင်း_ မင်းလဲ လျှို့ဝှက်ဂိုဏ်းက လူတွေနဲ့ တွေ့ခဲ့ရတယ်
ဟုတ်လား'

ဟု မေးလိုသည်။

ယန်းဖုံး မချိပြုံး ပြုံးလိုက်သည်။

'ဟုတ်တယ်၊ အလစ်မှာ ဝါလက်ဝါးတစ်ချက်အရိုက်ခံလိုက်
ရတယ်'

'ဒါ_ဒါဆို'

'ဝါ့မှာ အတွင်းဒဏ်ရာ ရထားပြီလို့ ယုံကြည်အယ်ဖေ
သမားတော်ကြီးကိုဝမ်ပါကိုပြကြည့်တော့ ဘာဒဏ်ရာမှမ
ဘူးလို့ ပြောတယ်၊ ဒါပေမယ့်_'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'တုရှောင်အင်းတုန်းကလဲ ဒီလိုဖြစ်ခဲ့တာပဲ၊ နောက်ပို
ကျတော့ အတွင်းဒဏ်ပေါ်လာပြီး အသက်ဆုံးရှုံးခဲ့ရတာမဟုတ်
လား'



ယန်းဖုံး ဘာမှမပြောချေ။

သူ့အတွက်လည်း မျှော်လင့်ချက် ကုန်ဆုံးနေပြီဟု ယူဆ
ားပုံ ရလေသည်။

ကွမ်းကျုံးခက်က_

'မင်းက သမားတော်ကြီးဝမ်ပါကို' အကျိုးအကြောင်း
ပြောမပြဘူးလား'

ဟု မေးလိုက်သည်။

ယန်းဖုံးက_

'ပြောပြပါတယ်၊ ဝါ့အဖြစ်က တုရှောင်အင်းအဖြစ်နဲ့ တစ်
ထပ်တည်းပဲ၊ သမားတော်ကြီးဝမ်ပါလဲ တုရှောင်အင်းရဲ့အဖြစ်
ကြောင့် အတော်ကလေး သတိထားနေပုံရတယ်၊ အတွင်းဒဏ်
ရာတာကို စစ်ဆေးလို့မရဘူးဆိုပေမယ့် ကြိုတင်ကာကွယ်တဲ့
ဆေးတာနဲ့ အသက်ကယ်ဆေး တွေ ပေးသွားပါတယ်'

ကွမ်းကျုံးခက်သည် ဟူးခနဲ လေပူမှုတ်ထုတ်လိုက်ပြီး_
'တော်ပါသေးရဲ့ကွာ'
ဟု ညည်းတွားလိုက်လေသည်။

ယန်းဖုံးက...
'ဝါလဲ ခံလိုက်ရပြီဆိုတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဒီကို ပြန်
လာခဲ့၊ ဝါသေသွားရင်တောင် တုရှောင်အင်းရဲ့အိမ်မှာ ဆို

တော့ သေ-ပျော်ပါတယ်ဆရာ၊ ခုလိုမင်းကိုတွေ့လိုက်ရလို့လဲ ဝမ်းသာပြီး ကျေနပ်မိပါတယ်'

ဟု ပြောသာလေသည်။

သူ၏လေသံတွင် ဝမ်းနည်းကြေကွဲမှုများ ရောယှက်ဖြစ်ပေါ်နေ၏။

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'သူငယ်ချင်း ငါရောက်လာပြီ၊ ဘာမှမပူနဲ့ မင်းမသေဘူး၊ ငါတာဝန်ယူတယ်'

သူ၏အားပေးစကားကြောင့် ယန်းဖုံးက မချိပြုံး ပြုံးသည်။

ကွမ်းကျုံးခက် စိတ်မကောင်းဖြစ်လာသည်။

'မင်းရဲ့အခြေအနေကို စစ်ဆေးကြည့်ရအောင်'

ပြောပြောဆိုဆို ထိုင်ရာမှထကာ ယန်းဖုံး၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီး စစ်ဆေးကြည့်လိုက်၏။

ယန်းဖုံးက ဘာမှမပြောဘဲ ငြိမ်နေသည်။

ကွမ်းကျုံးခက်သည် တစ်ခဏမျှ စစ်ဆေးကြည့်ပြီးသည်နှင့်...

'ဟင်...မင်းမှာ အတွင်းဒဏ်ပြင်းပြင်းထန်ထန်ရသွားတာ'

ဟု အသံနှင့်အကြား အော်ပြောလိုက်သေသည်။

✽✽✽



ကွမ်းကျုံးခက် အထိတ်တလန့်ဖြစ်နေ၏။

ယန်းဖုံးကို မျက်လုံးပြူးကာ ကြည့်မိသည်။

အတွင်းဒဏ် အပြင်းအထန်ရထားပြီဖြစ်ရာ ယန်းဖုံး၏အခြေအနေမှာ စိုးရိမ်စရာကောင်းနေသည် မဟုတ်ပါလား။

ယန်းဖုံးက...

'ငါ့မှာ အတွင်းဒဏ်ပြင်းပြင်းထန်ထန် ရထားတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့်...'

'သမားတော်ကြီး ဝမ်ပါက ဘာကြောင့် အတွင်းဒဏ်ရထားမှန်း စစ်ဆေးကြည့်လို့ရဘူး မပြောရတာလဲ၊ ကြည့်စမ်း...တယ်

ရွှေမဆို မင်းရဲ့သွေးကြောတွေကို စမ်းသပ်လိုက်တာနဲ့ အတွ[င်း]
ဒဏ် ရထားတယ်ဆိုတာ သိနိုင်တာပဲ'

ကွမ်းကျုံးခက်က ကြားဖြတ်ပြောလိုက်ခြင်းဖြစ်လေသည်

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်
ကြလေသည်။

ကွမ်းကျုံးခက်ကပင်....

'သမားတော်ကြီးဝမ်ပါက ဒဏ်ရာကို စစ်ဆေးလို့မရဘူး
ဆိုတာ လိမ်ပြောခဲ့တာပဲ၊ သူ ဘာကြောင့်ဒီလိုပြောရတာလဲ'

ယန်းဖုံးက—

'ငါတော့ ဘာမှနားမလည်နိုင်တော့ဘူး'

ကွမ်းကျုံးခက်က—

'ငါထင်တာ အတွင်းဒဏ် ရထားမှန်းသိလျက်နဲ့ ဘာဒဏ်
ရာမှ မထားပါဘူးလို့ တမင်လိမ်ပြောခဲ့တာပဲဖြစ်မယ်'

ယန်းဖုံးက—

'သူဟာ ထင်ရှားတဲ့သမားတော်တစ်ယောက်မဟုတ်လား၊ သို့
လောကသားတွေဟာ သူ့ရဲ့ကျေးဇူးနဲ့ မကင်းကြပါဘူး၊
ဒီလိုလုပ်ပါ့မလား'

ကွမ်းကျုံးခက်က....



'ဒါဖြင့် ငါစမ်းသပ်ကြည့်လိုက်တော့ မင်းမှာ အတွင်းဒဏ်
ရထားတယ်ဆိုတာ ဘာကြောင့်တွေ့ရတာလဲ'

ယန်းဖုံး မပြောတတ်တော့ချေ။

ကွမ်းကျုံးခက်က—

'တစ်ခုခုတော့ မှားယွင်းနေပြီကွ၊ သမားတော်ကြီးဆီကို
ငါသွားပြီးစုံစမ်းကြည့်မယ်၊ သူ လိမ်ပြောခဲ့တယ်ဆိုရင်တော့
တုရှောင်အင်းဟာ မသေသင့်ဘဲ သေရတာပဲ၊ ဒီကိစ္စ သူ့မှာ
တာဝန်ရှိနေပြီ'

ယန်းဖုံးက—

'ကောင်းပြီလေ....စုံစမ်းကြည့်တာ မမှားပါဘူး၊ သွားကြ
တာပေါ့'

ပြေးပြောဆိုဆို ထိုင်ရာမှထရန် ဟန်ပြင်လိုက်၏။

ကွမ်းကျုံးခက် လက်ကာပြလိုက်သည်။

'မင်းလိုက်လို့ မဖြစ်ဘူး'

'ဟင်း—'

'မင်းမှာ အတွင်းဒဏ်ရာရထားတာကြောင့် အေးအေး
ဆေးဆေး အနားယူမှဖြစ်မယ်ကွ'

'ငါ—'

ကွမ်းကျုံးခက်သည် ယန်းဖုံးအား စောဒကအတက်မခံ
အင်္ကျီအိတ်ထဲမှ ဆေးပုလင်းလေးတစ်လုံး နှိုက်ယူကာ—

'ဟောဒီမှာ အသက်ကယ်ဆေးတွေရှိတယ်၊ ဆေးသောက်
ပြီး အေးအေးဆေးဆေး အနားယူလိုက်ပါ၊ သခင်းတော်ကြီး
ပေးသွားတဲ့ဆေးတွေကိုတော့ လုံးဝမသောက်နဲ့ဦး၊ ငါ သွား
သွားတွေ့လိုက်ဦးမယ်'

ယန်းဖုံး မတတ်သာတော့ပါ။

'ကောင်းပြီ—မင်းသခ မြန်မြန်ပြန်လာခဲ့ပါ'

'စိတ်ချ'

ကွမ်းကျုံးခက်သည် တုရှောင်အင်းအိမ်၌ ယန်းဖုံးကိုထား
စစ်ခဲ့ကာ သမားတော်ကြီးဝမ်ပါထံသို့ အမြန်ဆုံးသွားလိုက်
လေတော့သည်၊



သမားတော်ကြီး ဝမ်ပါ၏အိမ်သို့ ကွမ်းကျုံးခက် ရောက်
သွားသောအခါ အိမ်တံခါးများပိတ်ထားသည်ကို တွေ့ရလေ
သည်။

ကွမ်းကျုံးခက်က တံခါးကို တဝုန်းဝုန်းမြည်အောင် ထု
ရင်း—

'သမားတော်ကြီး...သမားတော်ကြီး'
ဟု အော်ခေါ်လိုက်လေသည်။
မကြာပါချေ။
'ဘယ်သူလဲ'
မေးမြန်းသံနှင့်အတူ တံခါးပွင့်သွား၏။

အိမ်ဖော်လုလင်တစ်ယောက် ထွက်လာသည်ကို တွေ့မြင်ရ
သည်။

အိမ်ဖော်လုလင်က ကွမ်းကျုံးခက်အား ခြေဆုံးခေါင်းဆုံး
အကဲခတ်ကြည့်လိုက်ပြီး—
'ဘာကိစ္စရှိလို့လဲ ပြောပါ'
ဟု မေးလေသည်။

ကွမ်းကျုံးခက်က မျက်နှာထားတင်းတင်းဖြင့်....
'ကျုပ်က သမားတော်ကြီးနဲ့ တွေ့ဖို့လာခဲ့တာ၊ ကဲ...ခေါ်
က်ပါ'
ဟု ပြောလိုက်၏၊

အိမ်ဖော်လုလင် ခေါင်းခါယမ်းလိုက်သည်။

'သခင်တော်ကြီး မရှိပါဘူးဗျာ'

'ဘာရယ်'

'သခင်တော်ကြီး ခရီးထွက်သွားတာ ဘာမှမကြာသေးပါဘူး'

ကွမ်းကျုံးခက် မကျေမနပ်ဖြစ်သွားလေတော့သည်။

'လက်စသတ်တော့ အခြေအနေကိုတွက်မိတာနဲ့ သူက လက်ဦးအောင် ရှောင်ပြေးသွားပြီကိုး'

ဟု ရေရွတ်လိုက်သည်။ တစ်ဆက်တည်းမှာပင်....

'သခင်တော်ကြီး ဘယ်ကိုသွားတာလဲ'

ဟု အိမ်ဖော်လုလင်အား မေးလိုက်သည်။

အိမ်ဖော်လုလင်က....

'လူနာတစ်ယောက်ကို ဆေးကုဖို့သွားတာပါခင်ဗျာ'

'ဘယ်က လူနာလဲ'

'လင်းနို့ဂေဟာကလို့ ပြောပါတယ်'

'ဘာ...'

'သခင်တော်ကြီးက အရေးကြီးတယ် မသွားလို့မဖြစ်ဘူးဆိုပြီး ချက်ချင်းထွက်သွားတာပါပဲ'

ကွမ်းကျုံးခက် စိတ်လှုပ်ရှားလာသည်။



ဖြစ်ပေါ်နေသော အကြောင်းကိစ္စများတွင် လင်းနို့ဂေဟာ ပါဝင်ပတ်သက်နေပြီဟုလည်း ထင်မြင်မိသောသည်။

ထို့ကြောင့်...

'ကျုပ်မှာလဲ အရေးကြီးတဲ့ကိစ္စရှိသေးပဲ၊ ထားပါတော့လေ၊ သူ့နောက်ကို ကျုပ်လိုက်သွားပါ့မယ်'

ဟုပြောကာ ချာခနဲ လှည့်၍ ထွက်လာခဲ့လေတော့သည်။

ကွမ်းကျုံးခက် ထွက်သွားပြီဖြစ်သည်။

အိမ်ဖော်လုလင်က တံခါးကိုပြန်ပိတ်ထားလိုက်၏။ ထို့နောက် နောက်လှည့်လိုက်သောအခါ ထိတ်လန့်တုန်လှုပ်နေသည့် သခင်တော်ကြီးဝမ်းပါအားတွေ့မြင်လိုက်ရလေသည်။

သခင်တော်ကြီးက...

'သူ—သူ ထွက်— ထွက်သွားပြီလား'

ထစ်ထစ်ငေါ့ငေါ့မေးလာ၏။

အပြစ်ရှိသူတစ်ယောက်မို့ ကိုယ့်ကိုယ်ကိုမလုံမလဲဖြစ်နေပုံရသည်။

အိမ်ဖော်လုလင်က....

'ဟုတ်ပါပြီ၊ သူထွက်သွားပါပြီ၊ ဆရာပြောခိုင်းတဲ့အတိုင်း၊ ကျွန်တော်ပြောလိုက်တာကိုလဲ ယုံကြည်သွားပုံရပါတယ်'

'ဟူး....တော်ပါသေးရဲ့'

သမားတော်ကြီးဝမ်းပါ သက်ပြင်းချလိုက်၏။

'ဒီအတိုင်းနေလို့မဖြစ်တော့ဘူးကွ၊ ကဲ....ပစ္စည်းတွေသိမ်း၊ စမ်း'ဟု လောဆော်လိုက်လေတော့သည်။

ကွမ်းကျုံးခက်သည် တုရှောင်အင်း၏ အိမ်ကလေးသို့ ပြန်သည် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

ယန်းဖုံး ဝမ်းသာအားရဖြစ်သွား၏။

'မင်းသွားတာ အတော်မြန်တာပဲ'

ကွမ်းကျုံးခက်က...

'မြန်ဆို သမားတော်ကြီးကိုမှ မတွေ့ရတာ'

'ဟင်...'



'သမားတော်ကြီး ကလိန်စေ့ငြမ်းဆင်တာ ထင်ရှားနေပြီလေ၊ တုရှောင်အင်းမသေသင့်တဲ့သေရတာလဲ ဂူ့ကြောင့်ပဲ'

ယန်းဖုံးက....

'ဘာတွေဖြစ်တယ်ဆိုတာ ပြောစမ်းပါဦး'

ဟု မေးလာသည်။

ကွမ်းကျုံးခက်က...

'ဘာဖြစ်ရမလဲ၊ သမားတော်ကြီးဟာ သူလိမ်တာ ပေါ်သွားတော့မှာမို့ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားပြီလေ'

'ဩော်...'

ယန်းဖုံးသည် ကွမ်းကျုံးခက်အား ခေ့စေ့ကြည့်ရင်း...

'မင်းကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး၊ မင်းနဲ့သာမတွေ့ရင် ငါလဲ တုရှောင်အင်းလို ခံလိုက်ရမှာသေချာတယ်'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

ကွမ်းကျုံးခက် ပြုံးလိုက်၏။

'တို့သူငယ်ချင်း အချင်းချင်းတွေပဲ၊ ကျေးဇူးတင်တဲ့စကား မပြောစမ်းပါနဲ့၊ မင်းရဲ့အခြေအနေက စိတ်ချရသေးတာမဟုတ်ဘူး၊ ဒါကြောင့် အေးအေးဆေးဆေး အနားယူလိုက်တာကောင်းမယ်'

ယန်းဖုံး မျက်မှောင်ကြုတ်သွားပြီး....
'မင်း ဘယ်သွားဦးမလို့လဲ'
ဟု မေးလျှင် ကွမ်းကျိုးခက်က—

'လင်းနို့ဂေဟာကိုသွားပြီး စုံစမ်းကြည့်မယ်လေ၊ သခင်ဘာတော်ကြီးက ရှောင်တိမ်းသွားတော့ တခြားသဲလွန်စတွေပါ ပျောက်သွားမှာ စိုးရိမ်ရတယ်၊ ငါ့ အမြန်ဆုံးလှုပ်ရှားမှ ဖြစ်မယ်'

ယန်းဖုံးက—
'ဒါဆို ငါလဲလိုက်မယ်'

'မင်း လိုက်လို့မဖြစ်ဘူး'

'ငါက—'

'မင်း ဒီမှာပဲ အေးအေးဆေးဆေး နေစမ်းပါ၊ ဝါပေးထားတဲ့ အသက်ကယ်ဆေးကို တစ်နေ့တစ်လုံး မှန်မှန်သာ သောက်၊ မကြာခင် ထူးခြားလာလိမ့်မယ်'

ယန်းဖုံးသည် ကွမ်းကျိုးခက်နှင့်အတူ မလိုက်ရသဖြင့် စိတ်မကောင်း ဖြစ်သွားသည်။

သို့သော်—

သူလိုက်သွားလျှင် ကူညီရာမရောက်ဘဲ ဒုက္ခပေးရာရောက်လိမ့်မည်ဟု ဆင်ခြင်မိသဖြင့်....



'ကောင်းပြီလေ၊ မင်း သွားချင်ယ်ဆိုရင်သွားပါ၊ သတိတော့ ထားပါ'
ဟု မှာကြားလိုက်၏။

ကွမ်းကျိုးခက် ပြုံးလိုက်၏။
'စိတ်ချ၊ ကဲ ငါသွားလိုက်ဦးမယ်'

စကားဆုံးလျှင် ယန်းဖုံးကိုထားပစ်ခဲ့ပြီး ခပ်သွက်သွက် ထွက်သွားလေ၏။

လင်းနို့ဂေဟာ—

လင်းနို့ဂေဟာသည် တောအုပ်ကြီးတစ်ခုအတွင်း၌ တည်ဆောက်ထားသည့် တစ်ခုတည်းသော လူနေအိမ်ဂေဟာတစ်ခု ဖြစ်၏။

ကွမ်းကျိုးခက်သည် သိုင်းသမားလင်းနို့အား ဆုံးမရန် လိုက်လံရှာဖွေသော ကျန်းဟိုနှင့်အတူ လင်းနို့ဂေဟာသို့ ရောက်ခဲ့ဖူးလေ၏။

ထို့ကြောင့်လည်း ယန်းဖုံးနှင့်လမ်းခွဲပြီး မကြာမီ လင်းနို့ဂေဟာသို့ အရောက်လာနိုင်ခဲ့လေ၏။

တောအုပ်အတွင်း၌ စိမ်းလန်းသော သစ်ပင်ကြီးများ၊ ချုံပုတ်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိပေ၏။

နေပြောက်မထိုးနိုင်အောင် သစ်ပင်ထူထပ်သော တောအုပ်ဖြစ်၍ ပင့်ကူ၊ မြွေ စသောအဆိပ်ရှိသည့် သတ္တဝါများ နိုးအောင်းလျက် ရှိပေသည်။ ကွမ်းကျုံးခက်က သတိကြီးစွာထားရင်း တောအုပ်ကို ဖြတ်သန်းလာခဲ့ရာ တောအုပ်အတွင်း ထီးထီးမားမား တည်ဆောက်ထားသည့် လင်းနို့ဂေဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေ၏။

ကွမ်းကျုံးခက်သည် လင်းနို့ဂေဟာနှင့် မလှမ်းမကမ်းတွင် ခြေစုံရပ်ကာ အကဲခတ် ကြည့်လိုက်သည်။

လင်းနို့ဂေဟာကား ယခင်ကနှင့်မတူဘဲ အိုမင်းရင့်ရော်ကာ ပျက်စီးယိုယွင်းစပြုနေပြီ ဖြစ်သည်ကို တွေ့ရ၏။

ထိုဂေဟာအတွင်း၌ တစ်ချိန်က သိုင်းလောကကို ဒုက္ခပေးခဲ့သော၊ သိုင်းသမား လင်းနို့ ရှိနေသည် ဖြစ်ပါသည်။

ကွမ်းကျုံးခက်သည် အတန်ကြာ တွေးတောစဉ်းစားပြီးနောက် သိုင်းသမား လင်းနို့နှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက် လေသည်။

လင်းနို့ဂေဟာ ရှေ့သို့ခပ်သွက်သွက် လှမ်းသွားလိုက်ပြီး ဂေဟာ တံခါးမကြီးရှေ့၌ ရှိနေသော ခေါင်းလောင်းလေးကို တီးခတ်လိုက်လေသည်။



'တင်းတောင်—တင်းတောင်'

ဂေဟာအတွင်းမှ ခေါင်းလောင်းမြည်သံ ချိုလွင်စွာ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

မရှေးမနှေးမှာပင် ခပ်သွက်သွက် လျှောက်လာသောခြေသံများနှင့်အတူ....

'ကျွီ'

တံခါးဖွင့်ပေးသူမှာ အသက်လေးဆယ်ခန့်ရှိသူတစ်ယောက် ဖြစ်ပါသည်။

ထိုလူသည် အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသလို ရုပ်ရည်ခက်ထန် ကြမ်းတမ်းသူလည်း ဖြစ်သည်။

ကွမ်းကျုံးခက်က ဂေဟာရှေ့၌ ရပ်နေသည်ကိုမြင်လျှင် မနှစ်မြို့သော အကြည့်ဖြင့် ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စလဲ'

ဟု မေးလာလေသည်။

ကွမ်းကျုံးခက်—

'ကျုပ်နာမည် ကွမ်းကျုံးခက်လို့ ခေါ်ပါတယ်၊ အရေးကြီးတဲ့ကိစ္စ တစ်ခုကြောင့် ဂေဟာရှင် သိုင်းသမားလင်းနို့နဲ့ တွေ့ဖို့လာခဲ့တာပါ'

ဟု ရည်ရည်မွန်မွန် ပြောလိုက်၏။

ထိုလူက—

'အရှေ့ကြီးထယ်ဆို ၁ ဘာကိစ္စလဲ ပြောပါ'

ဟု သေသံမာမာ မေးလေသည်။

ထိုအခါ—

'ချီရဲ့ ညွှန်သည်ကို ခေါ်လာခဲ့ပါ'

အတွင်းဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရလေသည်။

အနက်ရောင် ဝတ်ထားသူ မကျေနပ်သလို ဖြစ်သွားပြီး—

'ကဲ….အထဲဝင်ပါ'

ဟု ကွမ်းကျုံးခက်ကို ဆောင့်ကြီး အောင့်ကြီး ဝင်ခိုင်းလေသည်။

'ကွမ်းကျုံးခက်က အမှုသားတဲ့ လင်းနို့ဂေဟာထဲသို့ ပါလာတယ်ဗျာ'

လှမ်းဝင်လိုက်၏။

သိုင်းသမား လင်းနို့နှင့် တွေ့ရဖို့ အဓိက မဟုတ်ပါလား

'ကျုပ်နောက်လိုက်ခဲ့'

အနက်ရောင် ဝတ်ထားသူက ဦးဆောင်ခေါ်သွားရာ ကွမ်းကျုံးခက်လည်း လိုက်ပါသွားရလေသည်။

ဂေဟာ၏ ညွှန်ခန်းသို့ရောက်လျှင် အဘိုးအိုတစ်ယောက် အသင့်စောင့်ကြိုနေသည်ကို တွေ့ရလေသည်။



ထိုအဘိုးအိုမှာ အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

အရိုးပေါ် အရေတင် ပိန်ချုံးနေသူ ဖြစ်သည်။

အထူးခြားဆုံးမှာ မျက်ဆန်အနက် လုံးဝမရှိဘဲ ဖြူဖွေးနေသော မျက်လုံးများ ဖြစ်လေသည်။

ထိုအဘိုးအိုမှာ တစ်ချိန်က သိုင်းလောကတစ်ခုလုံး ခေါင်းကိုက်ခဲ့ကြရသည့် သိုင်းသမား လင်းနို့(ဝါ)ချီထင်းဆိုသူ ဖြစ်လေတော့သည်။

ကွမ်းကျုံးခက်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ဆရာကြီး ချီထင်းကို ကျွန်တော် ကွမ်းကျုံးခက်က ဂါရဝ ပြုပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

လင်းနို့သိုင်းသမား(ဝါ)ချီထင်းသည် တစ်ချိန်က အနက်ရောင် သိုင်းသမားတစ်ယောက် ဖြစ်ခဲ့သော်သည်း ကွမ်းကျုံးခက်က လေးလေးစားစားပင် နှုတ်ဆက်လိုက်လေသည်။

ချီထင်းက—

'ကျုပ်ဟာ သိုင်းပညာတို့ စွန့်လွှတ်ခဲ့တာ နှစ်ပေါင်း တော်တော်ကြာပါပြီ၊ သိုင်းလောကမှာနေတုန်းကလဲ မကောင်း

မှုတွေကိုသာလုပ်ခဲ့မိတာပါ၊ ဒါကြောင့် ကျုပ်ကို ဆရာကြီးလိုမခေါ်ပါနဲ့လို့ တောင်းခံပါရစေကွယ်'

ဟု ပြောလေသည်။

ကွမ်းကျုံးခက် တွေဝေသွားသည်။

ချိုထင်းက ဆက်ပြော၏။

'ခင်ဗျာ သိုင်းလောကထိပ်သီးကျွန်ုပ်နဲ့ ညီရင်း အစ်ကိုလိုခင်မင်တဲ့ သမ္မာဓိလူသား ကွမ်းကျုံးခက် မဟုတ်လား'

ကွမ်းကျုံးခက် ပင့်သက်ရှိုက်လိုက်မိသည်။

ချိုထင်းသည် လင်းနို့သိုင်းသမားဟု အမည်ခံယူထား သည့်တိုင် မျက်စိနှင့်ကွင်းအလင်းမရသော မျက်မမြင်ဒုက္ခိတ တစ်ယောက်ဖြစ်သည်။

သို့ပါသော်လည်း သူ၏အကြားအာရုံမှာ အစွမ်းထက်လှပြီး တစ်ခါကြားဖူးသောအသံကို တစ်သက်လုံးမှတ်မိနေသူ ဖြစ်သည်။

အမှန်ပင် လင်းနို့တစ်ကောင်နှင့်တူသော လူစားမျိုးဖြစ် သည်။

ကွမ်းကျုံးခက် သက်ပြင်းချလိုက်ပြီး—

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ဟာ ကွမ်းကျုံးခက်ပါ'



ဟု ပြောလိုက်၏။

ချိုထင်းမှ....

'ကျွန်းဟိုကော မပါဘူးလားကွယ့်'

ကွမ်းကျုံးခက်က—

'အစ်ကိုကြီးဟာ သိုင်းလောကလအနားယူလိုက်တာဆယ် နှစ်ကျော်ခဲ့ပါပြီဗျာ'

'ဩော်'

ချိုထင်းအံ့ဩသွားပုံရလေသည်။

'ကျွန်းဟိုဟာ ဘယ်ငယ်ရွယ်ရွယ်နဲ့အနားယူလိုက်တာ အံ့ဩစရာပဲ၊ ဘာလိုလိုနဲ့ သူအနားယူသွားတာ ဆယ်နှစ်တောင် ကျော်သွားပြီကိုး'

'ဟုတ်ပါတယ်ခင်ဗျာ'

'အင်း... သူမရှိတော့ဘူးဆိုရင် အနက်ရောင်သိုင်းသမားတွေ ပျော်ကြမှာပေါ့လေ၊ နို့ မဟုတ်ရင် ကျွန်းဟိုဘယ်အချိန်ရောက် လာပြီး ဆုံးမတာကိုခံရမလဲလို့ ရင်တထိတ်ထိတ်နဲ့ နေနေရမှာ၊ ကျုပ်လဲ တစ်ချိန်တုန်းက အဲဒီလိုဖြစ်ခဲ့ဖူးတာပဲ'

ပြောရင်း ချိုထင်း၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ဖြစ် ပေါ်လာသည်။

စာစ်ဖန်....

'ကဲ - ကျုပ်ဆီကို ဘယ်လိုကိစ္စကြောင့် လာခဲ့ရသလဲဆိုတာ ပြောပါဦး'

ဟု မေးလေသည်။

ကွမ်းကျုံးခက်က-

'အခုတလော သိုင်းလောကမှာ လှုပ်ရှားလာတဲ့ လျှို့ဝှက်ဂိုဏ်းဟာ ဦးနဲ့ ပတ်သက်ခြင်း ရှိ မရှိ လာပြီးစုံစမ်းတာပါ'

သူက ပွင့်လင်းစွာပင် ပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါ-

'မင်း စကားကြည့်ပြောပါ'

ချီရီဆိုသည့် အနက်ရောင်ဝတ်ထားသူက မကျေမနပ် ဝ… ပြောလာ၏။

ချီထင်းက လက်ကာပြလိုက်သည်။

'ချီရီ အသာနေစမ်းပါ'

ချီရီသည် စေဒကတက်ရန် ဟန်ပြင်ပြီးမှ ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ချီထင်းက ကွမ်းကျုံးခက်ဘက်သို့ မျက်နှာမူရင်း-

'သိုင်းလောကမှာ လျှို့ဝှက်ဂိုဏ်းတစ်ရ ပေါ်ပေါက်လ… တယ် ဟုတ်သား၊ အင်း-စိတ်ဝင်စားစရာပဲ၊ ကျုပ်ဟာ …



လျှို့ဝှက်ဂိုဏ်းနဲ့ပတ်သက်နေတယ်လို့ မင်းယူဆတာမို့လို့ အံ့ဩစရာကောင်း ကောင်းသေးတယ်၊ ကျုပ်ဟာ ကျန်းဟိုကို အရေးနိမ့်ခဲ့ပေမယ့် ရန်ငြိုးမထားခဲ့ပါဘူး၊ ကျုပ်ထက် အပုံကြီးသာတဲ့လူမို့ ကျုပ်အနေနဲ့တော့ ကျေကျေနပ်နပ်ကြီးရှိခဲ့ပါတယ်၊ ကျုပ်ဟာ သိုင်းပညာကို အသုံးမပြုနိုင်တော့ဘူးဆိုတာ မင်းလဲ သိပါတယ်၊ ဘာကြောင့်များ ကျုပ်ဟာလျှို့ဝှက်ဂိုဏ်းနဲ့ပတ်သက်နေတယ်လို့ ထင်ရတာလဲ'

ဟု မေး၏။

ကွမ်းကျုံးခက်…

'မသင်္ကာကောင်းတဲ့အချက်တွေ ရှိနေလို့ပါ'

ဤတွင် ချီရီက....

'ဟော- မင်းလွန်လာပြီနော်၊ ကျုပ်တို့ဂေဟာထဲကိုလာပြီး စော်ကား ခော်ကားလုပ်တာကို လက်မခံနိုင်တော့ဘူး'

ဟု အော်ပြောလာ၏။

ချီထင်းက-

'ချီရီ-မင်း တော်တော်ခက်ပါလား၊ ဒီမှာ ဧည့်သည်နဲ့ စကားကောင်းကောင်းပြောလို့ မရတော့ပါလား၊ ကဲ-ကဲ- အတွင်းဘက်မှာ ဝင်နေလိုက်စမ်း'

ဟု ဝေါက်လိုက်ရာ ချီရီသည် မကျေမနပ်ဖြင့် အတွင်းဘက် ဝင်သွား၏။

ချိုထင်းက....

'သူက ကျုပ်တူလေ၊ သောကပေါ်မှာ ကျုပ်တို့တူဝရီးနှစ်ယောက်ပဲ ရှိကြတော့တယ်၊ လူသူကင်းဝေးတဲ့ တောထဲတောင်ထဲမှာ နှစ်ပေါင်းများစွာ အနေကြာလာတော့ လူမှုဆက်ဆံရေး ညံ့ဖျင်းသွားတယ်လို့ ပြောရတော့မှာပေါ့လေ၊ ကဲပါ ကျုပ်အပေါ်မှာ ဘာမျှမသက်သာစရာတွေဖြစ်နေတယ်ဆိုတာ ပြောပါဦး'

ကွမ်းကျုံးခက်က—

'အဖြစ်က ဒီလိုပါ'

တုရှောင်အင်းတော ယန်းဖုံးပါ လင်းနို့ဂေဟာသို့ လာရောက် အကဲခတ်ရင်း မမျှော်လင့်ဘဲ ရန်သူ၏ တိုက်တဆိတ် ချောင်းမြောင်း တိုက်ခိုက်ခြင်းခံရကာ ဒုက္ခရောက်ခဲ့ပုံကို ပြောပြလိုက်၏။

ချိုထင်းက—

'ထူးဆန်းလိုက်တာ၊ ဒါဆိုရင်တော့ တစ်စုံတစ်ယောက်က ကျုပ်ဒုက္ခရောက်အောင် တမင် အကောက်ကြံနေတယ်ဆိုတာ ထင်ရှားပြီပေါ့၊ ကျုပ်ဟာ အိုမင်းမစွမ်းဖြစ်နေပြီ၊ သိုင်းပညာလဲ ဖျက်ဆီးခံထားရတယ်ဆိုတော့'

ကွမ်းကျုံးခက်က—



'ဦးရဲ့တူ ချိုရီကကော'
ဟု ကြားဖြတ်မေးလိုက်၏။

ချိုထင်း ခေါင်းခါယမ်းလိုက်၏။

'သူက ပိုဆိုးတာပေါ့၊ သိုင်းပညာမှ လုံးဝမတတ်ဘဲ၊ တစ်ခါမှလဲ မသင်ဖူးဘူး'

ကွမ်းကျုံးခက် တွေဝေသွားသည်။

ချိုထင်းသည် အမှန်အတိုင်းပြောဆိုနေခြင်းဖြစ်မည်ဟု ယုံကြည်သွားခြင်း ဖြစ်ပေသည်။

ချိုထင်းက—

'ကျုပ်ဟာ ကျွန်းဟိုကိုကတိပေးခဲ့သလို သိုင်းလောကကို တယ်တော့မှ ဒုက္ခမပေးတော့ပါဘူး၊ သိုင်းလောကထဲလဲမဆင်းတော့ဘူး၊ သိုင်းပညာလဲ အသုံးပြုလို့ရတော့ဘူးမဟုတ်လား၊ ကျုပ်ဟာ ကတိမတည်တဲ့ လူတစ်ယောက်လို့ မောင်ရင်လေး ထင်နေသလားကွယ်'

ကွမ်းကျုံးခက် သက်ပြင်းချလိုက်သည်။

'ကျွန်တော် ဦးကိုယုံကြည်ပါတယ်၊ ဒါပေမယ့်—'

'ကျုပ်ရဲ့ အိမ်အနီးပတ်ဝန်းကျင်မှာ ဖြစ်သွားခဲ့တယ်ဆိုရင် ကျုပ်လဲ တာဝန်မကင်းတော့ဘူးပေါ့လေ၊ ဒီတော့ မောင်ရင်

လေး ကြိုက်သလိုစီရင်နိုင်ပါတယ်၊ ကျုပ် တစ်ခုပဲတောင်းပန်ပါရစေ၊ ကျုပ်ရဲ့တူ ချိုရီကိုတော့ အသက်ချမ်းသာပေးစေချင်ပါတယ်ကွယ်'

ကွမ်းကျုံးခက်က....

'မလိုပါဘူး၊ ခင်ဗျားဒီကိစ္စထဲမှာ ပါဝင်ပတ်သက်ခြင်းမရှိဘူးဆိုရင် ပြီးတာပါပဲ'

'စိတ်ချပါကွာ ကျုပ်အသက်ကြီးပါပြီ၊ သေရမယ့်အချိန်ကို အေးအေးချမ်းချမ်း စောင့်မျှော်နေတော့မှာပါ'

ချိုသင်းသည်သံသယဖြစ်ဖွယ်မရှိဟု ကွမ်းကျုံးခက်ဆုံးဖြတ်လိုက်သည်။

ချိုသင်း၏ အိမ်အနီးပတ်ဝန်းကျင်၌ တုရှောင်အင်းနှင့် ယန်းဖုံးတို့ခံခဲ့ရသည့်ကိစ္စကို နောက်ထပ်နည်းလမ်းတစ်ခု အသုံးပြုကာ စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

'ကဲ—ကျန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ'
ဟု ခွင့်တောင်းလိုက်လေသည်။

ချိုထင်းက....

'ကောင်းပါပြီကွယ်၊ ကျုပ်က မင်းကိုဘာအကူအညီမှပေးနိုင်တာကို ခွင့်လွှတ်ပါနော်'

'ရပါတယ်ခင်ဗျာ'



'ချိုရီ—ချိုရီ'

ချိုထင်းက အော်ခေါ်လိုက်လျှင် ချိုရီက အပြေးတစ်ပိုင်းထွက်လာသည်။

ချိုသင်းက....

'ဧည့်သည်ကို လိုက်ပို့လိုက်ပါ'
ဟု ပြောလိုက်၏။

ချိုရီက....
'ကျုပ်နောက် လိုက်ခဲ့ပါ'

ဟု ပြောပြီး ကွမ်းကျုံးခက်အား ခေါ်ဆောင်သွားလေသည်။

ကွမ်းကျုံးခက်လည်းလိုက်သွားရာ မကြာမီ လင်းနို့ဂေဟာအပြင်ဘက်သို့ ရောက်ရှိသွားတော့သည်။

✻

'ဂျိမ်း'

လင်းနို့ဂေဟာ၏တံခါး ပိတ်သွားပြီဖြစ်သည်။

ကွမ်းကျုံးခက်သည် လင်းနို့ဂေဟာအား ကျောခိုင်းကာထွက်လာခဲ့လေသည်။

လင်းနို့ဂေဟာနှင့် မလှမ်းမကမ်းသို့ ရောက်သွားသောအခါမှ သစ်ပင်တစ်ပင်နောက်သို့ လှစ်ခနဲဝင်ကာ ပုန်းအောင်းလိုက်သည်။

ထို့နောက်—

သစ်ပင်များကို အကာအကွယ်ယူကာ လင်းနို့ဂေဟာဆီသို့ ပြန်လည်ချဉ်းကပ်သွားသည်။

ချိုထင်းနှင့် ချိုရီတို့ တူဝရီးနှစ်ယောက်အကြောင်းကို တိတ်တဆိတ် ပြန်လည်စုံစမ်းရန်ဖြစ်သည်။

လင်းနို့ဂေဟာနှင့် မလှမ်းမကမ်းသို့ရောက်လျှင် ရှေ့ဆက်မသွားသေးဘဲ သစ်ပင်နောက်ကွယ်မှနေပြီး အကဲခတ်ကြည့်လိုက်၏။

ထိုစဉ်မှာပင်—

'ဟူး...'

နောက်ကျောဘက်မှ လေတိုးသံသဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကွမ်းကျုံးခက် ရင်ထိတ်သွားသည်။

ကဗျာကယာ နောက်သို့ကြည့်လိုက်လျှင် အနက်ရောင်ဝတ် မျက်နှာဖုံးစွပ်ထားသူတစ်ယောက်က တိုက်ခိုက်လာသည်ကို တွေ့မြင်လိုက်ရတော့သည်။

**



ကွမ်းကျုံးခက် ရင်ထိတ်သွားသည်။

သူက လင်းနို့ဂေဟာကို တိတ်တဆိတ် ချောင်းမြောင်းအကဲခတ်ဖို့ ကြံစည်နေစဉ်မှာပင် မျက်နှာဖုံးစွပ်ထားသူ တစ်ယောက်က ချောင်းမြောင်းတိုက်ခိုက်လာပြီ မဟုတ်ပါလား။

ကွမ်းကျုံးခက်သည် မြေပေါ် ခြေတစ်ချက် ဆောင့်ပြီး အပေါ်သို့ခုန်တက်ကာ ရှောင်တိမ်းလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ အပေါ်သို့ထိုးတက်သွားလေသည်။

ထိုဘွင်—

မျက်နှာဖုံးစွပ်၏လက်ဝါးရိုက်ချက်သည် သစ်ပင်ကို ထိမှန်သွားတော့သည်။

'ဖုတ်'

-သစ်ခေါက်များကွာကျလာပြီး သစ်ပင်ပေါ်တွင် လက်ဝါးရာထစ်ခု နက်ရှိုင်းစွာ ထင်ကျန်ရစ်ခဲ့သည်။

ထိုလူသည် ကွမ်းကျုံးခက်က အပေါ်ခုန်တတ်အာ ရှောင်တိမ်းသွားသည်ကိုတွေ့ရသည်နှင့် မြေပေါ်အားယူကာ အပေါ်သို့ ခုန်တက်ပြီး ဆက်လက်တိုက်ခိုက်သည်။

ကွမ်းကျုံးခက် သင်ကိုင်းတစ်ကိုင်းပေါ် သို့ ရောက်သွားချိန်မှာပင် ထိုလူလည်း ရိပ်ခနဲခုန်တက်လာပြီး လက်ဝါးချင်းရိုက်ချလိုက်ခြင်း ဖြစ်သည်။

ကွမ်းကျုံးခက်မှာ ပြန်လည်ခုခံဖို့အချိန်မရ အခြား သစ်ကိုင်းတစ်ခုဆီသို့ ခုန်ကူးကာ ရှောင်တိမ်းလိုက်ရသည်။

ထိုလူက....

'မင်း ပြေးလို့လွတ်မလား'

အက်ကွဲသောလေသံဖြင့် အစ်ဟုန်ထိုးလိုက်လာပြီး တိုက်ခိုက်သည်။

ကွမ်းကျုံးခက်က သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးကာ ရှောင်တိမ်းနေရ၏။



ထိုလူသည်လည်း ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်နေပါသည်။

သူ၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်လွန်းရကား...

'ဖျောင်း'

'ဝှီး...'

'ဂျွတ်'

သစ်ကိုင်းများ ကျိုးကျကုန်လေသည်။

သစ်ရွက်များသည်လည်း လိပ်ပြာကလေးများကဲ့သို့ ဝေ့ကာ ဝဲကာ မြေပေါ်ကြွေကျကုန်၏။

ကွမ်းကျုံးခက်သည် ရှောင်တိမ်းနေရုံမျှဖြင့် မလုံခြုံတော့မှန်း သဘောပေါက်လာသည်။

ထို့ကြောင့် တစ်ချိန်တွင် ရှေ့သို့ ခုန်ရှောင်ရန် ဟန်ပြုပြီး ချက်ချင်းနောက်လှည့်ကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

ထိုလူမှာ ကွမ်းကျုံးခက်က ဤသို့ တုံ့ပြန်လာနိုင်မည်ဟု ထင်မှတ်ပုံ မရချေ။

ကွမ်းကျုံးခက်၏ တုံ့ပြန်တိုက်ကွက် လျှပ်တစ်ပြက် ထွက်ပေါ်လာခလေသောအခါ ထိတ်လန့်သွားပြီး ကပျာကယာ နောက်ဆုတ် ရှောင်လိုက်၏။

သစ် င်းပေါ်၌ ဆက်နေလျှင်ခြေထောက်ကန်ချက်ထိသွား တော့မည်ဖြစ်ရာ အောက်သို့ ခုန်ဆင်းရှောင်တိမ်းလိုက်ရလေ တော့သည်။

ယခု—

ကွမ်းကျုံးခက်၏အလှည့် ဖြစ်သွားလေသည်။

'သတိသာ ထားပေတော့'

ညာသံပေးရင်း မြေပေါ်ခုန်ဆင်းလိုက်သည်။

မြေပေါ်သို့မရောက်မီ လေထဲမှာပင် ကျွမ်းပစ်ကာ ခြေ ထောက် နှစ်ဖက်ဖြင့် ကန်ကျောက်တိုက်ခိုက်လိုက်လေသည်။

ထိုလူမှာ မြေပေါ် ခြေချရုံရှိသေးသည် ကွမ်းကျုံးခက်၏ တိုက်ခိုက်မှုကို ခံလိုက်ရသဖြင့် ကပျာကယာ မြေပေါ်ကွချက လူးလှိမ့် ရှောင်တိမ်းလိုက်ရလေသည်။

ကွမ်းကျုံးခက်က အလွတ်မပေးဘဲ တရကြမ်း လိုက်လံတိုက် ခိုက်လေသည်။

ထိုလူမှာ မြေပေါ်လှိမ့်ကာ ရှောင်နေသော်လည်း အကြ အတည်း ကြုံတွေ့လာရသည်။

'ယား'

မခန်းသွင်းကာ တစ်ချက်အော်လိုက်ပြီး ဝုန်းခနဲ ခုန်ထလ သည်။



လက်ဝါးတစ်ဖက် ဆန့်ထုတ်ကာ ကွမ်းကျုံးခက်နှင့် ထိပ် တိုက် ရင်ဆိုင်လိုက်လေသည်။

သူတို့၏ လက်ဝါးချင်း ရိုက်ချမိလိုက်ကြသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ကွမ်းကျုံးခက်က မလှုပ်မယှက် ရပ်နေသော်လည်း ထိုလူ မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

ထို့နောက်....

'ဝေါ့'

ပါးစပ်ထဲမှသွေးများ အန်ထုတ်ကာ မြေပေါ် ဖုတ်ခနဲလဲ ကျသွားလေတော့သည်။

ကွမ်းကျုံးခက်က မားမားမတ်မတ် ရပ်နေ၏။

အနက်ရောင်ဝတ်ကာ မျက်နှာဖုံးစွပ်ထားသူမှာ မြေပေါ်၌ လဲကျနေသည်။

ထိုလူမှာ မည်သူဖြစ်ပါသနည်း။

လင်းနို့ဂေဟာရှင် ချိုထင်းလော။

သို့မဟုတ် ချိုထင်း၏တူ ချိုရိပ် ဖြစ်သလော။

ကွမ်းကျုံးခက်က ထိုလူအား မျက်တောင်မခတ် ကြည့်နေလိုက်၏။

ထပ်မံယှဉ်ပြိုင်တိုက်ခိုက်စရာ မလိုတော့မှန်း ကောင်းစွာ နားလည်ထားလေသည်။

တစ်ခဏအကြာတွင်...

'အင့်'

ထိုလူထံမှ ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာ၏။

ခန္ဓာကိုယ် လူးလွန့်လာပြီး မတ်တတ်ရပ်နိုင်ဖို့ အားယူလိုက်လေသည်။

ကွမ်းကျုံးခက်က...

'ခင်ဗျားရဲ့ မျက်နှာပေါ်က မျက်နှာဖုံးကို ချွတ်လိုက်ကောင်းပါပြီဗျာ'



ဟု ပြောလိုက်လေသည်။

ထိုလူက မျက်နှာဖုံးစွပ်အောက်မှ စူးရှတောက်ပနေသောမျက်လုံးအစုံဖြင့် ကွမ်းကျုံးခက်အား ကြည့်လာ၏။

သူတို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေလိုက်ကြပြီးမှ—

'မင်းဟာ ဆယ်နှစ်လုံးလုံး သိုင်းလောကကနေပျောက်ကွယ်နေတာ တိတ်တဆိတ် သိုင်းပညာလေ့ကျင့်နေခဲ့တာကိုး'

ဟု ပြောလာသည်။

ကွမ်းကျုံးခက် အံ့ဩသွားသည်။

ထိုလူသည် သူ၏အကြောင်းကိုသိနေသည်မဟုတ်ပါလော။

'ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်ကိုယ်တိုင်မျက်နှာဖုံးစွပ်ကိုခွာကြည့်ရတော့မယ်ထင်တယ်'

ဟု ပြောလိုက်၏။

ထိုလူက...

'မလိုပါဘူးကွာ'

ပြောချင်း မျက်နှာဖုံးတုကိုဆွဲခွာချလိုက်သည်။

ယခု...

သူ့အား တိတ်တဆိတ် လုပ်ကြံဖို့ကြိုးစားခဲ့သူ၏မျက်နှာကို ထင်ထင်ရှားရှား မြင်လိုက်ရပြီ ဖြစ်သည်။

ချိုထင်းလည်းမဟုတ်၊ ချိုရိလည်းမဟုတ်ပါ။

ထိုလူသည် အသက်ဝါးထယ်ခန့်ရှိသော အဘိုးအို တ
ယောက်ဖြစ်နေပါ၏။

ကွမ်းကျုံးခက် အံ့ဩသွားသည်။

သူက ထိုလူအား ကောင်းစွာ သိထားသည် မဟုတ်ပါ
လား။

'ခင်ဗျား...ခင်ဗျားဟာ စုကျောင်းမဟုတ်လား'

ထိုလူက...
'မင်းက ငါ့ကို မှတ်မိမယ်ဆိုတာ ငါသိပါတယ်၊ မင်းကို
ဘာကြောင့် လုပ်ကြံဖို့ ကြိုးစားရသလဲဆိုတာကိုတော့ မင်း
မမေးတော့ဘူး'

ကွမ်းကျုံးခ...ထဲ လေးလံသွားသည်။

စုကျောင်းမှာ ရွှေလက်ဝါးစုကျောင်းဟု သိုင်းလောက
တွင် ထင်ရှားကျော်ကြားနေသော အဖြူဆောင် သိုင်းသမား
တစ်ယောက်ဖြစ်သည်။

ကျန်းဟိုရှိစဉ်က ကျန်းဟိုထံသို့မကြာခဏလာရောက် လည်
ပတ်တတ်သူဖြစ်သည်။

ကျန်းဟိုက မိတ်ဆက်ပေးမှုကြောင့် သူတို့နှစ်ယောက်သ
ကျွမ်းခင်မင်ခဲ့ရသည်။



ကျန်းဟိုသည် စုကျောင်းကို ချီးမွမ်းလေ့ရှိ၏။

သိုင်းလောကအကျိုး အများအကျိုးကို စွမ်းစွမ်းတမံ
ထောင်ရွက်သည့် စုကျောင်းလိုလူစားမျိုး သိုင်းလောကတွ
များများ ပေါ်ထွက်လာလျှင် အကျိုးရှိမည်ဟု တဖွဖွပြော
ဖူးသည်။

ယခုတော့...

ကျန်းဟို အထင်ကြီးခဲ့သည့် စုကျောင်းမှာ အကောက်ကြံ
သူတစ်ယောက် ဖြစ်နေပြီတကား....။

ကွမ်းကျုံးခက် သက်ပြင်းချလိုက်ပြီး....

'မယုံနိုင်လောက်အောင်ပါပဲလား၊ ကျုပ်ကို ဘာဖြစ်လို့
လုပ်ကြံဖို့ ကြိုးစားရသလဲဆိုတာ ပြောစမ်းပါဦးဗျ'
ဟု မေးလိုက်၏။

စုကျောင်းက...

'မင်းကိုရှင်းပစ်လိုက်ရင် ကျန်းဟိုအသိုင်းလောကကိုပြန်ပြီး
ခြေချလာမှာမို့ပေါ့'

'ဘာဗျ'

'ငါက ကျန်းဟိုကိုတွေ့ချင်တယ်လေ'

ကွမ်းကျုံးခက် မကျေမနပ်ဖြစ်သွား၏။

'အဓိပ္ပာယ်မရှိလိုက်တာဗျာ၊ အစ်ကိုကြီးက သိုင်းလောကကို ကျောခိုင်းသွားပြီဆိုတာ အားလုံးသိကြတာပဲ၊ သူ ဘယ်တော့မှ ပြန်ပြီးချေချတော့မှာ မဟုတ်ဘူး'

စုကျောင်း ခေါင်းခါယမ်းလိုက်သည်။

'မင်းမှားပြီ၊ မင်းကိုယ်မင်း လျှော့တွက်နေတာကိုး'

ကွမ်းကျုံးခက်က...

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ'

စုကျောင်းက...

'ရှင်းပါတယ်၊ ကျွန်းဟိုက မင်းကို ညီလေးတစ်ယောက်လို ချစ်တယ်၊ ဒါကြောင့် မင်း ဒုက္ခရောက်သွားပြီဆိုတာနဲ့ မနေ လာတော့ဘဲ သိုင်းလောကကိုဆင်းလာလိမ့်မယ်ဆိုတာ လူတိုင်း တွက်ဆမိထားကြတာပဲ'

ကွမ်းကျုံးခက် ငိုင်သွားသည်။

ကျွန်းဟိုသည် သူ့အား ညီအရင်းပမာ ချစ်ခင်သည်မှာ မှန် ပေသည်။

သို့သော်....



သူ့အတွက်ကြောင့် ဆုံးဖြတ်ချက်ကိုပြင်ပြီးကာ သိုင်းလောက သို့ ပြန်ဆင်းလာဖို့ဆိုသည်မှာ မဖြစ်နိုင်ဟု ယူဆမိလေ၏။

စုကျောင်းက—

'မကြာခင် သိုင်းလောက ပထမတွဲထူးအတွက် သိုင်းလောကသားတွေအချင်းချင်း ယှဉ်ပြိုင်ကြတော့မယ်၊ ကျွန်းဟိုသာ ရောက်လာရင် ပွဲကြီးပွဲကောင်းပဲ၊ အားလုံးက ကျွန်းဟိုကို ဆုံးမအနိုင်ယူကြမယ်လို့ အားခဲထားကြတာ'

ကွမ်းကျုံးခက်က—

'အဲဒီလူတွေထဲမှာခင်ဗျားလဲပါဝင်နေတယ်ပေါ့ဟုတ်လား'

စုကျောင်းက—

'သိပ်မှန်တာပေါ့၊ ဒါကြောင့်လဲ ငါက မင်းကိုလိုက်ရှာနေတာ၊ ငါ့အတွေးက မှန်ခနတာပဲ၊ ယန်းဖုံးနဲ့ တုရှောင်အင်းကို ဒုက္ခပေးလိုက်ရင် မင်းပုန်းအောင်းနေတဲ့ နေရာက ထွက်လာလိမ့်မယ်၊ မင်းကိုဆုံးမလိုက်ရင် ကျွန်းဟို သိုင်းလောကထဲကို ပြန်ဆင်းလာလိမ့်မယ်'

ကွမ်းကျုံးခက်က....

'လက်စသတ်တော့ ယန်းဖုံးနဲ့ တုရှောင်အင်းကို ဒုက္ခပေးလိုက်တာ ခင်ဗျားကိုး'

'ဟုတ်တယ်၊ ဇောင်းနို့ဂေဟာပိုင်ရှင်ဟာ နာမည်ပျက် ရှိ ဖူးတော့ သိုင်းလောကမှာပေါ်ပေါက်လာတဲ့ လျှို့ဝှက်ဂိုဏ်း တာ လင်းနို့ဂေဟာပိုင်ရှင်နဲ့ ပတ်သက်နေတယ်လို့ ဝါသအင်း လှုင့်လိုက်တယ်၊ ဒါကို တုရှောင်အင်းက အကယ်မှတ်ပြီး ဒီ နေရာကို လာစုံစမ်းတယ်၊ ဝါ တီတီတဆိတ်ချောင်းမြောင်းပြီး ဒုက္ခပေးလိုက်တာပေါ့'

ကွမ်းကျုံးခက် ခံပြင်းသွား၏။

'ခင်ဗျား အောင်အောင်ယုကီမ်ာပါလား၊ ကျုပ်က ခင်ဗျား ကို အထင်ကြီးလေးစားမိခဲ့တာတွေ ခုမှ အလကားဖြစ်မှန်း သိလိုက်ရပြီ'

စုကျောင်းက မဲ့ပြုံးပြုံးလိုက်သည်။

'အပြောမကြီးစမ်းပါနဲ့၊ မင်းကို ကျန်းဟိုက နောက်ထပ် သိုင်းပညာတွေ သင်ပေးလိုက်လို့သာ ငါ့ကို ယှဉ်နိုင်တာပါ၊ မင်းဟာ အရင်အခြေအနေတိုင်းပဲဆိုရင် ငါ့ခြေဖျားကိုတောင် မီမှာမဟုတ်ပါဘူး'

မှန်ပေသည်။

ကွမ်းကျုံးခက်သည် ကျန်းဟိုပေးပစ်ခဲ့သော မိုးမြေလက် ဝါး သိုင်းကျမ်းကို လေ့ကျင့်အောင်မြောက်ခဲ့ခြင်းကြောင့်သာ အရင်စုကျောင်းကို ယှဉ်နိုင်ခဲ့ခြင်းဖြစ်၏။



ယခင် အခြေအနေအတိုင်းဆိုလျှင် စုကျောင်း၏လက်ချက် ကြောင့် ဒုက္ခရောက်ရမည်မှာ သေချာလှပါသည်။

ကွမ်းကျုံးခက် သက်ပြင်းချလိုက်ပြီး—

'ကဲ—ခင်ဗျားရဲ့ မကောင်းတဲ့လုပ်ရပ်တွေ ပေါ်ပေါက် သွားပြီဆိုတော့ ခင်ဗျား ဘာပြောချင်သေးလဲ'

ဟု မေးလိုက်၏။

စုကျောင်းက—

'ကျုပ်ကို သေရမှာကြောက်နေတယ် မှတ်နေလား'

စကားဆုံးလျှင် လက်တစ်ဖက်ကို အပေါ်မြှောက်လိုက်၏။

တစ်ဖန် လက်ဝါးပြင်၌ အားစိုက်ကာ သူ၏ဝယ်ထိပ်သို့ ပြန်လည်ရိုက်ချလိုက်သည်။

အရိုးများ အက်ကွဲသွားသောအသံ ခပ်အုပ်အုပ် ထွက် ပေါ်လာသည်။

စုကျောင်း၏ ဦးခေါင်းတစ်ခုလုံး သွေးခြင်းခြင်း နီရဲသွား လေသည်။

မြေပေါ် ခွေခနဲလဲကျသွားကာ အသက်ပျောက်သွား၏။

မကောင်းသဖြင့် ကြံစည်ခဲ့သော စုကျောင်းမှာ အမိုက် ဇာတ်သိမ်းသွားရှာပြီ ဖြစ်လေသည်။

## သိုင်းပြိုင်ပွဲ၏ဂယက်လှိုင်း

ကွမ်းကျူ့ခက်သည် တုရှောင်အင်း၏အိမ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

ယန်းဖုံးက သူ့အား အသင့်စောင့်ကြိုနေပါသည်။

'ယင်းနို့ဂေဟာကို မင်းရောက်သွားသေးသလား'

ဟုလည်း ဆီးကြို၍မေးသည်။

ကွမ်းကျူ့ခက် ခေါင်းညိတ်သည်။

'ရောက်ခဲ့ပြီးပါပြီ၊ ဒါပေမယ့် လျို့ဝှက်ဂိုဏ်းနဲ့ ဘယ် မပတ်သက်ကြပါဘူး'

ယန်းဖုံးက....

'မင်း သေချာရဲ့လား'



'သေချာပါတယ်'

ကွမ်းကျူ့ခက်သည် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်သည်။

ယန်းဖုံးက....

'ဒါဆို ယင်းနို့ဂေဟာရှင်ဟာ တို့ရဲ့ကိစ္စတွေနဲ့ ဘာမှမပတ်သက်ဘူးပေါ့ ဟုတ်လား'

သူက....

'ဟုတ်ပါတယ်၊ စုကျောင်းက တမင်လုပ်ကြံ အတင်းလွှင့်ထားတာကွ'

ယန်းဖုံး သက်ပြင်းချလိုက်လေသည်။

'တော်ပါသေးရဲ့ကွာ၊ မင်းရောက်သွားတာမြန်လို့ နို့မဟုတ်ရင် ငါတော့ဒုက္ခပဲ'

သူက....

'စုကျောင်းကို ဖော်ထုတ်နိုင်လိုက်တာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ မကောင်းမကျ ဖြစ်နေတာတွေ အများကြီးရှိသေးတယ်ကွ'

ယန်းဖုံးက

'ဆိုစမ်းပါဦးကွာ'

သူက....

'လျို့ဝှက်ဂိုဏ်းဟာ သိုင်းလောကမှာ ပေါ်ပေါက်လာပြီး အဖြူရောင် သိုင်းသမားတွေကိုမှ ရွေးပြီး ဒုက္ခပေးနေရတာ ကြောင့်လဲ သမားတော်ကြီးဝမ်ပါကကော ဘာကြောင့် ထွက် ပြေး ရှောင်တိမ်းသွားရသလဲ၊ သိုင်းလောကသားတွေဟာ တခြားကိစ္စတွေကို လျစ်လျူရှုပြီး သိုင်းလောက ပထမတွဲရဖို့ လုံးပမ်းနေကြတာ ဘာကြောင့်လဲ တခြား ဝါနားမလည်နိုင် တဲ့ကိစ္စတွေ အများကြီးရှိသေးတယ်ကွ'

ယန်းဖုံး ဆက်ကာပြလိုက်သည်။

'စပ္ပါနဲ့ သူငယ်ချင်းရာ၊ ဒီကိစ္စတွေအားလုံး တဖြည်းဖြည်း ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာ သေချာပါတယ်'

သူက—

'ဖြေရှင်းနိုင်မှလဲ ဖြစ်လိမ့်မယ်ကွ'

ယန်းဖုံးက ရယ်မောလိုက်သည်။

သူက လေပူမှုတ်ထုတ်လိုက်ပြီး....

'အစ်ကိုကြီးဟာ သိုင်းလောကကို ကျောခိုင်းသွားခဲ့တာ တောင်မှ အေးအေးမနေရပါလားကွာ၊ ဒါထက် မင်းကော ဘယ်လိုနေသေးသလဲ၊ သက်သာရဲ့လား'



ဟု မေးလိုက်သည်။

ယန်းဖုံးက—

'သက်သာပါတယ်၊ မင်းရဲ့ အသက်ကယ်ဆေးက တော်တော် အာနိသင်ရှိတာပဲ'

သူက....

'ဟုတ်တယ်၊ သုံးလေးရက်လောက်နေလိုက်ရင် လုံးဝသက် သာပျောက်ကင်းသွားလိမ့်မယ်'

ယန်းဖုံးက....

'မြန်မြန်သက်သာသွားမှလဲ ဖြစ်မှာပဲ၊ နို့မဟုတ်ရင် ပွဲကြီး ပွဲကောင်းတစ်ခုကို လက်လွှတ်သွားမှာ သေချာတယ်'

သူ မျက်မှောင်ကြုတ်ကာ—

'ပွဲကြီးပွဲကောင်း ဟုတ်လား'

ဟု မေးလိုက်လေသည်။

ယန်းဖုံးက—

'ဟုတ်တယ်လေ၊ နောက်နှစ်ရက်ကြာရင် လုရန်မြို့မှာ လော
ပွဲ သိုင်းသမား ယန်ကျားစိန်နဲ့ မီးဘီလူးမောက်ထင်းရိတို့
သိုင်းပညာ ယှဉ်ပြိုင်ကြတော့မယ်ကွ၊ ဝါက အဲ့ဒီ သတင်း

ကြောင့် ပွဲကြီးပွဲကောင်းကြည့်ဖို့ တုရှောင်အင်းကို လာခဲ့ကြတာ၊ ဒီရောက်တော့ တုရှောင်အင်း ပြဿနာပေါ်နေတာနဲ့ တိုးမိတာပဲ'

သူက—

'အင်း…လေပွေ သိုင်းသမားရေ၊ မီးတီလူးပါ ထိတ်ထိတ်ကြဲ သိုင်းသမားတွေပဲ၊ နေစမ်းပါဦး၊ သူတို့က ဘာကြောင့် များ ယှဉ်ပြိုင်ကြမှာလဲကွ'

ယန်းဖုံးက ပခုံးတွန့်လိုက်ပြီး…

'သိုင်းလောက ပထမတွဲအတွက်ပေါ့ကွာ'

ထိုစကားကြားလျှင် ကွမ်းကျုံးခက် စိတ်ပျက်သွားလေတော့သည်။

ယန်းဖုံးက…

'သိုင်းလောကသားတွေဟာ ပထမတွဲရယူနိုင်ဖို့ အရှုံးအမှုးဖြစ်ကုန်ကြပြီလေ၊ သိုင်းလောကမှာ ယှဉ်ပြိုင်ပွဲတွေ တိုက်ပွဲတွေ အဆောက်အဦ မသက်သာနိုင်အောင် ဖြစ်ပေါ်လာမှာ သေချာသလောက်ဖြစ်နေပြီ၊ အင်း…အစ်ကိုကြီး ကျွန်းဟိုသာ သိုင်းလောကထဲကို ပြန်ဆင်းလာရင် သိပ်ကောင်းမှာပဲ၊ ဒီအခြေအနေဆိုးက လွတ်အောင် ကယ်တင်နိုင်မှာ အစ်ကိုကြီး ကျွန်းဟို တစ်ယောက်တည်းပဲ ရှိတော့တယ်'



ဟု ပြောလျှင် သူက—

ဟု စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

ယန်းဖုံးက—

'ကဲ ငါတို့တစ်တွေ လျှို့ဝှက်ဂိုဏ်းအကြောင်းစုံစမ်းရင်း သိုင်းပြိုင်ပွဲကိုလဲ ကြည့်ရအောင် လုရန်မြို့ကို သွားကြရင် ကောင်းမလား'

ဟု မေးသည်။

'ကောင်းသားပဲ၊ သွားကြတာပေါ့'

ကွမ်းကျုံးခက်ကသည်း ချက်ချင်း သဘောတူလိုက်လေတော့သည်။

❀

လုရန်မြို့—

လုရန်မြို့သည် အလွန် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်သည်။

မင်းလမ်းမကြီးတစ်လျှောက်တွင် စားသောက်ဆိုင်၊ တည်းခိုခန်း၊ အရက်ဆိုင်၊ အာမခံဌာန၊ အထည်အလိပ် ရောင်းချသောဆိုင်၊ ဈေးဆိုင်စသည် စသည်ဖြင့် ဆိုင်ကနားများ အစီအရီရှိနေသလို ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသူများကလည်း ဥဒဟိုသွားလာလှုပ်ရှားနေကြလေသည်။

ယန်းဖုံးနှင့် ကွမ်းကျုံးခက်တို့သည် ထင်ရှားကျော်ကြားသော လုရန်မြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြပြီဖြစ်သည်။

နှစ်ယောက်သား မင်းလမ်းမကြီးအတိုင်း ဟိုဟိုဒီဒီ ငေးမောကြည့်ရှုကာ လျှောက်လာကြရင်း စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်လျှင်—

'တို့တစ်တွေ တစ်ခုခုစားသောက်ထားကြတာ ကောင်းလိမ့်မယ်၊

ယန်းဖုံးက ပြောလာသည်။

သူ သဘောတူလိုက်သည်။

'မင်းသဘော့ပဲ'



'ကဲ...လာ'

ယန်းဖုံးကပင် ဦးဆောင်ကာ အနီးရှိစားသောက်ဆိုင်တစ်ဆိုင်သို့လှမ်းဝင်လိုက်လေသည်။

သူတို့နှစ်ယောက် ကံကောင်းသွားကြပါသည်။

သူ တို့ဝင်လိုက်သောဆိုင်သည် လုရန်မြို့တွင် အကျော်ကြားဆုံးသော စားသောက်ဆိုင်ဖြစ်နေပါတော့သည်။

ဆိုင်ထဲ၌ စားသောက်နေကြသူများဖြင့် စည်ကားသိုက်မြိုက်နေသည်။

ဆိုင်လုလင်များက ကွမ်းကျုံးခက်တို့အား ဆိုင်ထောင့်ချောင်ကျကျနေရာဆီ စားပွဲသို့ ခေါ်သွားကြလေသည်။

ထိုစားပွဲနေရာကို အခြားသူများကမကြိုက်သဖြင့် လူလွတ်နေ၏။

ယန်းဖုံးနှင့်ကွမ်းကျုံးခက်တို့ကား မည်သို့မျှသဘောမထားကြချေ။

စားပွဲနှင့်ကပ်လျက် လမ်းပေါ်သို့တွေ့မြင်နေရသည့် ပြတင်းပေါက်ရှိသောနေရာ သဘောပင်ကျသွားကြသည်။

စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြလေသည်။

ကွမ်းကျုံးခက်သည် လူသူကင်းရှင်းကာ တိတ်ဆိတ်သော

အချုပ်ဒေသတွင် ဆယ်နှစ်လုံးလုံးနေထိုင်ခဲ့ခြင်းကြောင့် လူစည်ကားသော နေရာသို့ရောက်လာသောအခါ စိတ်ထဲကျဉ်းမြောင်း ဆလို ခံစားလာရသည်။

ထိုစဉ်—

'တုရှောင်အင်းသာ အသက်ရှင်နေဦးမယ် ဆိုရင် မင်း မြန်တွေ့ရလို့ ဘယ်လောက်ဝမ်းသာလိုက်မလဲ'

ယန်းဖုံးသည် တုရှောင်အင်းကိုသတိရစိတ်ဖြင့် ပြောသည်။

သူသည်၊ စိတ်မကောင်းဖြစ်သွားလေသည်။

ဆက်၍မစားဖြစ်တော့တဲ့ ပြတင်းပေါက်မှတစ်ဆင့် ဆို အပြင်ဘက်လမ်းပေါ်သို့ ကြည့်လိုက်မိ၏။

ထိုအခါ....

'ခွပ်....ခွပ်...ခွပ်'

မြင်း၏ခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီးသည် မင်းလမ်းမကြီးအတိုင်း မောင်းနှင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမြင်းလှည်းကိုမြင်လျှင် ကွမ်းကျုံးခက် အာရုံပြောင်းသွားပြီး—



'ဟင်....ကျောင်းမြို့စားကြီးရဲ့ မြင်းလှည်းပါလား'

ဟု လွှတ်ခနဲ ရေရွတ်မိလိုက်သည်။

'ဘယ်မှာလဲ...ဘယ်မှာလဲ'

ယန်းဖုံးကလည်း လှမ်းကြည့်လေသည်။

'ဟိုမှာပဲ'

ကွမ်းကျုံးခက်က ညွှန်ပြလိုက်၏။

ယန်းဖုံးသည် ကျောင်းမြို့စား၏မြင်းလှည်းကို တွေ့မြင်သွားလျှင် မကျေနပ်သည့်လေသံဖြင့်—

'ဒီအဘိုးကြီးက ဘာတွေများရှုပ်ဦးမလဲ မသိဘူး'

ဟု ပြောလေသည်။

ကွမ်းကျုံးခက် အံ့သြသွား၏။

ကျောင်းမြို့စားကြီးမှာ လူတိုင်း၏ကြည်ညိုလေးစားခြင်း ခံရသော အဖြူရောင်သိုင်းသမားကြီးတစ်ယောက်မဟုတ်ပါလား။

ယန်းဖုံးက အဘယ်ကြောင့် မနှစ်မြို့သည့်သဘော ဆောင်နေရပါသနည်း။

'ကျောင်းမြို့စားကြီးက ဘာဖြစ်လို့လဲကွ'

ဟု မေးလိုက်သည်။

ယန်းဖုံးက—

'ဘာဖြစ်ရမလဲ သိုင်းလောကတစ်ခုလုံး ဆူပွက်သွားအောင် သူကစပြီး ဖန်တီးခဲ့တာပေါ့ကွ'

ကွမ်းကျူးခက်က—

'အင်း—ငါလဲ သိုင်းလောကနဲ့ အဆက်ပြတ်နေတာကြာပြီ၊ ငါ့ကိုလဲ အကျိုးအကြောင်းပြောပြစမ်းပါဦးကွာ'

ယန်းဖုံးက....

'ရှင်းပါတယ်ကွာ၊ အစ်ကိုကြီးကျွန်းဟိုမရှိတော့တဲ့ နောက်ပိုင်းမှာ သိုင်းလောကဟာ အေးချမ်းသာယာနေခဲ့တာပါပဲ၊ အဖြူရောင်သိုင်းသမားတွေရော အနက်ရောင်သိုင်းလောကသားတွေရော အားလုံး အငြိမ်ကျနေခဲ့ကြတာပဲ၊ မှုခင်းကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်ခဲ့တာမဟုတ်ဘူး၊ အဲ—မကြာခင်ကမှ ကျင်းမြို့စားက သိုင်းလောကပထမဘွဲ့ကို အစ်ကိုကြီးကျွန်းဟိုက စွန့်လွှတ်သွားပြီဖြစ်လို့ သိုင်းလောကသဲက အတော်ဆုံး သိုင်းသမားတစ်ယောက်ကိုရွေးပြီး ပထမဘွဲ့ထူး အပ်နှင်းသင့်တယ်လို့ ထုတ်ဖော်ပြောဆိုရာက ပြဿနာတွေပေါ်ပေါက်လာတာပဲကွ'

ကွမ်းကျူးခက် ပြုံးလိုက်သည်။

'ဒီလိုပြောခဲ့တာနဲ့ပဲ ကျင်းမြို့စားကြီးကို အပြစ်တင်လို့မဖြစ်ပါဘူးကွာ၊ သိုင်းလောကသားဆိုတာ ကိုယ့်ပညာဟာ အတော်ဆုံး အဟောင်းဆုံးလို့ ထင်နေတတ်ကြတွေချည်းပဲမဟုတ်လား၊ တစ်နေ့နေ့မှာ သိုင်းလောကပထမဘွဲ့နဲ့ ပတ်သက်ပြီး ပြဿနာတွေ ပေါ်ပေါက်လာနိုင်တယ်ဆိုတာ ရိပ်မိလို့ ကြိုတင်ထုတ်ဖော်ပြောတာ ဖြစ်မှာပေါ့'



ယန်းဖုံးက—

'သူ ဘယ်လိုပဲပြောပြော ပထမဘွဲ့ထူးအတွက် သိုင်းလောကသားမှန်ရင် ဘယ်သူမဆို ယှဉ်ပြိုင်နိုင်တယ်လို့ လူသိရှင်ကြားကြေညာတာကို ငါ လုံးဝသဘောမကျဘူး၊ မင်း စဉ်းစားကြည့်ပေါ့၊ သိုင်းလောကသားတွေကိုပါ ယှဉ်ပြိုင်ခွင့်ပေးလိုက်တာပဲ မဟုတ်လား'

သူ မျက်မှောင်ကြုတ်သွားသည်။

'တကယ်တော့ အနက်ရောင်သိုင်းသမားတွေကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့တာပဲလား၊

သူ ဘဝင်မကျနိုင်အောင် ဖြစ်သွားတော့သည်။

'နေပါဦး၊ ကျင်းမြို့စားကြီးက သူ့သဘောနဲ့သူ ထင်ရာတွေ လျှောက်လုပ်နေတာလား၊ သိုင်းလောကသားတွေရဲ့ သဘောထားကိုရော ထည့်မတွက်တော့ဘူးလား'

ဟု မေးလိုက်သည်။

ယန်းဖုံးက—

'သူတစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိစ္စကို သူက အစပျိုးတာကွ၊ အစ်ကိုကြီးကျန်းဟိုဟာ သူ့ ဆီကနေပြီး သိုင်းလောကပထမတဲ့ လုယူသွားတာကို မကျေ မနပ်ဖြစ်နေတာပဲလို့ ငါထင်တယ်၊ ပထမဆုအတွက် သိုင်း လောကသားတွေကို လှုံ့ဆော်ပေးပြီး သူကိုယ်တိုင်ပြန်ပြီးရယူ ဖို့ ကြိုးစားလိမ့်မယ်လို့ ငါယုံကြည်တယ်'

သူက—

'နေပါဦး၊ သူတစ်ယောက်တည်းမဟုတ်ဘူးဆိုရင် အခြား ဘယ်သူတွေပါသေးသလဲ'

ဟု မေးလိုက်သည်။

ယန်းဖုံးက—

'သိုင်းလောကရဲ့ အဓိပတိကြီးတွေလို့ လူတိုင်းကသတ်မှတ် ထားတဲ့ လူထူးလူဆန်း ခုနစ်ယောက်လဲပါတယ်လေ၊ သူတို့ ကော ဘာထူးမှာလဲ၊ ပထမဆုရဖို့ တစ်သက်လုံးကြိုးစားနေကြ တာပဲ မဟုတ်လား၊ အစ်ကိုကြီးကျန်းဟိုလို အရည်အချင်း မမီလို့ သိုင်းလောကရဲ့ အမှတ်စဉ်နှစ်တို့ သုံးတို့ဆိုပြီး ကျေနပ် နေကြရတာ၊ အခွင့်အရေးရရင် အမှတ်တစ် ပထမဆုကိုရယူဖို့ ကြိုးစားကြမယ်ဆိုတာ ငြင်းစရာမရှိပါဘူး'



ကွမ်းကျူးခက် သက်ပြင်းချလိုက်၏။

'လက်စသတ်တော့ လူထူးလူဆန်း ခုနစ်ယောက်ဆိုတဲ့သိုင်း အဓိပတိကြီးတွေလဲ ပါတာကိုး၊ အားလုံးသဘောတူကြတယ် ဆိုရင် မဆိုးပါဘူးလေ'

ယန်းဖုံး ဒေါပွသွားလေသည်။

'ဘယ်သူပဲ သဘောတူတူ ငါကတော့ သဘောမတူနိုင်ဘူး၊ တယ်နှယ့် ပထမဆုအတွက် သိုင်းအရည်အချင်း ယှဉ်ပြိုင်ကြ မယ်လို့ ကြေညာပြီး မကြာခင်ပါဘူး၊ လျှို့ဝှက်ဂိုဏ်းဆိုတာ သိုင်းလောကမှာ ပေါ်ပေါက်လာတော့တာပဲ၊ သိုင်းပြိုင်ပွဲကို ဝင်မယ့် အဖြူရောင်သိုင်းသမားကြီးတွေ တစ်ယောက်ပြီးတစ် ယောက် အသတ်ခံကြရတော့တာပဲ'

ကွမ်းကျူးခက်က—

'ကျင်းမြို့စားကြီးကိုချည်းပဲ အပြစ်တင်မနေပါနဲ့၊ အနက် ရောင် သိုင်းသမားတွေရဲ့ လက်ချက်ပဲဖြစ်မှာပေါ့၊ သူတို့ပဲ ဒီအလုပ်မျိုးတွေ လုပ်တတ်ကြတာမဟုတ်လား'

ယန်းဖုံးက....

'အို.. ဘာပဲပြောပြော ပထမဆုအတွက် ယှဉ်ပြိုင်နေကြ တာကို ငါ လုံးဝလက်မခံနိုင်ဘူး၊ အစ်ကိုကြီးကျန်းဟို သေ

သွားသေးတာမှ မဟုတ်တာ၊ အစ်ကိုကြီးရှိပါလျက်နဲ့ ဂရု မစိုက်ဘဲ ကိုယ့်သဘောနဲ့ကိုယ်လုပ်နေကြတာ၊ ဘယ်သူကများ အစ်ကိုကြီးကိုမီလို့လဲ'

ယခုမှ ယန်းဖုံး၏သဘောထားကို ကွမ်းကျုံးခက် သဘော ပေါက်လိုက်လည်း။

ကျန်းဟို အသက်ထင်ရှားရှိနေလျှ အာလာပတ်လုံး ကျန်း ဟိုသည်သာလျှင် သိုင်းလောကပထမဆုနှင့် သက်ဆိုင်သည်ဟု ခံယူထားခြင်း မဟုတ်ပါလား။

ကျန်းဟိုသေဆုံးသွားပါက သူက ဘာမျှပြောမည်မဟုတ် ပါ။

ကျန်ဟိုရှိလျက် ပထမဆုအတွက် လူ ရွေးချယ်ခြင်းသည် ကျန်းဟိုအား အရေးမစိုက်ဘဲ ဘေးချိတ်ထားသည့်သဘော မျိုး ဖြစ်သည်ဟုခံယူကာ မကျေမနပ်ဖြစ်နေခြင်းဖြစ်သည်၊

ကွမ်းကျုံးခက် ပြုံးလိုက်သည်။

'အစ်ကိုကြီးဟာ ပထမဆုကို မက်မော တွယ်တာတဲ့လူ မဟုတ်ပါဘူး၊ မမက်မောလို့လဲ စွန့်ပြီး သိုင်းလောကကိုကျော် ခိုင်းခဲ့တာပေါ့၊ မက်မောတဲ့လူတွေ ဘယ်သူယူယူပေါ့'

ယန်းဖုံးက မဲ့ကာရွဲ့ကာဖြင့်—



'မင်း—တော်တော်သဘောကောင်းနေပါလား'

ဟု အပေါ်တူးလိုက်ရာ သူ မနေနိုင်တော့ဘဲ ရယ်မောလိုက်မိတော့၏။

ယန်းဖုံးက—

'ကျောင်း မြို့စားဟာ လောပွဲသိုင်းသခင်နဲ့ မီးဘီလူးတို့ရဲ့ ပြိုင်ပွဲကိုလာတာပဲဖြစ်တယ်၊ သူဟာ သိုင်းပြိုင်ပွဲကြီးကြပ်သူလုပ် နေတယ်လေ၊ သိုင်းလောကတစ်ခုလုံးဟာ သူ့စကားကို တစ် သဝေမတိမ်း နားထောင်ရမယ့် သူ့ရဲ့ လက်အောက်ငယ်သား တွေလို့များ ထင်နေသလားမသိဘူး'

ကွမ်းကျုံးခက်က—

'မသိရင် သိအောင်သွားမေးကြတာပေါ့'

'ဘာကွ'

'ကျောင်းမြို့စားကြီးဆီကို သွားကြမယ်လေ'

'မင်း—မင်း'

သူ ရယ်မောလိုက်ပြန်သည်။

'လာပါကွာ၊ ကျောင်း မြို့စားကြီးဆီကိုသွားပြီး နှုတ်ဆက် ရအောင်ပါ'

ယန်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'မင်းသွားချင်သွား၊ ငါတော့မလိုက်ဘူး'

'ဘာဖြစ်လို့လဲ'

'ငါက သူ့ကို တစ်စက်ကလေးမှ ကြည့်လို့မရအောင်ဖြစ်နေတာ မင်း သတိမပြုမိတော့ဘူးလား'

ကွမ်းကျုံးခက်က—

'ဒါကတော့ကွာ'

သူ၏စကားပဆုံးမီ ယန်းဖုံးက ကြားဖြတ်ပြောလိုက်၏။

မင်းလဲ သွားချင်တဲ့နေရာသွား၊ ငါလဲ သွားချင်တဲ့နေရာကို သွားမယ်၊ သိုင်းပြိုင်ပွဲမှာ ပြန်ဆုံကြတာပေါ့'

ထိုသို့ပြောပြီးဆည်နှင့် ထိုင်ရာမှ ဝုန်းခနဲထကာ ခပ်သွက်သွက် ထွက်သွားတော့သည်။

'ယန်းဖုံး... ယန်းဖုံး'

ကွမ်းကျုံးခက် ဟန့်တားသော်လည်း မရတော့ပါ။

ယန်းဖုံးသည် ဆိုင်အပြင်ဘက်ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်သွားသည်။

သူလည်း ဆက်ပြင်းခါခါချရင်း ကျန်ရစ်ခဲ့လေတော့သည်။

✱

## ကျင်းမြို့စား၏သဘောထား

လုရန်မြို့၏ တောင်ဘက်တွင် ခြံဝင်းကျယ်ကြီးတစ်ခုရှိသည်။ ထိုခြံဝင်းသည် 'ကောင်းလီ' ဆိုသူ ပိုင်ဆိုင်ထား၏။

ကောင်းလီသည် သိုင်းအဓိပတိ (၇)သိုင်းလောက၏လူထူးဆန်း ခုနစ်ယောက်တွင် ပါဝင်သူ ဖြစ်လေသည်။

ကျင်းမြို့စားသည် လုရန်မြို့သို့ ရောက်သောအခါ ကောင်းလီထံတွင် တည်းခိုခဲ့လေသည်။

✱

ကွမ်းကျုံးခက်သည် ကောဇီးလီ ပိုင်ဆိုင်သော ခရေပွင့်ခြံဝင်းသို့ ရောက်လာသောအခါ....

'ရပ်လိုက်'

အစောင့်အကြပ်များက ဟန့်တားလိုက်ကြလေသည်။

အစောင့်တို့၏ခေါင်းဆောင်ဖြစ်ဟန်ရှိသူ တစ်ယောက်သည် ရှေ့သို့လှမ်းထွက်လာသည်။

သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး—

'ခင်း ဘယ်သူလဲ၊ ဘာကိစ္စလဲပြောပါ'

ဟု ခက်ထန်ထန် မေးလာလေသည်။

သူ စိတ်ပျက်သွားတော့သည်။

ကောင်းလီ၏ အရှိန်အဝါဖြင့် အစောင့်အကြပ်များသည် စမာက်မာသည့်အသွင် ဆောင်နေကြသည် မဟုတ်ပါလား။

မည်သို့ဆိုစေ လာမိခဲ့ပြီ ဖြစ်ရကား။

'ကျုပ်နာမည် ကွမ်းကျုံးခက်လို့ ခေါ်ပါတယ်ဗျာ၊ ဆရာကြီး ကောင်းလီနဲ့ ကျင်းမြို့စားကြီးကို လာပြီးဂါရဝပြုတာပါ'

ဟု ပြောလိုက်သေသည်။



အစောင့်ခေါင်းဆောင်က—

'ဒါဖြင့် ခဏစောင့်ဦး'

ဟု ပြောကာ သူ၏လက်အောက်မှ အစောင့်တစ်ယောက်အား ကောင်းလီထံသို့ သွားရောက် သတင်းပို့ခိုင်းလေသည်။

ကွမ်းကျုံးခက် သည်းခံပြီး စောင့်ဆိုင်းနေလိုက်ရလေသည်။

မကြာပါချေ။

သတင်းသွားပို့သော အစောင့်မှ ပြန်လည်ရောက်ရှိလာပြီး—

'အိမ်ထိန်းကြီးက ဧည့်သည်ကို အထဲလွှတ်လိုက်ဖို့ မှာလိုက်ပါတယ်'

ဟု ပြောလေသည်။

ထိုအခါမှ အစောင့်ခေါင်းဆောင်က—

'မင်း ဝင်သွားနိုင်ပြီ'

လက်ဟော့ယမ်းပြကာ သူ့အား ဝင်ခွင့်ပြုလိုက်လေသည်။

'ကျေးဇူးပါပဲဗျာ'

သူက ကျေးဇူးတင်စကား ပြောကာ ခြံဝင်းအတွင်း သို့ ဝင်လာခဲ့လေသည်။

ခြံဝင်းအတွင်း၌ ကြီးမားခန့်ညားသော အဆောက်အအုံကြီးတစ်ခု ရှိနေပါသည်။

အဆောက်အအုံရှေ့၌ ခြံဝင်းအတွင်း၌ အညီးကောင်း၊ အစောင့်အကြပ်များ ပျားပန်းခပ်မျှ စောင့်ကြပ်နေသည်ကို တွေ့ရ၏။

အဖြူရောင် သိုင်းသမားကြီးများအား လျှို့ဝှက်ဂိုဏ်းအလုပ်ကြံနေခြင်းကြောင့် အန္တရာယ်ကို ကြိုတင်ကာကွယ်နေကြသည့်သဘော ဖြစ်ပုံရလေသည်။

အစောင့်တို့သည် သူ့အား မသင်္ကာသော အကြည့်ဖြင့် အကဲခတ် ကြည့်နေကြ၏။

'ငါလာခဲ့မိတာ မှားပြီထင်တယ်'

ဟု တွေးတောကာ စိတ်ဓာတ်ကျသွားလေသည်။

အဆောက်အအုံရှေ့သို့ ရောက်လျှင် မီးခိုးရောင်အင်္ကျီရှည် ဝတ်ထားသော အဘိုးအို တစ်ယောက်က ကြိုဆိုလာပါသည်။

'လာပါ မောင်ရင်၊ လာပါ'

အဘိုးအို တစ်ယောက်သာလျှင် ပျူပျူငှာငှာ ရှိသဖြင့် ကွမ်းကျုံးခက် ပင့်သက်ရှိုက်လိုက်မိသည်။



အဘိုးအိုနှင့်အတူ အဆောက်အအုံအတွင်းသို့ လိုက်ပါသွားလေသည်။

အဆောက်အအုံ၏ ဧည့်ခန်းသို့ရောက်လျှင် အဘိုးအိုက...

'ဒီမှာ ခဏထိုင်စောင့်နေပါကွယ်၊ ကျုပ်တို့ ခြံဝင်းပိုင်ရှင်နဲ့ ကျောင်းမြို့စားကြီးတို့ အရေးကြီးတဲ့ကိစ္စတစ်ခု တိုင်ပင်ဆွေးနွေးနေကြလို့ပါ'

ဟု ပြောကာ ရေနွေးကြမ်းနှင့် စားသောက်ဖွယ်ရာများ ချပေးကာ ဧည့်ခံသည်။

'ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် စောင့်နေပါ့မယ်'

ကွမ်းကျုံးခက်က အေးအေးဆေးဆေးပင် ထိုင်စောင့်နေလိုက်လေတော့သည်။

အိမ်ထိန်းကြီးဆိုသော အဘိုးအိုက အတွင်းဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

သူစိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေ[လို]က်ရသည်မှာ ထမင်းတစ်အိုးချက်ခန့် အ[ချိ]န်ကြာလေသည်။

စောင့်ရသည်ကို ပျင်းရိလာမိသည့်အချိန်မှာပင် ခြေသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး ဧည့်ခန်းအတွင်းသို့ လူသုံးယောက် လှမ်းဝင်လာကြသည်ကို တွေ့ရသည်။

အိမ်ထိန်းကြီး ကျောင်းမြို့စားကြီးနှင့် ခရေပွင့်ခြံဝင်းပိုင်ရှင် ကောင်းလီတို့ပင် ဖြစ်ပေတော့၏။

ကွမ်းကျုံးခက်သည် ထိုင်ရာမှကပျာကယာထကာ ဦးညွှတ် ဂါရဝပြုလိုက်သည်။

'ကျွန်တော်ကွမ်းကျုံးခက်က ဂါရဝပြုပါတယ်ခင်ဗျာ'

ကျောင်းမြို့စားကြီးသည် သူ့ကို ကောင်းစွာ မှတ်မိနေပါသည်။

ကွမ်းကျုံးခက် ဂါရဝပြုလာလျှင် အဓောကျစွာ ရယ်မောလိုက်သည်။

'ဟား - ဟား - ဟား မောင်ရင့်ကို မတွေ့ရတာတောင် အတော်ကြာသွားပြီနော်၊ ဘယ်နှယ့်လဲ မောင်ရင့်အစ်ကိုကြီး တော့ ပါမလာဘူးလား'

ဟု ပြောလေသည်။

ကွမ်းကျုံးခက်က —

'အစ်ကိုကြီးဟာ မြောက်ဘက်တောင်တန်းဒေသကို ပြန်သွားတာကြာပါပြီခင်ဗျာ၊ အစ်ကိုကြီးမရှိတော့တာနဲ့ ကျွန်တော်လဲ စိတ်ပြေအောင်ပျောက်ဆိုပြီး ခြေဦးတည့်ရာ လျှောက်



သွားနေလိုက်တာ သိုင်းလောကနဲ့ ဆယ်နှစ်လောက် အဆက်ပြတ်သွားခဲ့ပါတယ်'

ကျောင်းမြို့စားက —

'ဒါဖြင့် မင်းရဲ့ အစ်ကိုကြီးနဲ့အတူ လိုက်သွားတာမဟုတ်ဘူးပေါ့'

'မဟုတ်ပါဘူး ခင်ဗျာ'

'မသိပါဘူး၊ ကျုပ်တို့က မင်းပါ မြောက်ပိုင်းတောင်တန်းဒေသကို အပြီးအပိုင်လိုက်သွားတယ်လို့ ထင်နေကြတာ'

ထိုစဉ်....

ခရေပွင့်ခြံဝင်းပိုင်ရှင် ကောင်းလီက ကြားဝင်မေးမြန်းလေသည်။

'မြို့စားကြီး သူက ဘယ်သူလဲဗျ'

ကျောင်းမြို့စားကြီးက —

'ဖြစ်ရလေ မိတ်ဆွေကြီးရယ်၊ သူဟာ ကျွန်းတို့ရဲ့ ညီ တစ်ယောက်ဖြစ်နေတဲ့ကွမ်းကျုံးခက်ပေါ့၊ သံမဏိလူဆိုး ကွမ်း

ကျုံးခက်ဆိုတဲ့နံမည်ဟာ သိုင်းလောကမှာလျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားနေတာပဲဗျ'

ဟု ရယ်မောရင်းပြောလေသည်။

ကောင်းလီက—

'ဩော်— သံမဏိလူသား ကွမ်းကျုံးခက်ဆိုတာ သူလား၊ တကယ့် လူတော်လူကောင်းလေးတစ်ယောက်လို့ သတင်းကြီး နေတာကို ကျုပ်ကြားမိပါတယ်ဗျာ'

ဟု ခေါင်းတညိတ်ညိတ်ဖြင့် ပြောလေသည်။

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားသည်။

ကျင်းမြို့စားနှင့် ကောင်းလီတို့၏ ပြောပုံဆိုပုံကို သဘော မကျသလို ဖြစ်သွားလေသည်။

သူ့အား လှောင်ပြောင်လိုသည့်သဘော ရှိသည်ဟုလည်း ထင်မိလေသည်။

ကောင်းလီက ကွမ်းကျုံးခက်ကိုကြည့်ရင်း....

'အခုချိန်မှာ သိုင်းလောကပထမဘွဲ့အတွက် သိုင်းပြိုင်ပွဲ ကျင်းပတော့မယ်ဗျ၊ မင်းရဲ့အစ်ကိုကြီးဟာ အလျှင်တုန်း ပထမဘွဲ့ရခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ခုချိန်မှာတော့ အ



အနေတွေကပြောင်းနေပြီ၊ သိုင်းပညာထူးချွန်တဲ့သူတွေ အများ အပြား ပေါ်ပေါက်နေပြီ၊ ဒါကြောင့် သူဟာ တကယ်ပဲ ပထမဘွဲ့နဲ့ ထိုက်တန်တယ်ဆိုရင် သိုင်းလောကထဲဆင်းလာပြီး ပြိုင်ပွဲဝင်မှဖြစ်မယ်၊ ပြိုင်ပွဲမဝင်ဘူးဆိုလို့ကတော့ သူ့ကို ဘယ် သူကမှ အသိအမှတ်ပြုကြတော့မှာ မဟုတ်ဘူးကွ'

ဟု ပြောလေသည်။

ကွမ်းကျုံးခက်က—

'အစ်ကိုကြီးကလဲ ဘွဲ့ထူးဂုဏ်ထူးကိုမက်လို့ သိုင်းလောက ကို ကျောခိုင်းသွားတာပါဗျာ၊ ပထမဘွဲ့ဆိုတဲ့ ဂုဏ်ထူးဟာ အရေးမကြီးပါဘူး၊ တကယ်တော်ဖို့ အတော်ဖို့နဲ့ သိုင်းလောက အကျိုး၊ အများအကျိုးကို စိတ်ရောကိုယ်ပါ လုပ်ကိုင် ဆောင် ရွက်နိုင်တဲ့ သိုင်းသမားကောင်းတစ်ယောက်ဖြစ်ဖို့ လိုတယ်လို့ ယူထားပါတယ်ခင်ဗျာ'

သူ၏စကားကြောင့် ကျင်းမြို့စားနှင့် ကောင်းလီတို့ မျက် နှာ တည်သွားကြလေသည်။

အခန်းတွင်း၌ ရုတ်ခြည်းပင် အပ်ကျသံ ကြားရလောက် အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

သူတို့သည် သဘောထားချင်းမတိုက်ဆိုင်ကြမှန်း ထင်ရှား ပေါ်လွင်နေပါတော့သည်။

အဆောင်ကလေးကြာမှ ကောင်းလီက စကားစလာသည်။

'မင်းက ဘာကိစ္စနဲ့ ကျုပ်တို့ဆီကို လာခဲ့ရတာလဲဆိုတာ ပြောပါ'

ကွမ်းကျုံးခက်က ကျောင်းမြို့စားအားညွှန်ပြရင်း...

'မြို့စားကြီးဟာ ကျွန်တော့် အစ်ကိုကြီးနဲ့ ခင်မင်ရင်းနှီးသူ တစ်ယောက်ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်လာပြီး နှုတ်ဆက်တာပါဗျာ'

ဟု ရှင်းပြလိုက်သည်။

ကောင်းလီက...

'ဒါဖြင့် မင်းက ဗထာမတွဲအတွက် ယှဉ်ပြိုင်မှာမဟုတ်ဘူး ပေါ့'

'စိတ်ချပါခင်ဗျာ၊ ကျွန်တော် ယှဉ်ပြိုင်မှာမဟုတ်ပါဘူး'

ကောင်းလီသည် သူပါဝင်ယှဉ်ပြိုင်မည်ကို မသိသွားသည့် အတော ရှိသည်ဟု ကွမ်းကျုံးခက် ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့် ဖြတ်သားစွာပြောလိုက်ခြင်း ဖြစ်သည်။

ဤတွင်...

'မပြောတတ်ပါဘူးကွာ၊ မင်းဟာ ကျွန်းဟိုရဲ့ ညီလိုဖြစ်နေတဲ့ လူဆိုတော့ ကျွန်းဟိုဆီက ပညာတွေရထားပြီး ပထမတွဲ ရယူဖို့ ကြိုးစားမလို့လားသို့ပါ ဟဲ ဟဲ'



ကောင်းလီ ခနဲ့သလို ပြောလာပြန်တော့သည်။

ယခု...

အရာရာသည်ပြောင်းလဲသွားပြီဖြစ်ကြောင်း ကွမ်းကျုံးခက် ကောင်းကောင်းကြီး သဘောပေါက်သွားပြီ ဖြစ်ပါသည်။

လူရှိသေးရှင်ရှိသေး သိုင်းသမားကြီးများဟု ထင်ရှားသူများ သည်ပင် မိမိ၏အတ္တစိတ်ကို ရှေ့တန်းတင်နေကြပြီ မဟုတ်ပါ လား။

ကျောင်းမြို့စားက...

'ကဲ ကဲ...ထိုင်ပါဦးကွယ်၊ တို့တစ်တွေ အေးအေး ဆေး ဆေး စကားပြောကြဟာပေါ့'

ဟု ပြောကာ သူ့ကိုထိုင်ခိုင်းသလို သူကညီးထိုင်ခုံတစ်လုံး တွင် ထိုင်ချလိုက်သည်။

ကောင်းလီက...

'ကျုပ်ကိုတော့ ခွင့်ပြုဦးနော်၊ လေပွေသိုင်းသမားတို့ရဲ့ ပြိုင်ပွဲနဲ့ပတ်သက်ပြီး လိုအပ်တာလေးတွေ သွားပြီးစီစဉ်လိုက် ဦးမယ်'

ဟု ပြောကာ တည်းခိုခန်းထဲမှ ထွက်သွားတော့၏။

သူသည်လည်း စိတ်ပျက်နေပြီဖြစ်ရာ ထွက်သွားဖို့ စိတ်ကူ မိ၏။

သို့သော်—

ကောင်းလီသွက်သွားဆည့်အပြင် ကျောင်းမြို့စားနှင့် စကား ပြောဖို့ လိုသေး၍ ထိုင်ချလိုက်မိလေတော့သည်။

ကျောင်းမြို့စား၏မျက်နှာ တည်ကြည် အေးနက်နေပါသည် သူ့ကိုစိုက်ကြည့်ရင်း—

'ကျုပ်က ကျန်းဟိုကို အတော်ပဲသတိရမိတယ်'

ဟု ပြောလေသည်။

သူက—



'ဆစ်ကိုကြီးကတော့ သိုင်းလောကထဲကိုဆင်းလာစတော့မှာ မဟုတ်ပါဘူးခင်ဗျာ'

ကျောင်းမြို့စား ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တော့ မထင်ဘူး'

'ဗျာ—'

'တစ်နေ့ သူဟာ သိုင်းလောကထဲကို ပြန်ဆင်းလာလိမ့်မယ်လို့ ကျုပ်ယုံကြည်ထားတယ်'

သူ နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

ကျောင်းမြို့စားကြီးကို တအံ့တသြ ကြည့်လိုက်ပြီး—

'ဦးက ဘာကြောင့်များ ဒီလိုထင်မှတ်နေရတာလဲဗျာ'

ဟု မေးလိုက်၏။

ကျောင်းမြို့စားက—

'သိုင်းပညာကြောင့်ပေါ့'

ကွမ်းကျုံးခက် နားရှုပ်သွားသည်။

'ဦး ပြောတာကို ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်စား နိုင်လွှတ်ပါ ခင်ဗျာ'

ကျောင်းမြို့စား သက်ပြင်းချလိုက်သည်။

'မင်းရဲ့ အစ်ကိုကြီး ကျွန်းဟိုဘ ဘယ်လိုလူစားမျိုးလဲဆိုတာ မင်းသိသလား'

'ကျွန်တော်....'

ကွမ်းကျုံးခက် မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။

ကျောင်းမြို့စား၏ မေးခွန်းသည် လွယ်လွယ်လေးဟု ထင်ရသော်လည်း တကယ်တမ်း ပြေဆိုရန် ခက်ခဲနေပါတော့သည်။

ကျောင်းမြို့စားက...

'လောကပေါ်မှာ သူ့ရဲ့စိတ်ဓာတ်ကို နားလည်သဘော ပေါက်နိုင်တာ ကျုပ်တစ်ယောက်ပဲရှိတယ်လို့ ထင်တယ်'

ကွမ်းကျုံးခက်သည် မည်သို့ပြောရမှန်းမသိဘဲ ကျောင်းမြို့စားအား ငေးကြည့်နေမိတော့သည်။

ကျောင်းမြို့စားက...

'ကဲ... ကျုပ်ကတော့ ဘယ် လူစားမျိုးလဲဆိုတာ မင်းသိသလား'

ဟု မေးလာပြန်သည်။

ကွမ်းကျုံးခက်က...

'ကျွန်တော် သုံးသပ်ဖို့ မစံ့ပါဘူး ခင်ဗျာ'



ဟုသာ အလိုက်အထိုက် ပြောလိုက်ရလေသည်။

သူက ကျွန်းဟို၏ အကြောင်းကို သိသည်ဟု ထင်ရသော်လည်း အမှန်တကယ်မသိပါ။

ထို့အတူ...

ကျောင်းမြို့စား၏အကြောင်းကို သိသည်ထင်သော်လည်း သူ တကယ်မသိသေးဟု ယုံကြည်ထားလေသည်။

ကျောင်းမြို့စားက....

'လောကပေါ်မှာ ကျုပ်အကြောင်းကို နားလည်သဘော ပေါက်နိုင်တဲ့ လူတစ်ယောက်ပဲရှိတယ်၊ အဲ့ဒီလူ ဘယ်သူလဲဆိုတာကော မင်းသိသလား'

ဟု မေးလေသည်။

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် မသိပါဘူး ခင်ဗျာ'

ကျောင်းမြို့စားကြီးက...

'အေး...အဲ့ဒီလူက မင်းရဲ့ အစ်ကိုကြီး ကျွန်းဟိုပဲပေါ့'

ဟု ပြောလေသည်။

ကွမ်းကျုံးခက် ပါးစပ်ပိတ်သွားလိုက်၏။

ကျောင်းမြို့စားက ဆက်ပြောလေသည်။

'အဲဒါ ဘာကြောင့်လဲဆိုရင် သူကော ကျုပ်ပါ သိုင်းပညာဟာ ဘာလို့ ခံယူထားကြလို့ပဲပေါ့'

ထိုစကားသည် အဓိပ္ပာယ် လေးနက်လှကြောင်း ကွမ်းကျုံးခက် သဘောပေါက်မိလေသည်။

ကျောင်းမြို့စားက....

'သူက ဘာကြောင့် သိုင်းလောကကို ကျောခိုင်းသွားရသလဲ ဆိုတာ ကော မင်းတွေးမိသလား'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် မတွေးမိပါဘူး ခင်ဗျာ'

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

ကျောင်းမြို့စားက—

'သူ ဘာကြောင့် သိုင်းလောကကို ကျောခိုင်းသွားရသလဲ ဆိုတော့ သူ့ရဲ့သိုင်းပညာ 'ဟာကွက်' ရှိနေတယ်ဆိုတာကို ရိပ်မိသွားလို့ပဲ'

'ဗျာ'

ကွမ်းကျုံးခက် မျက်လုံးပြူးသွားလေသည်။



ကျောင်းမြို့စားကို မယုံကြည်နိုင်စွာ ကြည့်ရင်း...

'အစ်ကိုကြီးရဲ့ သိုင်းပညာမှာ ဟာကွက် ရှိနေတယ် ဟုတ်လား'

'ဟုတ်တယ်ကွယ့်'

'ဖြစ်နိုင်ပါ့မလား၊ ခင်ဗျား အစ်ကိုကြီးရဲ့ သိုင်းပညာဟာ ပထမဘွဲ့ကိုတောင် ရယူနိုင်ခဲ့တာပဲ မဟုတ်လား၊ ပြီးပြည့်စုံတဲ့ ပညာရပ်လို့ ပြောနိုင်ပါတယ်၊ ဟာကွက်ရှိရင် ဘယ်လိုလုပ်ပြီး အစွမ်းထက်နိုင်တော့မှာလဲဗျာ'

ကျောင်းမြို့စားက...

'အင်း....ကျုပ်စကားကို ဘယ်သူမှ ယုံကြည်ကြမှာ မဟုတ်ဘူးဆိုတာ ကျုပ်နားလည်ထားပါတယ်၊ ဒါပေမယ့် မင်းရဲ့ အစ်ကိုကြီးကတော့ လက်ခံမှာပါ'

ကွမ်းကျုံးခက်က—

'အစ်ကိုကြီးက လက်ခံနိုင်တယ်ဟုတ်လား'

'သူကိုယ်တိုင်လဲရိပ်မိတာကြောင့် သိုင်းလောကကို ကျောခိုင်းသွားတာပေါ့ကွာ'

ကွမ်းကျုံးခက် ငိုင်သွား၏။

ကျန်းဟိုသည် သိုင်းလောကမှ စွန့်ခွာသွားသည့်အကြောင်းကို ဘယ်တုန်းကမှ မပြောဘူးချေ။

သိုင်းလောကကိုစွန့်ခွာဖို့ဆုံးဖြတ်လိုက်သည်ကိုပင် ယန်းဖုံးတို့လာပြောမှ သူသိခဲ့ရခြင်းဖြစ်သည်။

ကျင်းမြို့စား၏စကားအတိုင်း ကျန်းဟို တတိမြောက်ထားသော မိုးမြေလက်ဝါး သိုင်းပညာရပ်တွင် ဟာကွက် ရှိနေကြောင်းစစ်ဆေးတွေ့ရှိ၍ သိုင်းလောကကို စွန့်ခွာသွားရန် ဆုံးဖြတ်ခဲ့ခြင်းပေလော။

ကျင်းမြို့စားက....

'သူနဲ့ကျုပ်ဟာ သိုင်းပညာကို အသက်လောက် ချစ်မြတ်နိုးကြတယ်၊ စိတ်ဝင်စားခဲ့ကြတယ်၊ သဘောစထားချင်းတိုက်ဆိုင်လို့လဲ မကြာခဏတွေ့ဆုံပြီး တိုင်ပင်ဆွေးနွေး ဖြစ်ခဲ့ကြတယ်၊ ဒါတွေကို မင်းသိမှာပါ'

ကွမ်းကျုံးခက် ခေါင်းညိတ် က်သည်။

'ဟုတ်...ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ'

ကျင်းမြို့စားက...

'တစ် နေ့မှာပေါ့၊ သူနဲ့ကျုပ်ယှဉ်ပြိုင်ခဲ့ကြတုန်းက ကျုပ်ကိုအနိုင်ယူသွားခဲ့တဲ့ သူ့ရဲ့မိုးမြေလက်ဝါး သိုင်းကွက်တွေနဲ့



ပတ်သက်ပြီး ဆွေးနွေးမိခဲ့ကြတယ်၊ ကျုပ်ရဲ့သိုင်းကွက်တွေကို ဖြန့်မွမ်းမံ ပြင်ဆင်ပြီး အသစ်တီထွင်ထားတဲ့ သိုင်းကွက်တွေအကြောင်း ပြောပြခဲ့တယ်၊ အဲဒီ သိုင်းကွက်တွေအရဆိုရင် ကျန်းဟိုရဲ့ မိုးမြေလက်ဝါးသိုင်းကွက်တွေကို ယှဉ်ပြိုင်လို့မယ်လေ၊ ကျုပ်က တိုက်ကွက်တွေကိုပြောပြတယ်၊ သူက တိုက်ကွက်တွေကို ပြောပြတဲ့အခါမှာ ကျုပ်က ခုခံချေဖျက်မယ့်သိုင်းကွက်တွေကိုပြောပြမယ်၊ ဒီလို ဆွေးနွေးရင်းနဲ့ အတိမထင် သူ့ရဲ့သိုင်းကွက်တစ်ခုတည်းမှာ ဟာကွက် ပေါ်နေတယ်ဆိုတာ သူရောကျုပ်ပါ ရိပ်မိလိုက်ကြတယ်၊ ဒါပေမယ့် ဘယ်လိုဟာကွက်လဲဆိုတော့ ကျုပ်တို့နှစ်ယောက် စလုံး သေချာပေါက်မပြောနိုင်ကြဘူး၊ ခန့်မှန်းမိရုံလောက်ပဲရှိကြတာ'

ကွမ်းကျုံးခက် ရင်ထဲ လေးလံလာလေသည်။

'ဟာကွက်တစ်ကွက်'

သိုင်းပညာတစ်ရပ်တွင် ဟာကွက်တစ်ကွက် ရှိနေပြီဆိုပါက အရေးအကြောင်းကြုံရပါလျှင် ထိုဟာကွက်ကြောင့်ပင် အရေးနိမ့်သွားတတ်သည် မဟုတ်ပါလား။

ကျန်းဟိုသည် သူ၏ဟာကွက်ကိုသတိပြုမိသွားခြင်းကြောင့် အချိန်မီ သိုင်းလောကကို ကျောခိုင်းထွက်ခွာသွားခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကျင်းမြို့စားက—

'သူဟာ အဲဒီဟာကွက်ကို ရှာဖွေတွေ့ရှိတဲ့အချိန်မှာ သိုင်းလောကကို ပြန်ဆင်းလာလိမ့်မယ်လို့ ကျုပ်ယုံကြည်ထားတယ်လေ'

ဟု ပြောလာသည်။

ကွမ်းကျူးခက်က...

'ဒါဆိုရင်တော့ အစ်ကိုကြီးဟာ အဲဒီဟာကွက်ကို မြန်မြန်ရှာဖွေတွေ့ရှိဖို့ ဆုတောင်းရတော့မှာပါပဲ'

ကျောင်းမြို့စား ပြုံးလိုက်သည်။

'ကျုပ်လဲ အဲဒီလိုပဲ ဆုတောင်းပါတယ်၊ ဘာကြောင့်လဲဆိုရင် သိုင်းလောက ပထမဆုကို အကယ် ထိုက်တန်တဲ့လူပဲ ရစေချင်တယ်လေ၊ ပြီးတော့ သိုင်းလောကမှာ လျှို့ဝှက်ဂိုဏ်းဆိုတာလဲ ပေါ်ပေါက်နေတယ် မဟုတ်လား'

ကွမ်းကျူးခက်က—

လျှို့ဝှက်ဂိုဏ်းအကြောင်းကိုဦးလဲသိထားတယ် ဟုတ်လား'

ကျောင်းမြို့စားက....

'သိုင်းလောကတစ်ခုလုံး သိထားကြတာပေါ့ကွာ၊ သူတို့ဟာ အဖြူရောင်သိုင်းသမားတွေကို လိုက်ပြီး လုပ်ကြံနေကြတယ်၊ အထူးသဖြင့် သိုင်းလောက ပထမဆုရယူမယ်ဆိုတဲ့ လူတွေကို အဓိကပစ်မှတ်ထားပြီး တိုက်ခိုက်နေကြတာပဲ'



ကွမ်းကျူးခက်က—

'သူတို့က ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ လျှို့ဝှက်ဂိုဏ်းရဲ့ ခေါင်းဆောင်ဟာ ဘယ်သူဘယ်ဝါလဲဆိုတာ ဦး သိပါလားခင်ဗျာ'

ကျောင်းမြို့စားက—

'လျှို့ဝှက်ဂိုဏ်းခေါင်းဆောင်ဘယ်သူဘယ်ဝါဆိုတာတော့ သူများတွေလိုပဲ ကျုပ်လဲမသိပါဘူး၊ ဒါပေမယ့် သူတို့ဟာ ပထမဆုရယူဖို့ ကြံစည်နေတဲ့ သိုင်းသမားတွေကို ဘာကြောင့် လုပ်ကြံနေရသလဲ ဆိုတာတော့ ရိပ်မိတန်သလောက် ရိပ်မိနေပါတယ်'

ကွမ်းကျူးခက်သည် လက်နှစ်ဖက်ကိုဆုပ်ကာ ဦးညွှတ်လိုက်ပြီး —

'ကျွန်တော့်ကို ပြောပြနိုင်ရင် ပြောပြပါလားခင်ဗျာ'

ဟု တောင်းပန်လိုက်သည်။

ကျောင်းမြို့စားက တည်ကြည်သောမျက်နှာထားဖြင့်—

'သူတို့ကိုယ်တိုင် သိုင်းလောကပထမဆုကို ရယူချင်လို့ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်တော့ ကျန်းဟို သိုင်းလောကထဲကို ပြန်ဆင်းလာစေချင်လို့ပဲ ဖြစ်ရလိမ့်မယ်'

ကွမ်းကျူးခက် မျက်နှာပျက်သွားသည်။

'ဒါဖြင့် လျှို့ဝှက်ဂိုဏ်းဟာ အစ်ကိုကြီးကျန်းဟို့ရဲ့ ရန်သူတွေပေါ့နော်'

'သိုင်းလောကတစ်ခုလုံးရဲ့ ရန်သူ တွေပါပဲကွယ်'

ကွမ်းကျုံးခက်က—

'သူတို့ဟာအစ်ကိုကြီးကိုဒုက္ခပေးဖို့ ကြိုးစားမယ်ဆိုရင်တော့ ကျွန်တော်က အသက်နဲ့လဲပြီး ရင်ဆိုင်ရမှာပဲ'

ဟု ပြတ်သားစွာပြောလိုက်သည်။

ကျောင်းမြို့စားက....

'မင်းရဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်ကွာ၊ ကျုပ် ခရီးပန်းလာလို့ အနားယူလိုက်ဦးမယ်၊ မင်းကော'

ကွမ်းကျုံးခက်က ဦးညွှတ်လိုက်သည်။

'ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ'

'ကောင်းပါပြီ'

ကွမ်းကျုံးခက်သည် ကျောင်းမြို့စားအား နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ခနရပွင့်ခြံဝင်းအပြင်ဘက်သို့ ရောက်သည်နှင့် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော အသံတစ်ခုကို ကြားလိုက်ရ၏။

ထိုအသံမှာ—

(ပထမပိုင်း ပြီး၏)

ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်

# တက္ကသိုလ် သီဟအောင်

---

## ဟာကွက်တစ်ကွက်

(ဒုတိယပိုင်း)